# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၉၈)


# လူငယ်ဖြစ်သည့်အချိန်တွင် လူငယ်များ၏တာဝန်ကို ထမ်းဆောင်သွားပြီးနောက် လူကြီးများ၏တာဝန်များကို ဆက်ပြီးထမ်းဆောင် သွားကြရမည်ဖြစ်ကြောင်း

## မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မူဝါဒရေးဆွဲရေး ဦးဆောင်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ လူငယ်ရေးရာမူဝါဒစာအုပ် လွှဲပြောင်းပေးအပ်စဉ်။** သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၅**

အနာဂတ်တွင် တိုင်းပြည်၏ အခန်းကဏ္ဍအားလုံး၌ လူငယ်များ၏ ဦးဆောင်မှုစွမ်းရည် မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော အရည်အသွေးပြည့်မီသည့် ပညာသင်ယူရေး အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် **မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်း** အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဒီနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို နှုတ်ခွန်းဆက်ပါတယ်၊ အထူးသဖြင့် ဒီအခမ်းအနားနဲ့ သက်ဆိုင်တဲ့ လူငယ်တွေကိုလည်း နှုတ်ခွန်းဆက်ပါတယ်၊ ကျွန်မတို့ဟာ လူငယ်တွေရဲ့ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးအလေးထားပြီး လုပ်ရတယ်ဆိုတာဟာ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့အနာဂတ်တည်ဆောက်ခြင်းပဲဖြစ်ပါတယ်၊ လူငယ်တွေဆိုတာ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ပါ၊


*စာမျက်နှာ ၄ ကော်လံ ၁* ✻





မြန်မာ့အလင်း

# မြန်မာနိုင်ငံဗဟိုဘဏ်၏ ပွင့်လင်းသောခြေလှမ်းများ

မြန်မာနိုင်ငံဗဟိုဘဏ်သည် တိုင်းပြည်၏စီးပွားရေးကို စီမံခန့်ခွဲရာ၌ အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည်မှာ အထူးတလည်ရှင်းပြရန် မလိုအပ်သော ကိစ္စရပ် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံဗဟိုဘဏ် ဥပဒေအရ ဒုတိယဥက္ကဋ္ဌ အပါအဝင် ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များကို ၂၀၁၇ ခုနှစ် ဇူလိုင်လ၌ လူပုဂ္ဂိုလ်ပြောင်းလဲခန့်ထားမှုများကို ပြုလုပ်ခဲ့ပါသည်။ ဤကဲ့သို့ ပြောင်းလဲခန့်ထားမှုများ ပြုလုပ်ပြီးနောက်ပိုင်း သတင်းမီဒီယာတို့က မြန်မာနိုင်ငံ ဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်ပုံများ ပိုမိုပွင့်လင်းလာသည်ဟု အသိအမှတ်ပြုတင်ပြလာခြင်းသည် တိုင်းပြည်၏ စီးပွားရေးအတွက် သတင်းကောင်းတစ်ရပ် ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်တို့က ဘဏ်များထံမှ ခွင့်ပြုချေးငွေပမာဏထက် ပိုမိုထုတ်ချေးထားသောချေးငွေ (စာရင်းပိုထုတ်ချေးငွေ) တို့ကို သုံးနှစ်အထိ တိုးမြှင့်ခွင့်ပြုသည်ဟူသော ညွှန်ကြားချက်ကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ကတည်းကပင် ရုံးတွင်းညွှန်ကြားချက်အဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါရုံးတွင်း ညွှန်ကြားချက်ကို သာမန်ပြည်သူလူထုက သိရှိခဲ့ခြင်းမရှိပါ။ သို့သော် မြန်မာနိုင်ငံဗဟိုဘဏ် ဘုတ်အဖွဲ့အတွင်း အပြောင်းအလဲများ ပြုလုပ်ပြီးနောက်ပိုင်းအထက်၌ တင်ပြထားသည့် ညွှန်ကြားချက်ကို ပြည်သူလူထုထံ နိုဝင်ဘာလတွင် ချပြခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်သူလူထုကြား ထိတွေ့ဆက်စပ်မှုကို ပိုမိုနွေးထွေးလာစေရန် စတင်ဆောင်ရွက်လိုက်ခြင်းဖြစ်ပါသည်။

ယခင်က စီးပွားရေးလုပ်ငန်းရှင်တို့သည် ဘဏ်တို့ထံမှ ချေးယူထားသော ချေးငွေတို့ကို တစ်နှစ်အတွင်း တိုးရင်း ပြန်ဆပ်ရသောကြောင့် လုပ်ငန်းရေရှည် လည်ပတ်နိုင်ရေး စီမံခန့်ခွဲရာ၌ များစွာ အခက်အခဲတွေ့ခဲ့ရပါသည်။ ယခုအခါ လုပ်ငန်းရှင်တို့သည် စာရင်းပိုထုတ်ချေးငွေတို့ကို သုံးနှစ်ကြာမှသာ ပြန်လည်ပေးဆပ်ရမည်ဖြစ်သောကြောင့် လုပ်ငန်းရေရှည်လည်ပတ်နိုင်ရေး စီမံခန့်ခွဲရာ၌ များစွာအသက်ရှူချောင်သွားမည် ဖြစ်ပါသည်။ စာရင်းပိုထုတ်ချေးငွေဆိုသည်မှာ ခွင့်ပြုထားသည့်ချေးငွေကို အပြည့်အဝ ထုတ်ယူပြီးနောက်ပိုင်း ပုံမှန်ပေးသွင်းရမည့် အတိုးငွေတို့ကို မပေးသွင်းနိုင်၍ ခွင့်ပြုချေးငွေ ပမာဏထက်ပိုမိုသွားခြင်း ဖြစ်ပါသည်။ ဤညွှန်ကြားချက်၏ လိုရင်းသဘောသည် ဘဏ်မှ ချေးယူထားသော ချေးငွေတို့၏ တိုးရင်းအား ပြန်လည်ပေးအပ်ရန် သုံးနှစ်အထိ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။ အပြုသဘောဆောင်သော ဤညွှန်ကြားချက်ကို ရုံးတွင်းညွှန်ကြားချက်အဆင့်မှ ပြည်သူလူထုသိရှိရန် ချပြခဲ့ခြင်းသည် ကြိုဆိုရမည့် ခြေလှမ်းသစ်တစ်ရပ် ဖြစ်ပါသည်။

နိုဝင်ဘာ ၃၀ ရက်၌လည်း မြန်မာနိုင်ငံဗဟိုဘဏ်က မိုဘိုင်းစနစ်သုံး ငွေကြေး လွှဲပြောင်းခြင်းဆိုင်ရာ ညွှန်ကြားချက်တစ်ရပ်ကို ပြည်သူလူထုထံ ချပြခဲ့ပါသည်။ အဆိုပါ မိုဘိုင်းစနစ်သုံးငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာ ညွှန်ကြားချက်၌ မိုဘိုင်းစနစ်သုံး ငွေကြေးလွှဲပြောင်းခြင်းကို အဆင့်သုံးဆင့်ခွဲခြား သတ်မှတ်၍ အဆင့် တစ်ခုချင်းအလိုက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းတို့ကိုပါ အတိအကျ ရှင်းလင်းဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မိုဘိုင်းစနစ်သုံး၍ ငွေကြေးလွှဲပြောင်းမှုပြုလုပ်မည်ဆိုပါက မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ရှင်းလင်းစွာ သိနားလည်နိုင်ပြီဖြစ်ပါသည်။ ထို့ကြောင့် ဗဟိုဘဏ်၏ နိုဝင်ဘာ ၃၀ ရက် ညွှန်ကြားချက်သည် ပြည်သူလူထုက မိုဘိုင်းစနစ်သုံး ငွေလွှဲခြင်းကို ပိုမိုအသုံးပြုနိုင်စွမ်းရှိလာစေရန် တွန်းအားပေးလိုက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ ဗဟိုဘဏ်၏ နမူနာအဖြစ် တင်ပြထားသော ဤညွှန်ကြားချက်နှစ်ရပ်ကို ကြည့်ရုံမျှဖြင့် မြန်မာနိုင်ငံဗဟိုဘဏ်၏ ပွင့်လင်းသောခြေလှမ်းတို့သည် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် မည်မျှအကျိုးရှိသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်( ၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတို့သို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

**ဆားဘီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားဗူစစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀) ပြည့်လွတ်လပ်ရေးနေ့အခါသမယတွင် ဆားဘီးယားသမ္မတနိုင်ငံ ပြည်သူ ပြည်သားများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပေးပို့အပ်ပါသည်။

နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအောင်လုပ်ဆောင်နေသည်ဟူသော ယုံကြည်မှုကို စွဲကိုင်လျက် ဆားဘီးယားသမ္မတနိုင်ငံနှင့်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်အချိန်ကာလတွင် ပိုမိုတိုးတက်ကောင်းမွန်လာလိမ့်မည်ဟု ယုံကြည်ထားပါကြောင်း၊အဆွေတော်၏ နိုင်ငံအတွင်းအခြေအနေအရပ်ရပ်တို့သည် မကြာမီတွင် တည်ငြိမ်လာလိမ့်မည်ဟု မျှော်လင့်ကြောင်းနှင့် အခြေအနေများတည်ငြိမ်လာမှုက မြန်မာနိုင်ငံပြည်သူများ၏ ပျော်ရွှင်မှုနှင့် အကျိုးစီးပွားအတွက် နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ဖန်တီးပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စ အာနာဘီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀) ပြည့်လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာနိုင်ငံအနေဖြင့် အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိပါစေကြောင်း ဆားဘီးယားသမ္မတနိုင်ငံ ပြည်သူ ပြည်သားများကိုယ်စား ဆုတောင်းမေတ္တာများ ပေးပို့အပ်ပါသည်။

ကောင်းမွန်ပြည့်စုံသည့် နိုင်ငံရေးအရဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို အခြေခံလျက် ကျွန်ုပ်တို့နှစ်နိုင်ငံ၏ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် လာမည့်နှစ်များတွင် ယခုထက်ပိုမိုတိုးပွားလာလိမ့်မည်ဟု ယုံကြည်လျက်ရှိနေပါသည်။ ဆားဘီးယားသမ္မတနိုင်ငံ၏အချုပ်အခြာအာဏာနှင့် နယ်နိမိတ်ဆိုင်ရာ ထောက်ခံမှုကို ပေးအပ်ခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့် အခြေအနေများသည် မကြာမီတည်ငြိမ်မှုရရှိလာပြီး မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ၏ နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် ကောင်းကျိုးစီးပွားများကို အားဖြည့်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ဆုမွန်ကောင်းများပေးပို့အပ်ပါသည်ဟူ၍ ဖော်ပြထားပါသည်။

**ကျူးဘားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးကက်စထရိုစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရုနိုရိုဒရီဂုစ်ပါရီလာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဝမ်းသာလှိုက်လှဲစွာဖြင့် ဆုမွန်ကောင်းများပေးပို့အပ်ပါသည်။ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအောင် ဆက်လက်လုပ်ဆောင်သွားနိုင်ရန် ဆန္ဒပြုဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြပါရှိပါသည်။

**ဗြိတိန်နိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဗြိတိန်နိုင်ငံဒုတိယမြောက်ဘုရင်မကြီး အဲလီဇဘက်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။ မြန်မာနိုင်ငံ ပြည်သူ ပြည်သားများ ပျော်ရွှင်ဝမ်းမြောက်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## လမ်းနှင့် တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တိုက်ကြီး ဇန်နဝါရီ ၅-** ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် သိန်း ၁၀၀၀ နှင့် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း၌ ဆောင်ရွက်နေသော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း၊ ဂဝံလမ်းနှင့် တံတားလုပ်ငန်းများကို တိုက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ တိုက်ကြီးမြို့နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေဖြင့် လုပ်ငန်းအမျိုးအစား ၂၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းအမျိုးအစား ၁၁ ခုတို့ကို ဆောင်ရွက်လျက်ရှိသည်။ **ထွန်းလှိုင် (မြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၅-၁-၂၀၁၈

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် | (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် | (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ . ၂ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ . ၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ . ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာ နိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ မြန်မာ့ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn၊ ကနေဒါနိုင်ငံ တိုရွန်တိုမြို့ မြန်မာ့ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Bryon Wilfert၊ တူရကီသမ္မတနိုင်ငံ အင်ကာရာမြို့ မြန်မာ့ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Ercan Aygun၊ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ဆောင်ပိုလိုမြို့ မြန်မာ့ဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Ricardo Cateb Cury၊ အီတလီသမ္မတနိုင်ငံ ဖလောရင့်မြို့ မြန်မာ့ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Filippo Bertani နှင့် ဂျပန်နိုင်ငံ နာဂိုယာမြို့မြန်မာ့ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Toshio Nishimura တို့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံ၊ ကနေဒါနိုင်ငံ၊ တူရကီသမ္မတနိုင်ငံ၊ ဘရာဇီးသမ္မတနိုင်ငံ၊ အီတလီသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ မြန်မာ့ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံ၊ ကနေဒါနိုင်ငံ၊ တူရကီသမ္မတနိုင်ငံ၊ ဘရာဇီးသမ္မတနိုင်ငံ၊ အီတလီသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ မြန်မာ့ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

## တောင်ငူတက္ကသိုလ်၌ ယာဉ်စည်းကမ်း အသိပညာပေးဟောပြော

**တောင်ငူ ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(တောင်ငူ)က ကျင်းပသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တောင်ငူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးအောင်တင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေးဟောပြောခဲ့သည်။ ယင်းနောက် ယာဉ်မောင်းစစ်ဆေး ရေးမှူး(၂)ဦးစောမင်းဆွေက ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာများကို ပရိုဂျက်တာဖြင့် ကျောင်းသား ကျောင်းသူများအား ပညာပေးပြသပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းအကြောင်းကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား ယာဉ်မောင်းလိုင်စင်များကို နေ့ချင်းပြီးဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ **သူရ (တောင်ငူ)**

## အများအားဖြင့် သာယာနေ

**နေပြည်တော် ဇန်နဝါရီ ၅** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး H.E. Mr. Andrew Patrick နှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Jong Ho Bom တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1)နှင့် (I-11) တို့၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

✻ *ရှေ့ဖုံးမှ*

ဒါပေမယ့် ကျွန်မ လူငယ်တွေကို အမြဲတမ်း သတိပေးရတယ်။ လူငယ်တွေဆိုတာ ထာဝရ ငယ်နေတာမဟုတ်ဘူး။ တစ်ချိန်တစ်ခါမှာ ကြီးသွားမှာပဲ။ တစ်နည်းအားဖြင့် ပြောရရင် ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ ဒါဟာ Process တစ်ခုပါ။

**လူငယ်အင်အားများလာရင် ကောင်း**

"လူငယ်တွေက လူငယ်ဖြစ်တဲ့အချိန်မှာ လူငယ်တွေရဲ့ တာဝန်တွေကို ထမ်းဆောင်သွားပြီး နောက်ပိုင်းကျရင် လူကြီးတွေရဲ့ တာဝန်တွေကို ဆက်ပြီး ထမ်းဆောင်သွားရမှာဖြစ်ပါတယ်။ လူကြီးလူငယ်ဆိုတာဟာ ရိုးရိုးရှင်းရှင်းနဲ့ သတ်မှတ်လိုက်ရင်တော့ အသက်ကို ကြည့်ပြီးတော့ သတ်မှတ်ပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ စုစုပေါင်း လူဦးရေရဲ့ ၃၅ ဒသမ ၅၈ ရာခိုင်နှုန်းဟာ အသက် ၁၅ နှစ်ကနေ ၃၅ နှစ်ကြားမှာ ရှိတယ်လို့ ပြောပါတယ်။ လူငယ်တွေဟာ ကျွန်မတို့ နိုင်ငံရဲ့ သုံးပုံတစ်ပုံ ကျော်တယ်ဆိုတဲ့ သဘောပါပဲ။ ဒီလို သုံးပုံတစ်ပုံ ကျော်တယ်ဆိုတာဟာ စီးပွားရေးအတွက်၊ နောင်ပညာရေးအတွက် ကောင်းတဲ့လက္ခဏာပါ။ လူငယ်အင်အားများလာရင် ကောင်းတာပေါ့။ ဒါပေမယ့် အားလုံးသိမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာဆိုရင် တဖြည်းဖြည်းနဲ့ လူငယ်အင်အားက ကျသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိသားစုတွေရဲ့ အရွယ်အစားက သေးသွားတယ်။

**လက်တွေ့မကျ**

"အများအားဖြင့် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ သားသမီး နှစ်ယောက်ထက်ယူလေ့ သိပ်မရှိဘူး။ ကျွန်မတို့နိုင်ငံမှာတောင်မှ ဒါ နှစ်ရာခိုင်နှုန်း မပြည့်တပြည့်လို့ ကျွန်မ နားလည်တယ်။ ကျွန်မတို့ နိုင်ငံက ဒီလောက်တောင်မှ ဖွံ့ဖြိုးတိုးတက်သေးတာ မဟုတ်ဘူး ဆိုပေမယ့်လည်း သားသမီးတွေနဲ့ ပတ်သက်ရင် သိပ်များတဲ့ မိသားစုဝင်တွေကို ထူထောင်တဲ့ အလေ့အထဟာ တဖြည်းဖြည်း ပျောက်လာပြီ။ ဒါလည်း သားသမီးတွေကို ပြုစုပျိုးထောင်ဖို့ဟာ အင်မတန်မှ အကုန်အကျများလို့ပဲ ဖြစ်ပါတယ်။ အကုန်အကျဆိုတာ ငွေရေးကြေးရေး အကုန်အကျသာ မကပါဘူး။ အင်အားစိုက်ထုတ်ရတဲ့ အကုန်အကျ၊ အချိန်ပေးရတဲ့ အကုန်အကျ၊ အခုခေတ်မှာဆိုရင် မိဘနှစ်ပါးလုံးက အလုပ်လုပ်တဲ့ အခါကျတော့ သားသမီးတွေ များများကို ကြည့်နိုင်ဖို့ဆိုတာ လက်တွေ့မကျပါဘူး။

"ဒါကြောင့်မို့ သားသမီးယူတဲ့နှုန်းဟာ ကျဆင်းလာတယ်။ ကျဆင်းလာတာနဲ့အမျှ နောင်ဆိုရင် အဲဒီနိုင်ငံမှာ လူငယ်တွေရဲ့ ရာခိုင်နှုန်းဟာ ကျလာမှာပဲဖြစ်ပါတယ်။ ဒီတော့ ရှိတဲ့လူများဟာ ကိုယ့်ရဲ့ အရည်အချင်းတွေကို အစွမ်းကုန်မြှင့်တင်ဖို့ဟာ ကျွန်မတို့နိုင်ငံအတွက် အများကြီးပဲ အရေးကြီးပါတယ်။ လူငယ်ရေးရာ မူဝါဒ မူကြမ်းကို လုပ်ငန်းစဉ်အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက် အတည်ပြုနိုင်ခဲ့ပြီ။ တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်စားပြု လူငယ်အဆင့်ဆင့်ရွေးချယ်တယ်။ လူငယ်များရဲ့ အကြံပြုချက်၊ ဆွေးနွေးချက်များကို ရယူနိုင်ခဲ့တယ်။ မူကြမ်းရေးဆွဲတဲ့ အဖွဲ့အစည်းအဝေး သုံးကြိမ်၊ လုပ်ငန်းကော်မတီအစည်းအဝေး နှစ်ကြိမ်၊ ဗဟိုကော်မတီအစည်းအဝေး တစ်ကြိမ်နဲ့ ကော်မတီ သုံးရပ် တွေ့ဆုံဆွေးနွေးပွဲ တစ်ကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါတယ်။ လူငယ်ရေးရာမူဝါဒ မူကြမ်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။

"ကျွန်မတို့ လူငယ်တွေအတွက် အရေးအကြီးဆုံးကတော့ ပညာရေးနဲ့ ကျန်းမာရေးဆိုတာ ထူးထူးထွေထွေ ပြောစရာမလိုပါဘူး။ နောက်အရေးကြီးတဲ့ ကိစ္စတစ်ခုကတော့ ကျွန်မတို့ လူငယ်တွေနဲ့ လူကြီးတွေကြား ဆက်ဆံမှုဟာ ချောမွေ့ဖို့၊ နောက်ပြီး အပြုသဘောဆောင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အခုဆိုရင် တစ်ကမ္ဘာလုံးက ဘယ်လိုသတ်မှတ်ထားသလဲဆိုတော့ မျိုးဆက်တစ်ဆက်နဲ့ တစ်ဆက်ဟာ မတူကြဘူး။ မတူကြတော့ သူတို့ပြောတာ Generation Gap ပေါ့။ မျိုးဆက်တွေကြားမှာ ကွာခြားမှုတွေဟာ ကြီးမားတယ်လို့ ပြောပါတယ်။ ဒါပေမယ့် တကယ်တော့လည်း ဒီလိုဖြစ်ဖို့တော့ မလိုပါဘူး။ အများအားဖြင့်တော့ တော်လှန်ရေးကာလတွေမှာဆိုရင် ဒီလို ကွာခြားမှုက ကြီးသွားပါတယ်။ တော်လှန်ရေးဆိုတာ နိုင်ငံရေးအရ တော်လှန်ရေးတင် ပြောတာမဟုတ်ပါဘူး။ နည်းပညာအရ တော်လှန်ရေး၊ လူမှုရေးအရ တော်လှန်ရေး၊ ဥပမာဆိုရင် ကျွန်မတို့ ကမ္ဘာကြီးရဲ့ သမိုင်းကို ပြန်ကြည့်ရင် စက်မှုတော်လှန်ရေး၊ နောက်ကို ပြန်ကြည့်လိုက်ရင် စိုက်ပျိုးရေးတော်လှန်ရေး၊ ရှေ့ကိုကြည့်လိုက်ရင် နိုင်ငံရေးအရ တော်လှန်ရေး၊ တော်လှန်ရေးတွေ အမျိုးမျိုးပါ။ တော်လှန်ရေးဆိုတာ စနစ်တစ်ခုကို မြန်မြန်ဆန်ဆန်နဲ့ တော်တော်လှုပ်လှုပ်ရှားရှားနည်းတွေနဲ့ ပြောင်းလိုက်တာကို တော်လှန်ရေးလို့ပဲ ယေဘုယျအားဖြင့် သတ်မှတ်ပါတယ်။ Evolution ကတော့ တော်လှန်ရေး မဟုတ်ဘဲနဲ့ တဖြည်းတဖြည်း ပြောင်းလဲတာတော့ တစ်ကမ္ဘာလုံးမှာ တစ်ချိန်လုံးရှိနေတာပဲ။

"ဒါပေမယ့် ဒီလိုတော်လှန်ရေးကာလတွေမှာဆိုရင် မျိုးဆက်သစ်တွေနဲ့ လူကြီးတွေအကြားမှာ ကွာဟမှုဟာ ပိုပြီးတော့ ကြီးသွားတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေရဲ့ အတွေးအခေါ်တွေဟာ ခေတ်တော်လှန်ရေး စိတ်ဓာတ်တွေနဲ့ ပိုပြီးတော့ကိုက်ညီပြီးတော့ လူကြီးတွေကတော့ အရင်တုန်းက အတွေးအခေါ်တွေကို လွယ်လွယ်ကူကူနဲ့ မစွန့်လွှတ်နိုင်တာကို မြင်နိုင်ပါတယ်။ ဒါပေမယ့် ဒါတွေဟာလည်း ညှိယူလို့ရတဲ့ကိစ္စပါ။ ဘာဖြစ်လို့လဲဆိုတော့ လူကြီးတွေဆီက လူငယ်တွေကလည်း အများကြီးသင်ယူနိုင်စရာ ရှိပါတယ်။ သိပ္ပံပညာရှင်တွေက ပြောထားတယ်။ ကျွန်မတို့လူသားတွေဟာ တခြားသတ္တဝါတွေထက် ပိုပြီးတော့ တိုးတက်မှုရှိနိုင်တဲ့ အကြောင်းတစ်ခုက ဘာလဲဆိုတော့ ကျွန်မတို့ဟာ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်ကို ဆက်ပြီးတော့ သင်ကြားပေးနိုင်တဲ့ အရည်အချင်း၊ လုပ်ရည်ကိုင်ရည်တွေ ရှိလို့ပဲ။ ဥပမာပြောရရင် တိရစ္ဆာန်လေးတွေဆိုရင် တိရစ္ဆာန်လေးတွေ မွေးလာပြီး ရှင်သန်ဖို့အတွက် တိရစ္ဆာန်မိဘတွေဟာ အားလုံးအစကနေစပြီး သင်ပေးရတယ်။ ဘယ်လိုပျံရမယ်၊ ဘယ်လိုနေရမယ်၊ ဘယ်လို အစာရှာရမယ်။ အဲဒီတော့ ဒီသတ္တဝါလေးတွေ တစ်သက်မှာ အခြေခံရှင်သန်နိုင်ရေး ပညာတွေပဲ ပေးနိုင်တယ်။ ကျွန်မတို့ လူသားတွေက ဒါနဲ့ကွာတယ်။ ကျွန်မတို့ လူသားတွေက နံပါတ်တစ် စကားပြောနိုင်တယ်။ စကားပြောလို့ရတဲ့ အတွက် တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးလို့ရတယ်။ ကိုယ့်ရှိတဲ့ ပညာတွေကို တခြားလူတွေကို ပေးလို့ရတယ်။ ညှိပြီးတော့ ဒီပညာတွေကို ပိုပြီးတော့ နက်နဲအောင် လုပ်လို့ရတယ်။

**ပြည့်ဝတဲ့လူသားတွေဖြစ်အောင်**

"နောက်တစ်ဆင့်ကတော့ စာရေးတာ၊ စာရေးလိုက်တော့ ပိုပြီးတော့ တောင်မှ ထားခဲ့လို့ရတယ်။ မျိုးဆက်တစ်ခုမှတစ်ခု မျိုးဆက်ပေါင်းများစွာ ကိုယ်တတ်ခဲ့တဲ့၊ သိခဲ့တဲ့ကိစ္စတွေကို နောင်မျိုးဆက်တွေကို ပို့ချနိုင်တဲ့ အနေအထားမှာ ရှိလာတယ်။ အဲဒီတော့ ကျွန်မတို့ မိဘများဟာဆိုရင် မွေးကတည်းကနေပြီး ကလေးလေးတွေကို ရှင်သန်နိုင်ဖို့၊ စားနိုင်ဖို့၊ သောက်နိုင်ဖို့၊ လမ်းလျှောက်နိုင်ဖို့၊ ထိုင်နိုင်ဖို့ ဒီလောက် သင်ပြရုံနဲ့ မပြီးတော့ဘူး။ အများကြီး ထပ်ပြီးတော့ သင်ပြနိုင်တာတွေရှိတယ်။ နောက်ပြီးတော့ မိဘတွေကိုယ်တိုင် လုံလုံလောက်လောက် မသင်ပြနိုင်လို့ ကျောင်းစနစ်ဆိုတာ ပေါ်လာတာပါ။ ကျောင်းတွေက ဒါပါပဲ။ မိဘတွေ မသင်ပြနိုင်တဲ့ ကိစ္စတွေကို ဖြည့်ဆည်းပေးဖို့၊ နောက်ပြောရမယ်ဆိုရင် မိဘတွေနဲ့ ကျောင်းတွေနဲ့ ပူးပေါင်းပြီးတော့ ကလေးတွေကို ပြည့်ဝတဲ့လူသားတွေဖြစ်အောင် လုပ်ပေးတဲ့သဘောပါပဲ။ ကျွန်မတို့ လူငယ်တွေ ပိုပြီးတော့တိုးတက်ဖို့ဆိုရင် ပညာရေး၊ ကျန်းမာရေးနဲ့ အားကစားကဏ္ဍမှာ ကျွန်မတို့အားပေးချင်ပါတယ်။ ပညာရေးဆိုတာကတော့ ထူးထူးထွေထွေ ပြောနေဖို့မလိုပါဘူး။ ကျန်းမာရေးကလည်း ပြောနေဖို့မလိုပါဘူး။ အားကစားနဲ့ပတ်သက်လို့ ကျွန်မ နည်းနည်းလေး ပြောချင်တယ်။ အားကစားဆိုတာ တချို့ကတော့ အားကစားနဲ့ ပတ်သက်ပြီးတော့ အထူးသဖြင့် ကျန်းမာရေးအတွက် လိုအပ်တယ်လို့ ထင်ပါတယ်။

**အရေးကြီးရင် သွေးစည်း**

"ကျွန်မကတော့ ပိုပြီးအရေးကြီးတာ စိတ်ဓာတ်ရေးရာပဲလို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အားကစားတော်တော်များများဟာ အစုအဖွဲ့နဲ့ပဲ လုပ်ရတာပါ။ ကျွန်မတို့နိုင်ငံရဲ့ အားနည်းချက်တစ်ခုက အစုအဖွဲ့နဲ့ အတူတူလုပ်တတ်တဲ့ အရည်အချင်းမရှိတဲ့ဟာပါပဲ။ ဒါကြောင့်မို့ ကျွန်မတို့ ပညာရေးစနစ်မှာ အစုအဖွဲ့နဲ့ အတူတူလုပ်တတ်ဖို့၊ လုပ်ဆောင်ဖို့ မသင်ပေးတာကြောင့် ကိုယ်တစ်ယောက်တည်း အမှတ်အများဆုံးရအောင် လုပ်တဲ့စနစ်ကနေပြီးတော့ ထွက်ပေါ်လာတဲ့ စိတ်ဓာတ်တွေဟာ ကျွန်မတို့နိုင်ငံရဲ့ ညီညွတ်ရေးအတွက်၊ စုပေါင်းလုပ်ဆောင်ရေး အတွက် အထောက်အကူမဖြစ်ပါဘူး။ ဒါပေမယ့်လည်း ဂုဏ်ယူပြီး ပြောရမယ်ဆိုရင် ကျွန်မတို့ ပညာရေးစနစ်က အားနည်းခဲ့တယ်ဆိုပေမယ့် ကျွန်မတို့ ပြည်သူတွေရဲ့ စုစည်းမှု စိတ်ဓာတ်က ကောင်းပါတယ်။ တကယ်အရေးကြီးရင် သွေးစည်းကြစို့ ဆိုတဲ့ စိတ်ဓာတ်ဟာ ကျွန်မတို့ ပြည်သူတွေထဲမှာ ရှိတယ်လို့ ယုံကြည်ပါတယ်။ ဘယ်လူ့အသိုင်းအဝိုင်းမှာမှ တစ်ရာရာခိုင်နှုန်း ညီညွတ်တယ်၊ တစ်သဘောတည်းရှိတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါ ကျွန်မတို့နိုင်ငံမှာ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ အရေးကြီးရင် သွေးစည်းတယ်ဆိုတဲ့ စိတ်ဓာတ်ဟာ အခုထက်ထိ ရှင်သန်နေတယ်ဆိုတော့ ပညာရေးရဲ့အားနည်းချက်တွေကို ကျော်လွှားနိုင်မယ်ဆိုတာ ကျွန်မတို့ လူငယ်တွေရဲ့ အလားအလာတွေလည်း အင်မတန်ကောင်းပါတယ်။ နိုင်ငံအတွက်လည်း အလားအလာတွေ အင်မတန်ကောင်းပါတယ်။ ဒီတော့ ကောင်းတဲ့အရည်အချင်းတွေကို ပိုပြီးတော့ အားသန်အောင် လုပ်စေချင်တယ်။ ဒီစိတ်ဓာတ်တွေကို ထိန်းသိမ်းထားစေချင်တယ်။ တစ်ချိန်တည်းမှာလည်း စုစည်းပြီးတော့ လုပ်နိုင်တဲ့အရည်အချင်းတွေကို လေ့ကျင့်ယူစေချင်တယ်။

"အဲဒီတော့ မိဘတွေကလည်း လုပ်ပေးရမယ်၊ ကျောင်းဆရာ ဆရာမတွေကလည်း လုပ်ပေးရမယ်။ မိဘတွေကလည်း အိမ်မှာတစ်ခါတည်း ဘယ်သူနဲ့ပြိုင်ဖို့ဆိုတာချည်းပဲ မသင်ဘဲနဲ့ ကိုယ့်ရဲ့ မိတ်ဆွေတွေ၊ ကိုယ်ရဲ့သူငယ်ချင်းတွေနဲ့ စုပေါင်းပြီး ညီညီညာညာ လုပ်ဆောင်ဖို့ကို သင်ပေးဖို့လိုပါတယ်။ အခု ကျွန်မ နားလည်တာက ကျွန်မတို့ မိဘတွေ တော်တော်များများက စာမေးပွဲနဲ့ ပတ်သက်ရင် ဘယ်သူက၊ ဘယ်တုန်းကဖြင့်၊ ဘယ်သူ့သားသမီးကဖြင့် အမှတ် ဘယ်လောက်ရတယ်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒစာအုပ်ကို ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ လူငယ်ရေးရာမူဝါဒစာအုပ် လွှဲပြောင်းပေးစဉ်။ သတင်းစဉ်


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ပြိုင်တဲ့ဘက်ကို တွန်းပေးနေတဲ့သဘောပါ။ ပြိုင်တာမကောင်းဘူးလို့ ပြောတာမဟုတ်ပါဘူး။ ဒါပေမယ့် ကောင်းတဲ့ပြိုင်ဆိုင်ခြင်းနဲ့ မကောင်းတဲ့ ပြိုင်ဆိုင်ခြင်းရှိတယ်။ ကောင်းတဲ့ ပြိုင်ဆိုင်ခြင်းဆိုတာ ကိုယ့်ရဲ့အရည်အချင်း တိုးတက်အောင်လုပ်ခြင်းအားဖြင့် တစ်ဖက်ကလည်း သူ့အရည်အချင်း တိုးတက်အောင်လုပ်တယ်ဆိုတော့ အားလုံးအတွက် နှစ်ဖက်စလုံးအတွက် အကျိုးအမြတ်ရှိပါတယ်။ မကောင်းတဲ့ ပြိုင်ဆိုင်ခြင်းဆိုတာကတော့ နောက်ဆုံးကျတော့ မနာလိုတဲ့စိတ်၊ သဝန်တိုတဲ့စိတ်၊ ညစ်ချင်တဲ့စိတ်ငါနိုင်ရင်ပြီးရော ဘယ်လိုညစ်ရညစ်ရ၊ ငါ့ဘက်က သာရင်ပြီးရော၊ ဘယ်လိုထိခိုက်ရထိခိုက်ရဆိုတော့ အဲလို စိတ်ဓာတ်ကတော့ မကောင်းပါဘူး။ ဒါ့ကြောင့် ကျွန်မတို့က အားကစားကို အားပေးတယ်ဆိုတာဟာ အားကစားလုပ်ခြင်းအားဖြင့် မှန်ကန်တဲ့ ယှဉ်ပြိုင်တဲ့ စိတ်ဓာတ်တွေ၊ ကောင်းမွန်တဲ့ အစုအဖွဲ့စိတ်ဓာတ်တွေကို အားပေးချင်လို့ ဖြစ်ပါတယ်။

**မှန်ကန်တဲ့စိတ်ဓာတ်လို**

"ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် အခုခေတ်မှာတော့ အသုံးအနှုန်းက ခေတ်မစားတော့ဘူး၊ နောင်ပြန်ပြီး ခေတ်စားမလားတော့မသိဘူး။ အားကစားသမားများရဲ့ စိတ်ဓာတ် Sports Principle၊ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ဥပမာ ရှုံးလို့ ငိုတာတို့ ဘာတို့ဆိုရင် အားကစားသမားရဲ့ စိတ်ဓာတ်မရှိဘူးဆိုပြီး ဝေဖန်ခံရတယ်။ တချို့တွေက လိုက်တမ်း ပြေးတမ်း ကစားရင်တောင် တစ်ချိန်လုံးပဲ လိုက်နေရတယ်။ ပျင်းလာရော၊ ပျင်းလာတဲ့ အခါကျတော့ စိတ်ကောက်တာတို့၊ စိတ်ဆိုးတာတို့၊ မကစားဘူးလို့ ပြောတာတို့ လုပ်ခဲ့တယ်။ ငယ်ငယ်ကတည်းက မိဘတွေက သင်တယ်၊ အဲဒါ အားကစားစိတ်ဓာတ် မရှိတာပဲ၊ ကိုယ်က မဖမ်းနိုင်လို့ လိုက်နေရတယ်။ ဆက်ပြီးတော့ ကြိုးစားရမယ်။ မိအောင်လို့ ကြိုးစားရမယ်။ အဲဒီ အားကစားသမား စိတ်ဓာတ်ရှိရမယ်ဆိုပြီးတော့ အမြဲတမ်း သင်ပေးလေ့ရှိတယ်၊ ကျွန်မတို့ ကျောင်းတွေမှာ ဒီလိုသင်ပေးတာ မကြားတော့ဘူး။ အားကစားသမား စိတ်ဓာတ်ဆိုတာလည်း သိပ်မကြားရတော့ဘူး။ ဒီဟာတွေ ပြန်ပြီးတော့ ရှင်သန်အောင်၊ ဒီအတွေးအခေါ်တွေ ပြန်ပြီးတော့ ရှင်သန်အောင်လို့ လုပ်ချင်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ဟာ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ပတ်သက်လို့ အလုပ်အကိုင်အခွင့်အလမ်းဆိုတာလည်း ပညာရေးနဲ့ ဆက်စပ်နေပါတယ်။ စိတ်ဓာတ်နဲ့ ဆက်စပ်နေပါတယ်။ လိုအပ်တဲ့ ပညာအရည်အချင်းတွေရှိမှပဲ အလုပ်ရနိုင်မှာပါ။ အလုပ်ထဲမှာ အောင်မြင်ဖို့ဆိုတာလည်း မှန်ကန်တဲ့ စိတ်ဓာတ်လိုပါတယ်။ အခု ကျွန်မတို့နိုင်ငံမှာဆိုရင် အသက်မွေးဝမ်းကျောင်းပညာကို အားပေးနေပါတယ်။

**စိတ်အားထက်သန်စေချင်**

"အသက်မွေးဝမ်းကျောင်းပညာကို အားပေးတယ်ဆိုတာဟာ ကျွန်မတို့နိုင်ငံရဲ့ တိုးတက်ရေးအတွက်ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ လူငယ်တွေရော၊ လူငယ်တွေရဲ့ မိဘတွေရောဟာ စိတ်ထားမှန်မှန်ကန်ကန် ထားတတ်စေချင်လို့လည်းဖြစ်တယ်။ ဥပမာပြောရမယ်ဆိုရင် ပညာသင်တယ်ဆိုတာဟာ ဂုဏ်အတွက်ပဲသင်တာ မဟုတ်ဘူး။ ပိုက်ဆံအတွက်ပဲ သင်တာမဟုတ်ဘူး။ စောစောက ကျွန်မပြောခဲ့သလို လူသားများဟာ ခေတ်တစ်ဆက်နဲ့တစ်ဆက် ပို့ချပေးနိုင်အောင်လို့၊ ကောင်းတဲ့ အမွေတွေ၊ ပညာအမွေတွေ ထားပစ်ခဲ့နိုင်အောင်လို့




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

အဲဒါကြောင့်ပဲ ပညာသင်ရတာ ဖြစ်ပါတယ်။ ကျွန်မတို့ သင်ယူတဲ့ ပညာတွေဟာ ကျွန်မတို့ ကမ္ဘာကြီးအတွက်၊ လူသားတွေအတွက် တန်ဖိုးရှိရမယ်။ ဘွဲ့ရရုံနဲ့ ဘွဲ့ရတယ်ဆိုတဲ့ ဂုဏ်လေးရှိသွားရုံနဲ့ လူသားတွေအတွက် တန်ဖိုးရှိသွားတာ မဟုတ်ပါဘူး။ အသက်မွေးဝမ်းကျောင်းပညာဆိုတာ ကိုယ့်နေတဲ့ နိုင်ငံ၊ အချိန်ကာလအတွင်းမှာ အကျိုးပြုနိုင်တဲ့ ပညာရပ်တွေကို ဆိုလိုတာပါ။ ဒါကြောင့်မို့လို ကျွန်မတို့ လူငယ်တွေဟာ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ယူဖို့ စိတ်အားထက်သန်စေချင်ပါတယ်။

**ကိုယ့်ကိုယ်ကိုယ် သတိပြုဖို့လို**

"အသက်မွေးဝမ်းကျောင်း ပညာသင်ယူထားတာဟာ တက္ကသိုလ်ကဘွဲ့လောက်တန်ဖိုးမရှိဘူးဆိုတဲ့ စိတ်ဓာတ်ကို လုံးလုံးမထားပါနဲ့။ ကျွန်မ ခဏခဏသတိပေးပါတယ်။ ကမ္ဘာပေါ်မှာ အတိုးတက်ဆုံး၊ အချမ်းသာဆုံးဖြစ်တဲ့ နိုင်ငံတချို့ဆိုရင် အသက်မွေးဝမ်းကျောင်းပညာဘက်က အင်မတန်မှ အားသန်ပါတယ်။ တက္ကသိုလ်ပညာနဲ့ ယှဉ်ရုံတင်မကဘူး။ တချို့ဆိုရင် တက္ကသိုလ်ပညာထက်တောင် သာနေတာကို တွေ့ရပါတယ်။ လက်တွေ့ကျကျ တန်ဖိုးထားတတ်တဲ့ စိတ်ဓာတ်ပါပဲ။ ဂုဏ်ပကာသနကို ကြည့်တာမဟုတ်ဘဲနဲ့ တကယ့် စစ်မှန်တဲ့ တန်ဖိုးကို အလေးထားတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အသက်မွေးဝမ်းကျောင်း ပညာဘက်ကို သွားဖို့ လူငယ်တွေကို ကျွန်မတိုက်တွန်းချင်ပါတယ်။ ဒါကတော့ အပေါင်းလက္ခဏာ ဆောင်တာပါ။ အနုတ်လက္ခဏာဆောင်တဲ့ကိစ္စတွေ ရှောင်ကြဉ်ရတဲ့အထဲမှာ စိတ်ဓာတ်ဘက်က ပြန်ပါလာပြန်ပါတယ်။ စိတ်ဓာတ်ဘက်က ပါတယ်ဆိုတာ စောစောကပြောသလို တစ်ယောက်နဲ့တစ်ယောက် မကောင်းတဲ့ ယှဉ်ပြိုင်ချင်တဲ့ စိတ်ဓာတ်တွေ၊ အဲဒါတွေဟာ ငယ်ငယ်ကတည်းက အလေ့အကျင့်မလုပ်မှ ဖြစ်ပါလိမ့်မယ်။ မိဘတွေကလည်း အားမပေးသင့်ပါဘူး။ ဆရာသမားတွေကလည်း အားမပေးသင့်ပါဘူး။ လူငယ်တွေကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကိုယ် သတိပြုဖို့ လိုပါတယ်။

"နောက်ဆုံးပြောရရင် ကိုယ့်ကိုယ်ကိုယ်ပဲပြင်နိုင်တယ်။ မိဘတွေ၊ ဆရာတွေဆိုတာ အထောက်အကူပဲ။ ဆရာဝန်တောင်မှ ဆရာဝန်က ကုနိုင်မှာ မဟုတ်ဘူး။ လူနာက သူကိုယ့်သူ ကုရမယ်။ ဆရာဝန်က အထောက်အကူပဲ။ ဆရာဝန်က ဘယ်လိုကုသရမယ်ဆိုတာကို လမ်းညွှန်လိုက်တာပဲ။ အထောက်အပံ့ပေးလိုက်တာပဲ။ ဆရာဝန်က ဆေးပေးလို့ လူနာကမသောက်ရင် သက်သာမှာမဟုတ်ဘူး။ လူနာက ကိုယ့်ကိုယ်ကိုယ် ကုသရတယ်။ ဒီနည်းလမ်းအတိုင်းပဲ၊ ကျွန်မတို့စိတ်ဓာတ်တွေ ပြုပြင်ဖို့ဆိုရင်၊ ကျွန်မတို့ လုပ်နည်းကိုင်နည်းတွေ မှန်ကန်ဖို့ဆိုရင် ဆရာသမားတွေရော၊ မိဘတွေရော အထောက်အကူမျှသာ ဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင် ကြိုးစားရမှာပါ။ မှန်ကန်တဲ့ စိတ်ဓာတ်တွေကို မွေးမြူစေချင်တယ်။ ကျွန်မတို့ ကမ္ဘာကြီးမှာ အင်မတန်မှ လောဘတက်နေတယ်လို့ ဆိုရမှာပဲ။ တချို့က မေးမယ်၊ လောဘဆိုတာ လူသားတွေ စပြီးရှိကတည်းက ပေါ်လာခဲ့တာမဟုတ်ပါဘူး။ မှန်ပါတယ်။ ဒါပေမယ့် လောဘကြီးစရာအရာတွေက သိပ်များတဲ့အခါကျတော့ ပိုပြီးတော့ လောဘတွေ တက်ပါတယ်။ ဒီအခန်းထဲမှာ ကြည့်လိုက်ရင် ဒီလို မီးဆိုင်းကြီးတွေ၊ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ဒီလိုဆင်ထားတဲ့ မီးကြီးတွေက ကျွန်မတို့နိုင်ငံက အဆောက်အအုံထဲမှာ မရှိဘူး။ မရှိတဲ့အခါကျတော့ ဘယ်သူကမှလည်း ဒီဟာတွေကို တပ်ဖို့ မစဉ်းစားဘူး။ ဒီဟာအတွက် ငွေရေးကြေးရေး ရှာစရာမလိုဘူး။ ကမ္ဘာကြီးကတော့ ဒီလိုပဲဖြစ်နေမှာပဲ။ ကျွန်မတို့ နိုင်ငံတင်မဟုတ်ဘူး။ တခြားနိုင်ငံမှာ တိုးတက်သလောက် ကျွန်မတို့ကလည်း လိုက်ပြီး တိုးတက်ချင်မှာပဲ။ ဒါက သဘာဝကျပါတယ်။

**ခွဲခြားပြီးမြင်**

"လိုချင်စရာတွေ ပိုများလာတာနဲ့ အမျှ လူတွေက လောဘတက်လာတယ်။ လောဘနဲ့ ဒေါသတွေကလည်း လိုက်လာတာပေါ့နော်။ ပစ္စည်းတစ်ခုကို တစ်ယောက်မက လိုချင်ရင် အကြံတူ ဉာဏ်တူ ဆိုသလိုပေါ့။ တခြား လိုချင်တဲ့ သူတွေနဲ့ ရန်ဘက်ဖြစ်လာပါတယ်။ အဲဒီလို လောဘတွေ၊ ဒေါသတွေ အင်မတန်မှ တက်လာတဲ့ ကမ္ဘာကြီးမှာ ကျွန်မတို့ နိုင်ငံက ထူးထူးခြားခြား ဒီလောဘဒေါသတွေကို ထိန်းနိုင်မယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟပေါ့၊ မောဟဆိုတာကတော့ လောကီအရဆိုရင်တော့ ပညာရေးစနစ်ကောင်းကောင်းနဲ့ ထိန်းကျောင်းရမှာပေါ့။ လောဘ၊ ဒေါသကတော့ ကိုယ့်ဟာကိုယ် ထိန်းရမယ်။ လူငယ်တွေက ကိုယ့်ဟာကိုယ်ပြုပြင်နိုင်တဲ့ အနေအထားရှိလို့ ပြုပြင်ကြပါ။ ဒီအခွင့်အရေးကြီးကို မလွတ်ပါနဲ့။ အသက်ကြီးလာပြီးတော့ အင်္ဂတေ ကိုင်သလို ကိုင်ပြီးသွားရင် နည်းနည်း ပြုပြင်ရခက်ပါတယ်။ ကျွန်မတို့ လူကြီးတွေကို ပြုပြင်ရတာ သိပ်မလွယ်ဘူးဆိုတာ သဘောပေါက်ပါတယ်။ ပြုပြင်နိုင်တဲ့ အရည်အချင်းက ကြီးတာ၊ ငယ်တာနဲ့ မဆိုင်ပါဘူး။ ဒါကြောင့် ကျွန်မအနေနဲ့ ခဏခဏပြောပါတယ်။ တော်တာ၊ မတော်တာကို မခွဲခြားဘူး။ သင်လို့ရတဲ့ လူနဲ့၊ မရတဲ့ လူဆိုတာကို ခွဲခြားပြီး မြင်ပါတယ်။

"ဇာတ်တော်တစ်ခုကို ကျွန်မ ခဏခဏဖတ်ရပါတယ်။ ဒီဇာတ်တော်ကို မြတ်စွာဘုရားကနေပြီးတော့ သင်ရခက်တဲ့ ရဟန်းတော်တစ်ပါးကို အကြောင်းပြုပြီး ဟောလိုက်တာပါ။ မြတ်စွာဘုရားတောင် တော်တော်ခက်ခက်ခဲခဲနဲ့ ရဟန်းတွေကို သင်ပေးရတယ်ဆိုတော့ ကျွန်မတို့ လောကကြီးမှာ သင်ရခက်တဲ့လူတော်တော်များများမှာပဲလို့ ကျွန်မသဘောပေါက်မိပါတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ်သင်ရလွယ်တဲ့လူဖြစ်အောင် ကြိုးစားပါ။ ကိုယ့်ပတ်ဝန်းကျင်ကနေပြီးတော့ သင်ယူပါ။ ကိုယ်ကလည်း တခြားလူတွေကို သင်ပေးဖို့ကို သဝန်မတိုပါနဲ့။ မျှဝေပါ။ ကိုယ့်မှာရှိတဲ့ ပညာတွေကိုမျှပါ။ မျှခြင်းအားဖြင့် ပွားများပါတယ်။ သင်္ကတစကားပုံ တစ်ခုရှိပါတယ်။ ပညာဟာ တခြားဟာတွေနဲ့ မတူဘူး။ မျှလေမျှလေပွားလေ၊ ကိုယ့်အတွက်လည်း လုံးလုံးမလျော့သွားဘူးတဲ့။ ဖယောင်းတိုင်လေးတစ်တိုင်ကနေ ဖယောင်းတိုင်တစ်ရာလာပြီး မီးညှိလို့လည်း ပထမ ဖယောင်းတိုင်ရဲ့ မီးက မသေသွားဘူး။ သို့သော်ငြားလည်း ဒီဖယောင်းတိုင် ငြိမ်းသွားလည်း သူထားပစ်ခဲ့တဲ့ ဖယောင်းတိုင်တွေက ဆက်ပြီးတော့ အလင်းရောင်ပေးနေတယ်။ ဒါကြောင့်မို့ ပညာမျှခြင်းဆိုတာ တခြားဟာတွေ ဝေမျှခြင်းနဲ့ လုံးဝမတူပါဘူး။ ကိုယ့်အတွက်ပါ ပွားပွားသွားပါတယ်ဆိုတာကို ကျွန်မတို့ လူငယ်တွေ စိတ်ထဲမှာ ထားစေချင်ပါတယ်။ ဒါကတော့ အပေါင်းလက္ခဏာဆောင်ခြင်းအားဖြင့် လုပ်စေချင်တဲ့ကိစ္စပါ။ အနုတ်လက္ခဏာနဲ့ပတ်သက်လို့ကတော့ အများကြီးပါပဲ။

**အထူးသတိထားစေချင်**

"ဒါပေမယ့် ကျွန်မထောက်ပြချင်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ပါ။ ဒါကိုတော့ ကျွန်မတို့နိုင်ငံက လူငယ်တွေ တော်တော်များများဟာ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ နိစ္စဓူဝ ရင်ဆိုင်နေရတယ်။ ဒီအန္တရာယ်ကို ကျော်လွှားနိုင်တဲ့သူရှိသလို မကျော်လွှားနိုင်ဘဲ ဘဝနစ်မြုပ်သွားတဲ့ လူငယ်တွေလည်း ရှိပါတယ်။ အဲဒါကိုတော့ အထူးသတိထားစေချင်ပါတယ်။

"တစ်ဦးနဲ့တစ်ဦးကိုလည်း ပံ့ပိုးစေချင်ပါတယ်။ ကူညီစေချင်ပါတယ်။ ကျွန်မမကြိုက်တဲ့ အကျင့်တစ်ခုက အထူးသဖြင့် အမျိုးသားတွေကြားထဲမှာ ဖြစ်တတ်တာရှိတယ်။ မင်း "ယောကျ်ား"မဟုတ်ဘူးလား။ မလုပ်ရဲဘူးလား။ မလုပ်ရဲဘူးဘဲ ပြောလိုက်ပါ။ မဟုတ်တာလုပ်တာကို မလုပ်ရဲတာဘာဖြစ်လဲ။ မဟုတ်တာလုပ်တာကို လုပ်ရမှာ ကြောက်တာ ဘာဖြစ်လဲ။ ငါကြောက်တယ်၊ ပြောလိုက်တာ ဘာဖြစ်လဲ၊ အဲဒီလိုနည်းနဲ့ မသောက်ရဲဘူးလား၊ မစားရဲဘူးလား ဆိုပြီးတော့ သွေးထိုးပေးတာတွေကြောင့် စိတ်ကမပါသွားပါနဲ့။ အဲဒီဟာကို လက်ခံတာဟာ ကိုယ်ညံ့တာကို ပြတာပဲ၊ မဟုတ်မှန်းသိလျက်သားနဲ့၊ မမှန်မှန်းသိလျက်သားနဲ့ သူများရဲ့ဖိအားကို မလွန်ဆန်နိုင်တာ၊ အဲဒီတော့ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်လို့ ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းသလို ကိုယ်ရဲ့ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပေးပါ။ ကိုယ်ကိုယ်တိုင်က မူးယစ်ဆေးဝါး သောက်နေပြီဆိုရင် ဒါတွေကတော့ လူတွေရဲ့ သဘာဝပါ။ ကိုယ့်ကိုယ်ကိုယ်ညှာပြီး စဉ်းစားနိုင်အောင် လူများတွေပါ မကောင်းအောင် လိုက်လုပ်တဲ့ အကျင့်လေးတွေရှိတယ်။

**မြှောက်ပေးတိုင်းလည်း မလုပ်ပါနဲ့**

"အဲဒီတော့ အဲဒီအကျင့်လေးတွေကိုလည်းဖျက်ပါ။ ကိုယ်က မူးယစ်ဆေးဝါးစွဲနေတယ်၊ ဒုက္ခရောက်နေတယ်ဆိုရင် ကိုယ်ရဲ့သူငယ်ချင်းတွေကို မင်းတို့ ငါ့လို မလုပ်နဲ့ဆိုတဲ့ ပြောရဲတဲ့ သတ္တိရှိဖို့လိုတယ်။ ပြောရဲတဲ့ စေတနာ၊ ပြောချင်တဲ့ စေတနာရှိဖို့လိုပါတယ်။ အားလုံးကလည်း ဝိုင်းပြီးတော့ ကိုယ့်ရဲ့ မိတ်ဆွေတွေ ဒီလို ပြဿနာတွေနဲ့ ရင်ဆိုင်နေရပြီဆိုရင် ဝိုင်းပြီး ကူညီကြပါ။ အထင်မသေးပါနဲ့။ ဒီတစ်ယောက်ကတော့ ဆေးသမားပဲ ဆိုပြီးတော့၊ ကိုယ်လည်း အခြေအနေကြောင့်မို့လို့ ဆေးသမားမဖြစ်လိုပါဘူး။ သူ့ပတ်ဝန်းကျင်၊ သူ့အခြေအနေမှာ ကိုယ်ကြီးလာရင် ကိုယ်ကိုယ်တိုင်က ဆေးသမား ဖြစ်နိုင်မလား၊ ဖြစ်နိုင်တာပေါ့၊ အဲဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ကူညီပါ၊ အထင်မသေးပါနဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း စောင့်ရှောက်ပါ။ လူများတွေ မြှောက်ပေးတိုင်းလည်း မလုပ်ပါနဲ့။

"အခုကျွန်မတို့ အနာဂတ်ကို တည်ဆောက်တဲ့ ကိစ္စဆိုတာဟာ ဘယ်တော့မှ မပြီးနိုင်တဲ့ ကိစ္စဆိုတာလည်း ကျွန်မ သတိပေးချင်ပါတယ်။ အနာဂတ်ဆိုတာ ဆောက်လို့ မပြီးနိုင်တဲ့ အဆောက်အအုံကြီးလိုပါပဲ။ မျိုးဆက်တစ်ဆက်နဲ့ တစ်ဆက်က အခန်းလေး နောက်တစ်ခု ထပ်ပြီးတော့ ထည့်သွားမယ်။ တစ်ခါတလေလည်း အရင်မျိုးဆက်တွေထဲက ဆောက်ခဲ့တဲ့ ပျက်သွားတဲ့နေရာလေးတွေကို ပြန်ပြင်သွားမယ်၊ ဆေးပြန်သုတ်မယ်၊ ပိုပြီးတော့ချဲ့မယ်၊ ခြံကို ပိုပြီးတော့ လှအောင်လုပ်မယ် စသဖြင့် ဆက်ဆက်လုပ်သွားရမှာပါ။ ဘယ်မျိုးဆက်ရဲ့ခေတ်မှာမှ ဒီအလုပ်ဟာ ပြီးမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ လူတိုင်း လူတိုင်းဟာ ကျွန်မတို့နိုင်ငံ အနာဂတ်ရဲ့ ဗိသုကာကောင်းများ ဖြစ်အောင် အရည်အချင်းတွေမွေးမြူပါ၊ ဒါပေမယ့် ဗိသုကာဆိုတော့ တချို့က ဗိသုကာဆိုတာဟာ အကြံအစည် Plan တွေ ချတာလို့ မြင်ပါတယ်။ ကျွန်မတို့က ဗိသုကာကောင်းတွေနဲ့တင် မလုံလောက်ပါဘူး။ ပန်းရန်သမား ကောင်းကောင်းလည်း လိုပါတယ်။ အဆောက်အအုံတစ်ခုကောင်းဖို့ဆိုတာ ပန်းရန်သမားကလည်း တော်ရမယ်၊ ဆေးသုတ်သမားကလည်း တော်ရမယ်။ လက်သမားကလည်း တော်ရမယ်။ ဗိသုကာတင်မဟုတ်ပါဘူး။ တချို့က ဗိသုကာအလုပ်ပဲ လုပ်ချင်ပါတယ်။ ဗိသုကာ အလုပ်ပဲလုပ်ချင်ရင် ဗိသုကာက ထိုင်ပြီးတော့ အိမ်ပုံစံတွေ ဆွဲနေမယ်၊ ဆောက်ပေးမယ့်သူ မရှိရင်လည်း အလကားပါပဲ။

**အကောင်အထည်ဖော်**

"ဒီတော့ လူတိုင်းဟာ ကိုယ့်ကဏ္ဍနဲ့ ကိုယ်ရှိတယ်။ ကိုယ့်ရဲ့တန်ဖိုးနဲ့ကိုယ်ရှိတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း အထင်မသေးပါနဲ့။ အထင်လည်း သိပ်မကြီးပါနဲ့။ သူများကိုလည်း အထင်မသေးပါနဲ့၊ သိပ်လည်းအထင်မကြီးပါနဲ့။ သိပ်လည်း အထင်မကြီးပါနဲ့လို့ ပြောချင်တာက မနာလိုဖြစ်လောက်အောင် အထင်မကြီးပါနဲ့၊ လူတစ်ယောက်ရဲ့ အရည်အချင်းကို အသိအမှတ်ပြုတာဟာ ကောင်းတဲ့ကိစ္စပါ၊ ဒါပေမယ့် မနာလိုတဲ့အဆင့်အထိ အထင်ကြီးသွားရင် မကောင်းပါဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း သိပ်အထင်မကြီးပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးတဲ့ သူတွေက ဘယ်တော့မှထပ်ပြီး သင်လို့မရတော့ဘူး။ သင်ရခက်တဲ့၊ သင်ရအခက်ဆုံး လူတွေထဲမှာ ငါအားလုံးသိပြီဆိုတဲ့ လူမျိုးပါ။ အဲဒီတော့ ကိုယ့်ကိုယ်ကိုလည်း သိပ်ပြီး အထင်မကြီးပါနဲ့၊ ဒါပေမယ့်လည်း သိပ်ပြီး အထင်လည်း မသေးပါနဲ့။ ကိုယ့်ကိုယ်ကိုယ် အထင်သေးပြီး ယုံကြည်မှုနည်းရင် တိုးတက်မှုမရနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတဲ့ အခါကျတော့ မစွန့်စားရဲဘူး။ ကျွန်မ ခဏခဏ သတိပေးပါတယ်။ ဘဝဟာ စွန့်စားမှုပဲ၊ စွန့်စားရမယ်၊ နေ့စဉ် စွန့်စားသွားရမယ့် ကိစ္စ၊ ဒါ့ကြောင့်မို့ စွန့်စားရဲတဲ့သတ္တိရှိပါ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသင့်သလောက်တော့ ရှိဖို့လိုပါတယ်။ ယုံကြည်မှု လွန်သွားလို့တော့ မကောင်းဘူးပေါ့၊ ဘာမဆို လွန်ကဲတယ်ဆိုတာ မကောင်းဘူး။ ကျွန်မတို့ ငယ်ငယ်ကတည်းက သင်ရတဲ့ အတိုင်း သတိကလွဲပြီး ဘာမဆိုလွန်ကဲတယ်ဆိုတာ မကောင်းဘူးဆိုတာ၊ ဘာမဆို လွန်ကဲတဲ့ဟာမရှိဘဲနဲ့ သတ္တိရှိရှိနဲ့ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက်၊ ကျွန်မတို့လူသားတွေရဲ့အနာဂတ်အတွက် ကျွန်မတို့ လူငယ်များဟာ ဆက်လက်ပြီး ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ အဲဒီမျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အခုဒီနေ့ အခမ်းအနားနဲ့ သက်ဆိုင်တဲ့အလုပ်တွေဟာ အားလုံးဟာ သက်ဆိုင်နေပါတယ်။ အဲဒါကြောင့်မို့ လူငယ်ရေးရာမူဝါဒကို ဆက်စပ်ဝန်ကြီးဌာနများ၊ လူငယ်များ အားလုံး တက်ညီလက်ညီဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါလို့ ဒေါက်တာဝင်းမြတ်အေးက ကျွန်မကို တိုက်တွန်းခိုင်းလိုက်ပါတယ်။ အဲဒီတော့ တိုက်တွန်းပါတယ်"ဟု ပြောကြားသည်။

*စာမျက်နှာ ၆ သို့*

# လူငယ်မျိုးဆက်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာမူဝါဒ ပြဋ္ဌာန်းနိုင်ခဲ့

**မြန်မာနိုင်ငံ လူငယ်ရေးရာ မူဝါဒမိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပခဲ့သည်။ လူငယ်ရေးရာမူဝါဒ ရေးဆွဲ ပြဋ္ဌာန်းနိုင်ခြင်းသည် လူငယ်မျိုးဆက်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခု ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပြီး မူဝါဒရေးဆွဲရာတွင် လူငယ်များကိုယ်တိုင် ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ မိတ်ဆက်ဖြန့်ချိသည့် လူငယ်ရေးရာမူဝါဒနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လူငယ်များ၏ စကားသံများကို ဖော်ပြအပ်ပါသည်။**



ဒေါက်တာစန်းစန်းအေး၊ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန



ဦးအောင်ကျော်မိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန



ဒေါက်တာနေဝင်း၊ လူငယ်ရေးရာမူဝါဒ ရေးဆွဲရေးဆိုင်ရာ ပြည်တွင်းအကြံပေး



နန်းထက်ထက်လင်းစိုး ဗဟိုကော်မတီဝင်

**ဒေါက်တာစန်းစန်းအေး**

**ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန**

လူငယ်မူဝါဒနဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူငယ်မူဝါဒတွေ ရေးဆွဲထားတာ ရှိပါတယ်။ အဲဒီအထဲမှာ နိုင်ငံပေါင်း ၈၀ လောက်ပဲ မရေးဆွဲရသေးတာဖြစ်ပါတယ်။ အဲဒီ ၈၀ ထဲမှာ ကျွန်မတို့ မြန်မာနိုင်ငံကလည်း တစ်နိုင်ငံ အပါအဝင်ဖြစ်ပါတယ်။ လူငယ်မူဝါဒဆိုတာ နိုင်ငံရဲ့အနာဂတ်မျိုးဆက်သစ်တွေကို စနစ်တကျနဲ့ မွေးထုတ်ဖို့ လူငယ်မူဝါဒရှိဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် ကျွန်မတို့တွေ လူငယ်မူဝါဒကို ရေးဆွဲကြတာဖြစ်ပါတယ်။ ဒီလိုရေးဆွဲတဲ့အခါမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက Focal လုပ်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရော၊ ပညာရေးဝန်ကြီးဌာနရောအပါအဝင် ကျန်တဲ့ဝန်ကြီးဌာနပေါင်းစုံက ပညာရှင်တွေ စုပေါင်းပြီးရေးဆွဲပါတယ်။

အရေးအကြီးဆုံး ရေးဆွဲတဲ့ပုဂ္ဂိုလ်တွေကတော့ လူငယ်တွေပါပဲ။ လူငယ်တွေဆိုတာ လက်လှမ်းမီတဲ့ လူငယ်တွေတင် မကပါဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်က လူငယ်ကိုယ်စားလှယ်တွေ အကုန်ပါပြီးတော့ ဒီနေ့ပွဲမှာလည်း တက်ရောက်ပါတယ်။ ဒီလိုမျိုး လူငယ်မူဝါဒ နိုင်ငံအတွက် ပေါ်ထွန်းလာတဲ့အတွက် ကျွန်မတို့ ဝန်ကြီးဌာနရော ပူးပေါင်းဆောင်ရွက်တဲ့ ဝန်ကြီးဌာနတွေအတွက်ရော အင်မတန်ကို ပီတိဖြစ်ရပါတယ်။ ဒါဟာ အနာဂတ်မျိုးဆက်သစ်တွေအတွက် စနစ်တကျနဲ့ လေ့ကျင့်ပေးမယ့် အစီအစဉ်လည်း ဖြစ်ပါတယ်။

အစိုးရသစ် စတက်တက်ချင်း ရက် ၁၀၀ စီမံချက်ထဲမှာကို လူငယ်မူဝါဒ ပါပါတယ်။ ၂၀၁၆ ခုနှစ် ကတည်းကစပြီး ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ရေးဆွဲတဲ့အခါမှာလည်း အားလုံးပါဝင်နိုင်ရေးကို ဦးစားပေးတဲ့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက လူငယ်တွေပါဝင်ရေးအထိ ကျွန်မတို့ စောင့်တယ်။ စောင့်တဲ့အတွက်ကြောင့် ၂၀၁၆ ခုနှစ်ကစပြီး အစည်းအဝေးပေါင်း မြောက်မြားစွာနဲ့ ကျွန်မတို့ ရေးဆွဲကြတယ်။ ဒီလို ရေးဆွဲတဲ့အတွက်ကြောင့် အားလုံးရဲ့ ပါဝင်မှုအားနဲ့ ကောင်းသွားတယ်။ ၂၀၁၆ ခုနှစ်ကနေစလို့ ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၈ ရက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကနေ အတည်ပြုပေးလိုက်ပါတယ်။

လူငယ်မူဝါဒ Guiding Principle တစ်ခုရလာပြီ။ ရလာပြီဆိုရင် ဒီအပေါ်မှာ မူတည်ပြီး ဘာတွေ ဆက်လုပ်ကြမလဲဆိုတာကို လူငယ်ရေးရာကော်မတီတွေ၊ ဗဟိုအဆင့်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေ ဖွဲ့စည်းမယ်။ ဖွဲ့စည်းပြီးတော့ လူငယ်ရေးရာ ကော်မတီထဲကနေ ဦးဆောင်ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ လူငယ်တွေရဲ့စကားသံတွေကို ထင်ဟပ်ပြီးတော့ လူငယ်နဲ့ပတ်သက်တဲ့ ရှေ့လုပ်ငန်းစဉ်တွေကို မဟာဗျူဟာစီမံချက် လုပ်ငန်းစဉ်တွေ အနေနဲ့ ချမှတ်ရမှာ ဖြစ်ပါတယ်။ လုပ်ငန်းစီမံချက်တွေကို ဗဟိုမှာ စုစည်းပြီးရင် အားလုံး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်မယ့် အစီအစဉ်တွေ ထွက်လာမှာ ဖြစ်ပါတယ်။ အဲဒါက တကယ့်ကို လူငယ်ဖွံ့ဖြိုးရေးအတွက် တကယ် အဓိကကျတဲ့ ကဏ္ဍအနေနဲ့ရှိနေမှာ ဖြစ်ပါတယ်။ လူငယ်မူဝါဒက နိုင်ငံတိုင်း နိုင်ငံတိုင်းအတွက် မရှိမဖြစ် မူဝါဒတစ်ခု ဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်ပေးတဲ့ မူဝါဒဖြစ်တဲ့အတွက်ကြောင့် ရှိသင့်တဲ့ မူဝါဒ ဖြစ်ပါတယ်။

**ဦးအောင်ကျော်မိုး**

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန**

ကျွန်တော်တို့ ဒီနေ့ဆိုရင် လူငယ်ရေးရာမူဝါဒမိတ်ဆက်ဖြန့်ချိတဲ့ အခမ်းအနား ပြီးဆုံးသွားပြီ ဖြစ်ပါတယ်။ ပြီးဆုံးပြီးတော့ ကော်မတီ သုံးရပ်မှာ ပါဝင်တဲ့ လူငယ်တွေနဲ့ ရှေ့ဆက်ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ၊ အထူးသဖြင့် လူငယ်ရေးရာဆိုင်တဲ့ မဟာဗျူဟာစီမံချက်တွေကို ရေးဆွဲနိုင်ဖို့ ညှိနှိုင်းအစည်းအဝေးတွေ ကျွန်တော်တို့ ဆက်လက်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လူငယ်ရေးရာ မူဝါဒထဲမှာလည်း ပါပြီးဖြစ်တဲ့ ခြောက်လအတွင်းမှာ လူငယ်ရေးရာ မူဝါဒနဲ့ သက်ဆိုင်တဲ့ မဟာဗျူဟာစီမံချက်ကို အပြီးရေးဆွဲဖို့ မူဝါဒထဲမှာ ပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက် လူငယ်ရေးရာမူဝါဒတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မိတ်ဆက်ဖြန့်ချိတဲ့ အခမ်းအနားတွေ ကျင်းပမယ်။ ပြီးရင် မဟာဗျူဟာထဲမှာ ထည့်သွင်းမယ့် အချက်တွေကို အစည်းအဝေးတွေ ကျင်းပပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လက်ရှိမှာလည်း လူငယ်တွေနဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကို ကိုယ့်ဝန်ကြီးဌာနအလိုက် လုပ်နေတာတွေ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ လူငယ်မူဝါဒထဲမှာပဲ တချို့လုပ်ငန်းစဉ်တွေက လက်ရှိလုပ်ဆောင်နေဆဲတွေ ရှိပါတယ်။ ဒါပေမယ့် တချို့လုပ်ငန်းစဉ်တွေကျတော့ ထပ်ပြီးတော့ ဖြည့်စွက်ဖို့၊ လုပ်ဖို့ကျန်တဲ့ လုပ်ငန်းစဉ်လေးတွေ ရှိပါတယ်။ ဒါမျိုးကျတော့ ဆက်စပ်တဲ့ အခုလိုဝန်ကြီးဌာနတွေနဲ့ မဟာဗျူဟာရေးဆွဲရင် အစိုးရဌာနတွေလည်း ပါဦးမှာ ဖြစ်ပါတယ်။ ပါပြီးတော့မှ လူငယ်တွေ ဖြစ်ချင်တဲ့ မူဝါဒလည်းပါတဲ့ လုပ်ငန်းစဉ်တွေရယ်၊ ဝန်ကြီးဌာနတွေရယ် ပြန်ပြီး ညှိနှိုင်းပြီးတော့မှ စီမံကိန်းတွေ၊ စီမံချက်တွေချပြီးတော့ ရေတို၊ ရေရှည်ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**နန်းထက်ထက်လင်းစိုး**

**ဗဟိုကော်မတီဝင်**

လူငယ်မူဝါဒကို စပြီးအခြေတည်ပြီးရေးဆွဲဖို့ ပထမဦးဆုံး စဉ်းစားခဲ့တာက လူငယ်တွေရဲ့ အသံတွေကို ပါဝင်ဖို့ အဓိက စဉ်းစားတဲ့အရာတစ်ခု ဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူငယ်တွေရဲ့ အသံတွေကို ကောက်ယူခဲ့ကြတယ်။ တချို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဆိုရင် သုတေသနအဆင့်တွေတောင်လုပ်ပြီး ကောက်ယူခဲ့ကြတယ်။ တချို့ကျတော့ စစ်တမ်းမေးခွန်းတွေ ကောက်ယူတယ်။ တချို့ကျတော့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ တွေ့ဆုံပွဲတွေကနေတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခဲ့တယ်။ လူငယ်ထုကြီးကလည်း ကြီးမားတဲ့အင်အား ဖြစ်တယ်ဆိုတော့ ကျွန်မတို့ လုပ်ဆောင်နိုင်ခဲ့တဲ့ အတိုင်းအတာနဲ့ လူငယ်တွေအားလုံးပါဝင်မယ့် သူတို့ရဲ့အသံတွေကို အဓိက အခြေပြုရေးဆွဲခဲ့တာ ဖြစ်ပါတယ်။

ကျွန်မတို့ လူငယ်မူဝါဒကိုကြည့်မယ်ဆိုရင် လူငယ်တွေရဲ့ သက်ဆိုင်တဲ့ကဏ္ဍတွေမှာ ကဏ္ဍတော်တော်များများက အလုံးစုံခြုံငုံပြီး ပါဝင်နေတာလည်း တွေ့ရပါတယ်။ ဒါကလည်း လူငယ်ရေးရာမူဝါဒရဲ့ အားသာချက် ဖြစ်ပါတယ်။ လက်ရှိကတော့ လူငယ်မူဝါဒက ဒီကနေ့ဆိုရင် မိတ်ဆက်ဖြန့်ချိတဲ့ အခမ်းအနားတစ်ခု ဖြစ်ပါတယ်။ ဒီကနေ အကောင်အထည်ဖော်နိုင်ဖို့အတွက် မဟာဗျူဟာရေးဆွဲရေး စီမံကိန်းတွေကို ပြန်ပြီးတော့ ရေးဆွဲဖို့ရှိပါတယ်။ လူငယ်ရေးရာမူဝါဒဆိုတာက လူငယ်တွေအတွက် ဦးတည်ပြီး ရေးဆွဲထားတဲ့ မူဝါဒဖြစ်ပါတယ်။ လူငယ်တွေကလည်း ဒီမူဝါဒကို အခြေပြုပြီးတော့ ဒီမူဝါဒထဲမှာပါတဲ့ အခွင့်အရေးတွေ၊ ရယူနိုင်မယ့် ဝန်ဆောင်မှုတွေကိုလည်း လူငယ်မူဝါဒကို အသုံးပြုပြီး လက်လှမ်းမီ အရယူနိုင်ဖို့ ပြောချင်ပါတယ်။

ကျွန်မတို့က လူငယ်တွေဖြစ်တယ်ဆိုတော့ တချို့အစိတ်အပိုင်းတွေမှာ ဝန်ဆောင်မှုတွေကို ရယူရမယ့် အနေအထားတွေရှိသလို တချို့အစိတ်အပိုင်းတွေမှာက ကိုယ်ကိုယ်တိုင် ကြိုးစားရမယ့် အနေအထားတွေရှိတယ်ဆိုတာ နားလည်ထားပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ ဒီနေ့ဆိုရင် လူငယ်ရေးရာ မူဝါဒ ထွက်လာပြီ။ အဲဒီ လူငယ်မူဝါဒကို အသုံးပြုကြပါ။ လက်တွေ့ဘဝမှာ အကောင်အထည်ဖော်ကြပါ။ ဝန်ကြီးဌာနတွေအနေနဲ့လည်း လူငယ်တွေကို တကယ်ပြုစုပျိုးထောင်နိုင်တဲ့ ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးပါလို့ လူငယ်တွေအားလုံးရဲ့ကိုယ်စား ပြောချင်ပါတယ်။ ဒီလူငယ်ရေးရာမူဝါဒက လူငယ်တွေအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမယ့် အရာတွေကို ပိုပြီးတော့ လုပ်ဆောင်နိုင်ဖို့အတွက် လူငယ်တွေကလည်း အရယူကြပါ၊ အသုံးပြုကြပါလို့ ပြောချင်ပါတယ်။

**ဒေါက်တာနေဝင်း**

**လူငယ်ရေးရာ မူဝါဒရေးဆွဲရေးဆိုင်ရာ ပြည်တွင်းအကြံပေး**

လူငယ်မူဝါဒရေးဆွဲရေးမှာ အကြံပေးအနေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တကယ်တမ်း စတာဆိုရင် ၂၀၁၆ ခုနှစ်မှာ ပြင်ဆင်မှုတွေစခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ နိုင်ငံတော်ကနေ ဒါလုပ်ဖို့အတွက် တိုက်တွန်းအားပေးခဲ့တယ်။ ပြီးမှပဲ ဝန်ကြီးဌာန သုံးခုကနေ အဓိက ဦးဆောင်ပြီး UN အဖွဲ့အစည်းရယ်၊ လူငယ်ကိုယ်စားလှယ်တွေရယ်စပြီး ပြင်ဆင်ခဲ့ပါတယ်။ အဲဒီ Process မှာပဲ ပထမဦးဆုံးညှိနှိုင်းရေး အစည်းအဝေးတွေ လုပ်ပါတယ်။ နောက်ဆုံး ကော်မတီ သုံးရပ် ဖွဲ့စည်းဖြစ်တယ်။ ကော်မတီ သုံးရပ်ကနေ အဆင့်ဆင့်ရေးဆွဲခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် တစ်ခုလုံးကတော့ အစည်းအဝေးပေါင်း မြောက်မြားစွာကို ဖြတ်သန်းရပါတယ်။ ပထမတစ်ဆင့် အနေနဲ့ကတော့ မူကြမ်းရေးဆွဲရေးကော်မတီက အဖွဲ့ဝင်တွေ သုံးကြိမ် အစည်းအဝေးထိုင်ဖြစ်ပါတယ်။ မူကြမ်းကနေ လုပ်ငန်းကော်မတီ အဆင့်ဆင့်မှာ နှစ်ကြိမ် အစည်းအဝေး ထိုင်ဖြစ်ပါတယ်။ နောက်ဆုံး ဗဟိုကော်မတီထိုင်ပါတယ်။ နောက်ပြီး ပြီးမြောက်လုနီးပါးဖြစ်တဲ့မူကြမ်းကို အဆင့်ဆင့်သော ကော်မတီသုံးရပ်ကနေ အစည်းအဝေး နှစ်ရပ်ထိုင်ဖြစ်ပါတယ်။ နောက်ဆုံး တင်လိုက်တယ်ဆိုတော့ ကျွန်တော်တို့အတွက် ပင်ပန်းရကျိုးနပ်တဲ့ အခြေအနေကို ရောက်ပြီလို့ ပြောရမှာ ဖြစ်ပါတယ်။

စပြီး မရေးဆွဲခင်ကတည်းက တခြားနိုင်ငံတွေမှာ လုပ်နေတဲ့ မူဝါဒရေးရာ ဘယ်လိုလုပ်သလဲဆိုတာ လေ့လာပါတယ်။ ရှိပြီးသား မူဝါဒကိုလည်း သုံးသပ်ကြပြီး ပြင်ဆင်မှု အတိုင်းအတာလေးတွေမှာ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ ကိုက်ညီဖို့အတွက် ကျွန်တော်တို့ စဉ်းစားတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ ကိုက်ညီဖို့ စဉ်းစားတယ် ဆိုတော့လည်း မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားကို ဘောင်ကျော်လို့မရတဲ့အတွက်ကြောင့် ဒီအခြေအနေတွေကတော့ လူငယ်တွေကိုယ်တိုင်ကလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုယ်စားလှယ်တွေကနေ အခြေအနေအရပ်ရပ်တွေကို တင်ပြကြတဲ့အခါမှာ အားလုံးနဲ့ အံဝင်ခွင်ကျဖြစ်အောင်လို့ ကျွန်တော်တို့ ကြိုးစားထားပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် မူဝါဒဆိုတဲ့ သဘောတရားမှာတော့ ပြင်ဆင်ဆောင်ရွက်စရာတွေ ရှိလာနိုင်ပါတယ်။ တခြားနိုင်ငံတွေမှာလည်း ဒီလိုပဲ လုပ်ကြရပါတယ်။ အခုစတင် ဆောင်ရွက်တဲ့အချိန်မှာ ကျွန်တော်တို့ လိုအပ်ချက်တွေရှိရင်တော့ နောင်အချိန်တွေမှာ ပြန်ပြီးတော့ ပြင်ဆင်သွားဖို့လိုမယ်လို့ မျှော်လင့်ပါတယ်။

မူဝါဒဆိုတဲ့သဘောက အသေးစိတ် လုပ်ငန်းစဉ်တွေ မပါနိုင်ပါဘူး။ အသေးစိတ် လုပ်ငန်းစဉ်တွေကို ခြုံငုံမိမယ့် မူဝါဒဆိုင်ရာ ဆက်ကြောင်းတွေ၊ စာသားတွေ ဒါတွေကတော့ မလွတ်အောင် ကျွန်တော်တို့ ထည့်ထားပါတယ်။ ဒီအထဲမှာဆိုရင် လူငယ်တွေ တောက်လျှောက် ဆွေးနွေးခဲ့တဲ့ ကျန်းမာရေး၊ ပညာရေး၊ ကျား၊ မ ညီမျှမှု ၊ အလုပ်အကိုင် အခွင့်အလမ်း၊ သယံဇာတသုံးစွဲမှုဆိုတဲ့ အချက်ပေါင်း မြောက်မြားစွာကိုတော့ ရေးယာအလိုက် အကုန်လုံး ခြုံငုံမိပါတယ်။ အချက်အလက်အသေးစိတ်အနေနဲ့ကတော့ ဆက်ပြီး ဆောင်ရွက်ရမယ့် မဟာဗျူဟာတွေ ဆက်ပြီးလုပ်တဲ့အခါမှာ အကုန်လုံးပါလာမှာ ဖြစ်ပါတယ်။ ။

**သတင်း- ဟန်မီမီဇော်၊ ဓာတ်ပုံ - မီဖြိုး**

**"လုပ်ငန်းစီမံချက်တွေကို ဗဟိုမှာ စုစည်းပြီးရင် အားလုံး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်မယ့် အစီအစဉ်တွေ ထွက်လာမှာ ဖြစ်ပါတယ်။ အဲဒါက တကယ့်ကို လူငယ်ဖွံ့ဖြိုးရေးအတွက် တကယ် အဓိကကျတဲ့ ကဏ္ဍအနေနဲ့ရှိနေမှာ ဖြစ်ပါတယ်။ လူငယ်မူဝါဒက နိုင်ငံတိုင်း နိုင်ငံတိုင်းအတွက် မရှိမဖြစ် မူဝါဒတစ်ခု ဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်ပေးတဲ့ မူဝါဒဖြစ်တဲ့အတွက်ကြောင့် ရှိသင့်တဲ့ မူဝါဒ ဖြစ်ပါတယ်"**

*စာမျက်နှာ ၅ မှ*

ထို့နောက် **မြန်မာနိုင်ငံ လူငယ်ရေးရာ မူဝါဒစာအုပ်**ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မူဝါဒရေးဆွဲရေး ဦးဆောင်ကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မူဝါဒရေးဆွဲရေး ဦးဆောင်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့ထံ လူငယ်ရေးရာမူဝါဒ စာအုပ်ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် လူငယ်ရေးရာ မူဝါဒ ရေးဆွဲရေးဆိုင်ရာ မှတ်တမ်းတင်ဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လူငယ်မူဝါဒရေးဆွဲရေး ကော်မတီသုံးရပ်တွင် ပါဝင်သော ကော်မတီဝင်များနှင့် လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်များနှင့် အဖွဲ့အစည်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ လူငယ်ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ လူဦးရေ ၅၁ ဒသမ ၄ သန်းရှိပြီး ၎င်းတို့အနက် လူငယ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွက် အကျုံးဝင်နိုင်သော အသက်အပိုင်းအခြားအလိုက် လူဦးရေအချိုးအစားမှာ အသက် ၁၅ နှစ်မှ ၁၉ နှစ် အထိ ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ အသက် ၂၀ မှ ၂၄ နှစ်အထိ ၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ အသက် ၂၅ နှစ်မှ ၂၉ နှစ်အထိ ၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ အသက် ၃၀ မှ ၃၄ နှစ်အထိ ၇ ဒသမ ၇၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ-စင်ကာပူနှစ်နိုင်ငံနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် Ms. Vanessa Chan Yuen Ying အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံခေါင်းဆောင်များ ခေတ်အဆက်ဆက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး ကောင်းမွန်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လက်ရှိပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနေမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ-စင်ကာပူနှစ်နိုင်ငံနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည့် Ms. Vanessa Chan Yuen Ying အား တွေ့ဆုံစဉ်။** သတင်းစဉ်

# ကလေးစာပေပွဲတော်လုပ်တာ ကလေးတွေအတွက် အများကြီး အကျိုးရှိပါတယ်၊ ဒီလိုပွဲတော်လုပ်တဲ့အတွက် အမြင်တွေကျယ်လာမယ်၊ အသိပညာတွေ တိုးတက်လာမယ်

ဒေါ်ကြည်ကြည်ဝင်း (ကျောင်းသားမိဘ)

**ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပါဝင်ဆင်နွှဲကြမည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကလည်း ဝတ်စုံပြည့် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ ကလေးစာပေပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲကြမည့်သူများ၏ ရင်တွင်းစကားသံများကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။**



ဒေါ်ကြည်ကြည်ဝင်း



ဒေါ်မိမိခိုင်



ဦးဇိုးမှိုန်းထန်းအာ



ကိုဝေယံမိုးမြင့်



မောင်ဇော်ဝင်းထွန်း



မောင်ကောင်းဆက်ဝင်း

**ဒေါ်ကြည်ကြည်ဝင်း (ကျောင်းသားမိဘ)**

မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ကျိုက်ဝိုင်း) မရမ်းကုန်းမှာ တက်ရောက်ပညာသင်ကြားနေတဲ့ ကျောင်းသူ မခိုင်ဇာသွယ်ရဲ့ မိခင်ဖြစ်ပါတယ်။ ကျွန်မရဲ့ သမီးလေးက ဒီကလေးစာပေပွဲတော်ဖွင့်ပွဲမှာ ကျောင်းအနေနဲ့ တိုင်းရင်းသားအကမှာ ပါဝင်တာပါ။ ဒီလိုမျိုးပါဝင်ရတဲ့အတွက် ကျွန်မတို့က ဝမ်းသာပါတယ်။ ကျွန်မတို့ကလေးလေးတွေက မသန်စွမ်းကလေးတွေလေ။ မသန်စွမ်းကလေးလေးတွေက ဒီပွဲမှာပါဝင်ခွင့်ရတယ်ဆိုတော့ ကျောင်းအနေနဲ့ရော၊ မိဘတွေအနေနဲ့ရော၊ ကလေးအနေနဲ့ရော ဂုဏ်ယူဝမ်းသာမိပါတယ်။ စာပေပွဲတော်လုပ်တာဟာ အလွန်ကောင်းပါတယ်။ အန်တီတို့ကလေးတွေကျတော့ ဉာဏ်ရည်မသန်စွမ်းဖြစ်တဲ့အတွက်ကြောင့် စာပေဘက်မှာတော့သူတို့က ထိရောက်တဲ့အတိုင်းအတာထိ မသွားနိုင်ဘူး။ ဒါပေမယ့် သူတို့ ဒီမှာလုပ်နေတာလေးတွေ တွေ့သွားမယ်ဆိုရင် အမြင်အားဖြင့် သူတို့အတွက်ကို ဒီထက်မကနည်းနည်းလေး တိုးတက်သွားရင်ပဲ ဝမ်းသာရပါတယ်။ ကလေးတွေအတွက်တော့ အများကြီးအကျိုးရှိပါတယ်။ ဒီလို ပွဲတော်တွေလုပ်တဲ့အတွက် အမြင်တွေကျယ်လာမယ်၊ အသိပညာတွေတိုးတက်လာမယ်၊ နောက်စာပေဖတ်တာမှာလည်း ဝါသနာတွေပါလာမယ်ဆိုတော့ တော်တော်ကောင်းတဲ့ အစီအစဉ်လေးပါ။

**ဒေါ်မိမိခိုင် (ကျောင်းသားမိဘ)**

မသန်စွမ်း သက်ငယ်သင်တန်းကျောင်း (ကျိုက်ဝိုင်း)၊ မရမ်းကုန်းမှာ တက်ရောက်ပညာသင်ကြားနေတဲ့ ကျောင်းသား မောင်ကောင်းထွန်းရဲ့ မိခင်ဖြစ်ပါတယ်။ ဟိုတုန်းကဆိုရင် မသန်စွမ်းကလေးတွေမှာ အခွင့်အလမ်းဆိုတာ မရှိခဲ့ကြဘူး။ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဆိုတာလည်း မရှိခဲ့ဘူး။ ကလေးစာပေပွဲတော်မှာလည်း မသန်စွမ်းကျောင်းကနေပြီးတော့ ပူးပေါင်းပါဝင်ခွင့်ပေးတဲ့အတွက်ကြောင့်မို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ စာပေပွဲတော်ဆိုတာ ကလေးတွေ တော်တော်စိတ်ဝင်စားကြတယ်။ စိတ်ဝင်စားတယ်ဆိုတဲ့ နေရာမှာ ကလေးဆိုတာမျိုးက ကာတွန်းမြင်ရင် မနေနိုင်ဘူး။ ကြည့်ချင်ကြတယ်။ စာမဖတ်တတ်လည်း ကာတွန်းလေးကို ကြည့်ချင်တယ်။ ကျွန်မတို့ ကလေးတွေဟာဆိုရင် ရုပ်ပြနဲ့သင်ရတဲ့ ကလေးလေးတွေဖြစ်တဲ့အတွက်ကြောင့် ရုပ်ပြလေးကိုကြည့်ပြီးတော့မှ သင်ပေးရတဲ့အတွက် ကလေးစာပေပွဲတော်ရဲ့ ရုပ်ပြစာပေလေးတွေဟာ ကျွန်မတို့ သန်စွမ်းတဲ့ကလေးတွေအတွက်ရော၊ မသန်စွမ်းတဲ့ကလေးတွေအတွက်ပါ အင်မတန်မှအကျိုးဝင်တဲ့ စာပေပွဲတော်တစ်ခုဖြစ်ပါတယ်။

မသန်စွမ်းကလေးတွေက ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာကြီးတွေ၊ ဆရာမကြီးတွေဆိုတာလည်း ဖြစ်မလာနိုင်တဲ့ ကလေးတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့်မို့ မသန်ပေမယ့် စွမ်းအောင်လို့ဆိုတာ သူတို့ရဲ့ စိတ်ပါဝင်စားတဲ့အရာကို ဖြစ်မြောက်အောင် သင်ယူစေချင်ပါတယ်။ ကျွန်မသားလေးဟာ အကကို စိတ်ဝင်စားတဲ့အတွက် အကကို ဖြစ်မြောက်အောင်လို့ နိုင်ငံတော်ကသတ်မှတ်တဲ့ ပွဲလေးတွေမှာဆိုရင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခိုင်းပါတယ်။ ကျောင်းရဲ့ ဖျော်ဖြေရေးပွဲလေးတွေမှာလည်း ဝင်ရောက်ဖျော်ဖြေပေးပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ကျင်းပတဲ့ကလေးများရဲ့စာပေပွဲတော်ကို သန်စွမ်းတဲ့မိဘတွေကလည်း ကလေးတွေရဲ့ ဉာဏ်ရည်မြင့်မားစေဖို့၊ ဗဟုသုတရရှိစေဖို့အတွက်ကို ကလေးစာပေပွဲတော်ကို လာရောက်စေချင်ပါတယ်။ မသန်စွမ်းကလေးတွေလည်း လူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ တန်းတူရည်တူ ပါဝင်ခွင့်ရှိတယ်ဆိုတာကို ကျွန်မက ဖိတ်ခေါ်လိုက်ပါတယ်။

**ဦးဇိုးမှိုန်းထန်းအာ၊ English Teacher (Brown Academy)**

ကျွန်တော်တို့ကတော့ အလွန်ဝမ်းသာပါတယ်။ မြို့နေကလေးတော်တော်များများကတော့ အခုစာအုပ်သိပ်မဖတ်တော့ဘူး။ အင်တာနက်တွေသုံးလာကြတယ်။ Screen ပေါ်မှာပဲ entertainment လေးတွေကြည့်တာ ပိုများကြတာပေ့ါ။ စာအုပ်ဖတ်တဲ့ အလေ့အထလေးတွေက လျော့သွားတယ်။ ဒီတော့ ဗဟုသုတကို အစကနေအဆုံး မရနိုင်တဲ့ကလေးတွေ ပိုများလာတာပေ့ါ။ ဒီလိုကလေးစာပေပွဲတော်လုပ်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ မြန်မာ့ကလေးစာပေလေးတွေ ပိုပြီးထွန်းကားလာတာ ပိုတွေ့ရတယ်။ အခုနောက်ပိုင်းပြန်ကြည့်လိုက်ရင် ကလေးစာအုပ်လေးတွေက ကျွန်တော်တို့ငယ်ငယ်တုန်းကထက်ပိုပြီး နည်းသွားတာပေ့ါနော်။ ကျွန်တော်တို့ငယ်ငယ်တုန်းကဆို ရွှေသွေးတို့၊ မိုးသောက်ပန်းတို့ ဒါလေးတွေဖတ်ပြီးကြီးလာကြတာ၊ အခုဆို ဒါမျိုးတွေမတွေ့ရတော့ဘူး။ ဒါပေမယ့် အခုသမ္မတကြီးနဲ့ ပြန်ကြားရေးဝန်ကြီးဌာနက ဒါလေးတွေပြန်လုပ်တော့ ပိုပြီးတော့၊ ကောင်းလာတယ်။ နည်းပညာလည်းတိုးတက်လာတော့ ကလေးတွေဖတ်ရမယ့်စာတွေ၊ ဗဟုသုတတွေ ကလေးတွေအတွက် ပိုပြီးတိုးတက်လာတော့ ဝမ်းသာသလို အားလည်း ပေးပါတယ်။ ကလေးစာပေဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကလေးတွေ စာဖတ်ချင်အောင် သူတို့ဖတ်ချင်တဲ့ ဇာတ်ကောင်လေးတွေ ကောင်းကောင်းလေးနဲ့ ဇာတ်လမ်းခိုင်မာဖို့ရယ်၊ ပြီးရင်ဆွဲတဲ့ illustration ကောင်းဖို့ လိုမယ်လို့လည်း ထင်ပါတယ်။ စာပေပွဲတော်ဟာ အမြင်ဖွင့်ပေးလိုက်တာဖြစ်တဲ့အတွက်ကြောင့် စာပေပွဲတော်ရဲ့ အနှစ်သာရကို ယူသွားကြဖို့၊ နောက်ပြီး စာဖတ်ဖို့ဆက်ပြီး အားပေးပါ၊ စာဖတ်ဖို့ အလေ့အကျင့်ဖြစ်သွားရင်တစ်ချိန်ကျရင် လူကြီးလူကောင်းတွေ ဖြစ်မယ်လို့ ပြောချင်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ကိုဝေယံမိုးမြင့်၊မန်နေဂျာ၊ Happy World ကစားကွင်း**

ကလေးစာပေပွဲတော်မှာ ကလေးတွေပျော်ဖို့၊ ရွှင်ဖို့ ဂိမ်းကစားဖို့အတွက် ဂိမ်းအစုံအလင် လူကြီး၊ လူငယ်၊ လူလတ်မရွေး ကလေးငယ်လေးတွေကစပြီး ဆော့လို့ရတဲ့ ဂိမ်းအမျိုးအစား ၂၂ ခုလောက် ထည့်သွင်းထားပါတယ်။

နိုင်ငံတော်နဲ့ချီပြီး လုပ်တဲ့ပွဲမျိုးမှာ တာဝန်ယူပြီး လုပ်ဆောင်ပေးရတဲ့အတွက် Happy World ကစားကွင်းအနေနဲ့အဓိက ကလေးတွေ စာပေအတွက်လုပ်ရတဲ့ ပွဲမျိုးမှာ အသိပညာ၊ ဗဟုသုတ၊ အတတ်ပညာပွဲမျိုးတွေမှာ ပါဝင်ကူညီရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

ကလေးစာပေပွဲတော်ကိုလာတဲ့ ကလေးတွေအတွက် စာတွေချည်းပဲ အချိန်ပြည့်မကြည့်နိုင်၊ အချိန်ပြည့် စိတ်မဝင်စားနိုင်တဲ့အတွက် တစ်ဖက်တစ်လမ်းကနေ စာလည်းကြည့်ရင်း ဆော့ကစားနိုင်ဖို့ ကစားကွင်းကိုလည်း တကူးတကသွားစရာမလိုတဲ့အတွက် Indoor ၊ Outdoor ဘယ်မှာမှလည်း မလုပ်ဖူးသေးတဲ့ ကလေးရေကူးကန်၊ Mobile ရေကူးကန်ကြီးကိုပါ ထည့်သွင်းဖွင့်လှစ်ထားတဲ့အတွက် ကလေးတွေအနေနဲ့ စာပေပွဲတော်ကို လာရောက်လေ့လာစေချင်သလို လာလည်း ဆော့ကစားစေချင်ပါတယ်။

ပါဝင်တဲ့ဂိမ်းအားလုံးကို တစ်ကြိမ်တည်းဆော့မယ်ဆိုရင် တစ်ကြိမ်တည်းမှာပဲ စုစုပေါင်းအားလုံး ၃၀၀ နီးပါး ဆော့ကစားနိုင်ပါတယ်။

**မောင်ဇော်ဝင်းထွန်း၊ အဋ္ဌမတန်း၊ အ.ထ.က (၄) ပုဇွန်တောင်**

ကျွန်တော် အခုတလောဖတ်ဖြစ်တဲ့ စာအုပ်တွေကတော့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ စာအုပ်တွေ ဖတ်ဖြစ်ပါတယ်။ကျောင်းမှာလည်း အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကြက်ခြေနီအသင်းလည်း ဝင်ထားတဲ့အတွက် အဲဒါတွေ ဖတ်ဖြစ်ပါတယ်။

TV မှာ ကြေညာတုန်းက အဲဒီကိုသွားချင်တယ်။ ဒါပေမယ့် အခြားတိုင်းဒေသကြီးတွေမှာဆိုတော့၊ ရန်ကုန်တိုင်းမှာ လာလုပ်တဲ့အတွက်ကြောင့် စာအုပ်တွေလည်းပိုပြီးတော့ ဖတ်လို့ရတယ်။ ဝယ်လည်း ဝယ်လို့ရတယ်။ အတိုင်းမသိ ဝမ်းသာပါတယ်။

အခုနောက်ပိုင်းမှာ ကလေးတွေက ဂိမ်းတွေပဲဆော့တယ်။ ဒီစာအုပ်တွေအပေါ်မှာလည်း သိပ်ပြီးမဖတ်ကြတော့ဘူး။ တချို့ကျတော့ဖတ်တော့ဖတ်တယ်။ ဒါပေမယ့် Online ပေါ်မှာ E-book တွေဖတ်ကြတယ်။ ဒီလိုမျိုးစာအုပ်တွေကျတော့ ထုတ်တော့ထုတ်တယ်။ ဒါပေမယ့်ဝယ်မဖတ်ကြတော့ဘူး။ အခုလို ကလေးစာပေပွဲတော်ကျင်းပလိုက်တဲ့အတွက် ကလေးတွေအနေနဲ့ စာအုပ်တွေ ပိုပြီးတော့ ဖတ်လာမယ်လို့ ထင်ပါတယ်။

**မောင်ကောင်းဆက်ဝင်း၊ အဋ္ဌမတန်း စိန့်ကုံကော်ပွင့် (ကိုယ်ပိုင်ကျောင်း)**

ဆရာကြီးမင်းသုဝဏ်ပြခန်းကို ကြည့်လိုက်တဲ့အခါ ဆရာကြီးမင်းသုဝဏ်ရဲ့ စာပေတွေကိုတွေ့ပြီး ဝမ်းသာရပါတယ်။ ကြည်နူးမိပါတယ်။

အစကတော့ ဒီကိုလာရမယ်မှန်းမသိဘူး။ နောက်မှ မနက်ကမှ ဖုန်းဆက်ပြီးပြောတော့ အလွန်ပျော်သွားပါတယ်။ မရောက်ဖူးတဲ့နေရာကို ပထမဦးဆုံးရောက်လာတဲ့အတွက်လည်း စိတ်ထဲမှာပျော်မိတယ်။

အခုအချိန်မှာသားအနေနဲ့ သုတရော ရသပါ ဖတ်ဖြစ်ပါတယ်။ အခုစာမေးပွဲနီးနေတဲ့အတွက် ဖတ်တာကို လျော့ထားရပါတယ်။

ပွဲတော်ရက်တွေမှာ ကာယပိုင်းဖြစ်တဲ့ ဂိမ်းကစားနည်းတွေ၊ Happy World ကစားကွင်းက ကစားနည်းတွေမှာ ပါဝင်ကစားသွားမှာပါ။

ကျောင်းပြင်ပအချိန်တွေမှာ ပန်းချီဆွဲတာမျိုး၊ အားကစားလုပ်တာမျိုး၊ သီချင်းနားထောင်တာမျိုး၊ စာအုပ်ဖတ်တာမျိုးတွေလုပ်ဖြစ်ပါတယ်။

ဒီကိုလာရတဲ့အတွက် ဆရာကြီး မင်းသုဝဏ်ရဲ့ကဗျာတွေလည်းသိရတယ်။ လူအများနဲ့လည်း ပြောဆိုဆက်ဆံတတ်လာတယ်။ စိတ်ထဲကနေ ပျော်ရွှင်လာတဲ့အတွက် အားလုံးကိုလာခဲ့ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**သတင်း-အောင်မင်းဟန်နှင့်အဖွဲ့**

# ကိုယ်သာ အာရှနဲ့ ဥရောပက ခေါင်းဆောင်တွေကို တိုက်ရိုက် ပြောဆိုခွင့်ရမယ်ဆိုရင် ဘာတွေပြောမလဲ ပြည်သူတွေပါဝင်တဲ့ သံတမန်ဆက်ဆံရေးကို ဘယ်လိုမျိုး တည်ဆောက်မလဲဆိုတဲ့ အမြင်တွေကို မေးပါတယ်

မောင်ဖြိုးသူရငြေး

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ် နိုင်ငံတကာအဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခြင်း

**ရန်ကုန်နှင့် နေပြည်တော်တို့တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိကျင်းပခဲ့သည့် 8th Model ASEM တွင် အာရှနှင့် ဥရောပတိုက် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ လူငယ်ပေါင်း ၁၅၀ ကျော် ပါဝင်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ 8th Model ASEM တွင် ပါဝင်ခဲ့ကြသည့် ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဘာသာရပ် နောက်ဆုံးနှစ်ကျောင်းသား မောင်ဖြိုးသူရငြေး၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန ဒုတိယနှစ် ဂုဏ်ထူးတန်းကျောင်းသူ မယေ့တိုင်ဆိန်းနှင့် ဟားခါးကောလိပ် သမိုင်းဒုတိယနှစ်ကျောင်းသူ မဗျက်ပါရ်လိန်းတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး ။ ။ 8th Model ASEM ကို ဘယ်လိုသိရှိပြီး ပါဝင်ဖြစ်ခဲ့သလဲဆိုတာ အနည်းငယ် ရှင်းပြပေးပါ။**

**မောင်ဖြိုးသူရငြေး။** ။ 8th Model ASEM ဆိုတာ အာရှနဲ့ ဥရောပတိုက်မှာရှိတဲ့ နိုင်ငံပေါင်း ၅၁ နိုင်ငံက နိုင်ငံခေါင်းဆောင်တွေနဲ့ နိုင်ငံခြားရေးဝန်ကြီးတွေ နှစ်အလိုက် ကျင်းပတဲ့ အစည်းအဝေးပါ။ ဒီအစည်းအဝေးမှာ အာရှနဲ့ ဥရောပတိုက်က ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကိုယ်သာ နိုင်ငံ့ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ဘယ်လိုညှိနှိုင်းဆွေးနွေးမလဲဆိုတဲ့ နိုင်ငံခေါင်းဆောင်တွေ ကိုယ်စားဝင်ရောက်ဆွေးနွေးတဲ့ အစီအစဉ်တစ်ခုကို လေ့ကျင့်ပျိုးထောင်ပေးတဲ့ ပရိုဂရမ်ဖြစ်ပါတယ်။

ဒီပရိုဂရမ်ကို အာရှ - ဥရောပဖောင်ဒေးရှင်းက စီစဉ်ကျင်းပပေးတာဖြစ်ပြီးတော့ မြန်မာနိုင်ငံက ပညာရေးဝန်ကြီးဌာနက အိမ်ရှင် မိတ်ဖက်အဖွဲ့အစည်းအနေနဲ့ ကူညီပံ့ပိုးပေးတာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီပရိုဂရမ်ကို အွန်လိုင်းကနေ လျှောက်ခဲ့တာပါ။ သူတို့ရဲ့မေးခွန်းက ကျောင်းသားတစ်ယောက် အနေနဲ့ ပြင်ပလှုပ်ရှားဆောင်ရွက်မှု ဘာတွေရှိသလဲ၊ တက်ကြွစွာ ပါဝင်လှုပ်ရှားရဲ့လားဆိုတဲ့ မေးခွန်းအပြင် ကိုယ်သာ အာရှနဲ့ ဥရောပက ခေါင်းဆောင်တွေကို တိုက်ရိုက်ပြောဆိုခွင့် ရမယ်ဆိုရင် ဘာတွေပြောမလဲ၊ နောက်တစ်ခုက ပြည်သူတွေပါဝင်တဲ့ သံတမန်ဆက်ဆံရေးကို ဘယ်လိုမျိုး တည်ဆောက်မလဲဆိုတဲ့ အမြင်တွေကိုလည်း မေးပါတယ်။ ဒါကို ကျွန်တော်တို့က အပြည့်အစုံရေးသားပြီး လျှောက်ထားရတယ်။ အဲဒီအထဲကမှ စိစစ်ရွေးချယ်ခေါ်ယူတာ ဖြစ်ပါတယ်။

**မယေ့တိုင်ဆိန်း ။** ။ ပရိုဂရမ်ရဲ့ အချက်အလက်တွေကို ကျောင်းကနေ သိရှိခဲ့တာ ဖြစ်ပါတယ်။ အွန်လိုင်းကနေ 8th Model ASEM ရဲ့ လျှောက်လွှာပုံစံကို ရယူပြီး သူတို့ရဲ့ အဆင့်ဆင့် မေးခွန်းတွေကို ဖြေဆိုပြီး လျှောက်ထားခဲ့တာပါ ။

**မဗျက်ပါရ်လိန်း ။** ။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားတွေကို ဦးစားပေးပြီး ရွေးချယ်တာတွေ့ရပါတယ်။ ဒီလိုရွေးတဲ့အခါ ကျောင်းကနေတစ်ဆင့် ရွေးချယ်တာဖြစ်တဲ့အတွက် ညီမအနေနဲ့ အွန်လိုင်းကို မဖြေခဲ့ရဘဲ ပါဝင်ခွင့်ရခဲ့ပါတယ်။

**မေး ။ ။ ရွေးချယ်ခံရပြီးနောက် 8th Model ASEM အတွက် ဘာတွေ ကြိုတင်ပြင်ဆင်ခဲ့ရသလဲ သိပါရစေ။**

**မောင်ဖြိုးသူရငြေး။** ။ ဒီလိုရွေးချယ်ခံရပြီးနောက်မှာ အာရှ-ဥရောပဖောင်ဒေးရှင်းကနေ ရက်သတ္တပတ် လေးပတ်ကြာသင်တန်းကို အွန်လိုင်းကနေပေးပါတယ်။ ASEM အတွက် ဘယ်လိုစာတွေ ဖတ်ရမယ်။ မိမိကိုယ်စားပြုရမယ့် နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့ အချက်အလက်တွေကို အဆိုင်းမင့် ရေးရတယ်။ ပြီးတော့ ကိုယ့်နိုင်ငံအနေနဲ့ အာရှ- ဥရောပမှာ ဘယ်လို အခြေအနေတွေ ရှိနေတယ်၊ နိုင်ငံခြားရေးမူဝါဒဆိုရင်လည်း ဘယ်လို ရှိနေတယ်ဆိုတာကို အွန်လိုင်းကနေ ရှာဖတ်ရတယ်။ ကျွန်တော်ကိုယ်စားပြုခဲ့ရတဲ့ နိုင်ငံက ဥရောပတိုက်ရဲ့ ဩစတြီးယားနိုင်ငံဖြစ်ပြီး အဲဒီနိုင်ငံ အဖွဲ့ခေါင်းဆောင်ကို ကိုယ်စားပြုခဲ့ရတာပါ။ ဩစတြီးယားအနေနဲ့ ဥရောပတိုက်အတွင်း လက်ရှိအချိန် အနေအထား၊ နည်းပညာဖွံ့ဖြိုးတိုးတက်ပုံ၊ စီးပွားရေးအနေအထားတွေကို ရှာဖွေဖတ်ခဲ့ရပါတယ်။

**မယေ့တိုင်ဆိန်း ။** ။ ကျွန်မက ဒီပွဲမှာ ဥရောပရဲ့ ဆွီဒင်နိုင်ငံကို ကိုယ်စားပြုပြီး ဆွေးနွေးပါဝင်ခွင့်ရတာကြောင့် ဆွီဒင်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒ ဘယ်လိုရှိတယ်ဆိုတာကို လေ့လာခဲ့ပါတယ်။ Theme အလိုက် ဆွေးနွေးရမယ့် ခေါင်းစဉ်တွေကို ခွဲထားပေးတာကြောင့် ကျွန်မရရှိခဲ့တဲ့ ရေရှည်ဖွံ့ဖြိုးမှု ခေါင်းစဉ်အောက်မှာ ဆင်းရဲမွဲတေမှု လျှော့ချရေးနဲ့ ပတ်သက်ပြီး ဆွီဒင်နိုင်ငံက ဘာတွေလုပ်နေတယ်ဆိုတာကို လေ့လာခဲ့ရတယ်။

**မဗျက်ပါရ်လိန်း ။** ။ ကျွန်မကတော့ ပြင်သစ်နိုင်ငံကို ကိုယ်စားပြုပြီး ဆွေးနွေးခဲ့ရပါတယ်။ ပြင်သစ်နိုင်ငံရဲ့လူမှုရေး ၊ စီးပွားရေး၊ ပညာရေးတွေကို လေ့လာခဲ့ရတယ်။ ဆင်းရဲနွမ်းပါးမှု ဘယ်လိုလျှော့ချမလဲဆိုတဲ့ ခေါင်းစဉ်ကို ဆွေးနွေးခဲ့ရပါတယ်။

**မေး။ ။ 8th Model ASEM မှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့ အပိုင်းတွေကို ပြောပြပေးပါဦး။**

**မောင်ဖြိုးသူရငြေး။** ။ ဩစတြီးယားနိုင်ငံရဲ့ ကိုယ်စားလှယ်ခေါင်းဆောင်အနေနဲ့ ပါဝင်ခွင့်ရခဲ့တာဖြစ်တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေး ပုံစံတူ အစည်းအဝေးမှာ ပါဝင်ဆွေးနွေးခဲ့ရတယ်။ ဒါ့အပြင် လက်ရှိဖွံ့ဖြိုးလာတဲ့ခေတ်မှာ အိုင်တီနည်းပညာကို အသုံးပြုပြီး အာရှ-ဥရောပက နိုင်ငံတွေအချင်းချင်း ဘယ်လို ကောင်းမွန်စွာ ဆက်သွယ်နိုင်မလဲဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ ပါဝင်ဆွေးနွေးခဲ့ရပါတယ်။

**မယေ့တိုင်ဆိန်း ။** ။ ကျွန်မကိုယ်စားပြုတာ ဆွီဒင်နိုင်ငံဖြစ်တာကြောင့် ဆွီဒင်နိုင်ငံရဲ့ ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ဆောင်ရာမှာ ASEM နိုင်ငံတွေနဲ့ ဘယ်လို ပူးပေါင်းဆောင်ရွက်မလဲဆိုတဲ့အပိုင်းကို အကြောင်းအရာသုံးချက်နဲ့ ဆွေးနွေးခဲ့တယ် ။ ဒီသုံးချက်က ပုံစံမျိုးစုံသော ဆင်းရဲမှုလျှော့ချရာမှာ တန်းတူညီမျှ အခွင့်အရေးနဲ့ အားလုံး ပါဝင်နိုင်အောင် ဆောင်ရွက်ပေးရေး (Equality and Inclusion)၊ နယ်ပယ်တစ်ခု level တစ်ခုကနေ ချမှတ်လိုက်တဲ့ မူဝါဒတွေက အခြားဧရိယာနယ်ပယ်၊ အခြား level မှာ ချမှတ်တဲ့ ပေါ်လစီမူဝါဒနဲ့ ကိုက်ညီပြီး ဆင်းရဲမှုအဆုံးသတ်ရေးအတွက် အထောက်အကူပြုရေး (Policy Coherence)၊ ဆင်းရဲမှုလျှော့ချရာမှာ ASEM နိုင်ငံတွေအကြား အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး (Partnership) ဆိုတာပဲ ဖြစ်ပါတယ်။

**မဗျက်ပါရ်လိန်း ။** ။ ပြင်သစ်နိုင်ငံရဲ့ အလုပ်အကိုင်အခွင့်အလမ်း မညီမျှမှုကို ဘယ်လို ဆောင်ရွက်မလဲ။ ကျန်းမာရေး ခက်ခဲနေတဲ့နေရာတွေကို ဘယ်လိုဆောင်ရွက်မလဲဆိုတာတွေမှာ ပါဝင်ဆွေးနွေးခဲ့ပါတယ်။

**မေး ။ ။ 8th Model ASEM မှာ ဘယ်လိုဆုတွေ ရခဲ့သလဲ၊ တွေ့ကြုံရတဲ့ အခက်အခဲတွေရှိရင် ဝေမျှပေးပါဦး။**

**မောင်ဖြိုးသူရငြေး။** ။ ဒီပွဲမှာ ကျွန်တော်ရခဲ့တဲ့ ဆုက Best Delegate From Asia -အာရှတိုက်က အကောင်းဆုံး ကိုယ်စားလှယ်ဆုပါ။ ပွဲတစ်ခုလုံး ပြီးသွားတဲ့အခါ ပွဲမှာ ပါဝင်ကြတဲ့ ကျောင်းသားတွေကိုယ်တိုင် ပါဝင်မဲပေးပြီး ရွေးချယ်ရတာပါ။ ဒီပွဲမှာ အာရှနဲ့ ဥရောပကလာကြတဲ့ ကျောင်းသားကိုယ်စားလှယ်တွေထဲက ဘယ်ကျောင်းသား ကိုယ်စားလှယ်က သူကိုယ်စားပြုတဲ့ နိုင်ငံအကြောင်းကို ကောင်းမွန်စွာ ဆွေးနွေးနိုင်တယ်ဆိုတာ အချင်းချင်း အပြန်အလှန် မဲပေးရွေးချယ်ရတာပါ။ အာရှတိုက်က နှစ်ယောက် ရခဲ့ပါတယ်။ တစ်ယောက်က စင်ကာပူနိုင်ငံက ဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ ကျွန်တော်ရခဲ့ပါတယ်။ ဒီပွဲကို နယ်ပယ်ပေါင်းစုံက လာကြတာဖြစ်ပြီး ကျွန်တော်ဆိုရင် နည်းပညာတက္ကသိုလ်က အင်ဂျင်နီယာကျောင်းသားတစ်ယောက်ဖြစ်တဲ့အတွက် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်တွေမှာ အားနည်းတာမျိုးရှိခဲ့တယ်။

ဒီပွဲမတိုင်ခင် သုံးပတ်ကြာ ရန်ကုန်တက္ကသိုလ်က ဆရာ ဆရာမတွေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ လာရောက်ပြီး မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်နေတဲ့ အခြေအနေ၊ သံတမန်တစ်ယောက်အနေနဲ့ ဘယ်လိုပြုမူရမယ်၊ ဘယ်လို စကားပြောရမယ်ဆိုတာတွေကို သင်ကြားပေးခဲ့ပါတယ်။ အခုလို ဆုရတဲ့အတွက် နောက်နှစ် အိုင်ယာလန်နိုင်ငံမှာ ကျင်းပမယ့် Model ASEM ပွဲငယ်တစ်ခုမှာ ပါဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။

**မယေ့တိုင်ဆိန်း ။** ။ 8th Model ASEM ပြီးတဲ့အခါ လူငယ်တွေ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ဒီလူငယ်တွေရဲ့ အသံကို တကယ့် (၁၃)ကြိမ်မြောက် ASEM နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးမှာ ပြန်ပြီးတော့ တင်ပြပေးဖို့(Intervention Speech)ပြောကြားဖို့ လူငယ်လေးဦးကို ရွေးချယ်တဲ့အခါမှာ မြန်မာနိုင်ငံ ကိုယ်စားပြုသူတစ်ဦးအနေနဲ့ ပါဝင်တက်ရောက်ပြောကြားခွင့်ရခဲ့တာဖြစ်ပါတယ်။ Model ASEM ဆွေးနွေးပွဲမှာ ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုအနေနဲ့ကတော့ ကိုယ့်နိုင်ငံမဟုတ်ဘဲ အခြားနိုင်ငံအကြောင်းကို ကိုယ်စားပြုဆွေးနွေးရတာ ဖြစ်တဲ့အတွက် ပြောဆိုဆွေးနွေးရင်း တစ်ခါတလေ အဲ့ဒီနိုင်ငံရဲ့ အမြင်၊ ရှုထောင့်မဟုတ်တာ ဖြစ်နေတတ်လို့ အတော်ကို သတိထားခဲ့ရပါတယ်။ ကိုယ်စားပြုနေတာက အခြားနိုင်ငံဖြစ်နေတာကြောင့် အနည်းငယ်စိန်ခေါ်မှုတွေတော့ ကြုံခဲ့ရပါတယ်။

*စာမျက်နှာ ၉ သို့*



၂၀၁၇ ခုနှစ် နိုဝင်ဘာလက နေပြည်တော်၌ (၈)ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေး ပုံစံတူဆွေးနွေးပွဲ (8th Model ASEM) ကျင်းပစဉ်။




(၈)ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေး ပုံစံတူဆွေးနွေးပွဲ (8th Model ASEM) သို့ တက်ရောက်ကြသူများ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



8th Model ASEM အစည်းအဝေးတွင် မြန်မာနိုင်ငံမှ ကျောင်းသူ မယေ့တိုင်ဆိန်းက ဆွီဒင်နိုင်ငံကိုယ်စားပြု ဆွေးနွေးစဉ်။




(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် လူငယ်များ၏ အသံကို တင်ပြခွင့်ရသည့် မြန်မာနိုင်ငံကိုယ်စားပြု မယေ့တိုင်ဆိန်း တက်ရောက်ဆွေးနွေးစဉ်။

# ကြိုးစားခြင်းနှင့် ညီညွတ်ခြင်းကို ငြိမ်းချမ်းခြင်း၊ တိုးတက်ခြင်း၏အကြောင်းဟု ရှုမြင်ပြီး နိုင်ငံတော်ငြိမ်းချမ်းတိုးတက်အောင် ဆောင်ရွက်

**ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းလေ့ရှိရာ ယခု ၂၀၁၈ ခုနှစ်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး စံပြကျေးရွာရှိ တိပိဋက စိန်ရွှေဖူးကျောင်းတိုက်မှ ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ ဣန္ဒာစရိယ အား ဘွဲ့တံဆိပ်တော်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ လက်ရှိအချိန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် သာသနာပြုလုပ်ငန်းများအပေါ် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြပေးလိုက်ပါသည်။**

**မေး ။ ။ နိုင်ငံတော်အစိုးရက ဆရာတော်ကို ဒီနေ့မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ကြောင်း သိရပါတယ်ဘုရား၊ ဘွဲ့တံဆိပ်တော်နဲ့ပတ်သက်ပြီး မိန့်ကြားပေးတော်မူပါဘုရား။**

ဖြေ ။ ။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်တယ်ဆိုတာက တိပိဋက ကောဝိဒ ဘွဲ့ရပြီး ငါးနှစ်ပြည့်မြောက်လို့ ဆက်ကပ်ခံရတာဖြစ်ပါတယ်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရတာ မင်းကွန်းဆရာတော်ဘုရားကြီးကစပြီး အခုအချိန်ထိ ၁၃ ပါးရှိပါပြီ။ ဆရာတော်ကတော့ ၁၃ ပါးမြောက်ဖြစ်ပါတယ်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆိုတာ ပိဋကတ်သုံးပုံ အာဂုံဆောင်တဲ့ တရားဘဏ္ဍာစိုးလို့ အဓိပ္ပာယ်ရပါတယ်။ တပေါင်းလပြည့်နေ့မှာ ဒီဘွဲ့တံဆိပ်တော်ကို နေပြည်တော်မှာ ဆက်ကပ်မယ်လို့ သိရပါတယ်။ ဒီဘွဲ့တံဆိပ်တော်ကို တိပိဋကကောဝိဒ အောင်မြင်ပြီး ငါးနှစ်ကြာရင် ဆက်ကပ်လေ့ရှိတာ ဖြစ်ပါတယ်။

**မေး ။ ။ တိပိဋကကောဝိဒဘွဲ့ရရှိအောင် ဆရာတော်အနေနဲ့ ဘယ်လိုများ ကြိုးစားအားထုတ်ခဲ့ရပါသလဲ ဘုရား။**

ဖြေ ။ ။ တိပိဋကကောဝိဒဘွဲ့ရရှိအောင်ဆိုရင် နှစ်ပေါင်းများစွာ အချိန်ယူပြီး ကြိုးစားကြရတာဖြစ်ပါတယ်၊ ဆရာတော်ဆိုရင် နှစ်ပေါင်း ၂၅ နှစ်ကြာ ကြိုးစားခဲ့ရပါတယ်၊ အာဂုံငါးဆင့်၊ ရေးဖြေငါးဆင့်ကို ၂၅ နှစ်ကြာ ဖြေဆိုခဲ့ပါတယ်၊ တချို့ဆရာတော်တွေဆိုရင် ၄၊ ၅ နှစ်၊ တချို့ဆိုရင် ၁၃ နှစ် ၁၄ နှစ်လောက်ပဲ ကြာတာမျိုးလည်းရှိပါတယ်။ တချို့ဆိုရင် ၂၅ နှစ်ကြာပြီးတာတောင် မအောင်သေးတာမျိုးတွေလည်း ရှိကြတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီစာမေးပွဲဖြေဆိုတဲ့အချိန် အာဂုံပြန်တဲ့အခါ တစ်ရက်ကို ၂၅ မိနစ်ကိုးကြိမ် ပြန်ဆိုရတယ်။ အနည်းဆုံးအဆင့်ဆိုရင် အချိန်ကာလအားဖြင့် ၆ ရက်၊ အများဆုံးအဆင့်ဆိုရင် ၁၈ ရက်အထိ ကြာမြင့်တဲ့အတွက် ကျန်းမာရေးကောင်းဖို့နဲ့ အသံအားကောင်းဖို့လည်း လိုအပ်ပါတယ်။ ဒါ့အပြင် ကံ၊ ဉာဏ်၊ ဝီရိယလည်း ပြည့်စုံဖို့လိုပါတယ်။ ကံဆိုတာကတော့ စာမေးပွဲအောင်မြင်ပြီး ပူဇော်ခံထိုက်တဲ့ ကံ၊ ဉာဏ်ဆိုတာ ကျက်မှတ်နိုင်တဲ့ ဉာဏ်ပညာ၊ ဝီရိယဆိုတဲ့ ကြိုးစားအားထုတ်မှုလည်း လိုအပ်ပါတယ်။ ရေးဖြေ ဖြေတဲ့အခါမှာလည်း ၁၂ ပုဒ်မေးတာကို ၁၀ ပုဒ် ဖြေဆိုရပြီး အမှတ် ၁၀၀ ပေးတဲ့အထဲက ၇၅ မှတ်ရမှ အောင်တာပါ၊ ဒါကြောင့် နှစ်ပေါင်း ၇၀ အတွင်းမှာ ၁၄ ပါးပဲ အောင်မြင်ပါသေးတယ်။ (ကျန်တဲ့တိပိဋကကောဝိဒအောင်မြင်ထားတဲ့ တစ်ပါးကတော့ ငါးနှစ်မပြည့်သေးတဲ့အတွက် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းမခံရသေးပါဘူး)။ ဆရာတော်ဆိုရင် ၁၃၇၃ခုနှစ် ( ၂၀၁၂ ခုနှစ်) ကတည်းက တိပိဋကကောဝိဒအောင်မြင်ခဲ့တာဖြစ်ပါတယ်။ ဒီဘွဲ့တံဆိပ်တော်ကလည်း စာမေးပွဲအောင်မြင်ပြီး သာသနာပြုလုပ်ငန်းတွေဖြစ်တဲ့ စာသင်၊ စာချ၊ တရားဟော စတာတွေ ပြုလုပ်နေမှ ဆက်ကပ်တာဖြစ်ပါတယ်။

**မေး ။ ။ ဆရာတော်အနေနဲ့လက်ရှိအချိန်မှာ ဘယ်လိုသာသနာပြုလုပ်ငန်းတွေကို ဆောင်ရွက်နေပါသလဲ ဘုရား။**

ဖြေ ။ ။ လက်ရှိမှာ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး တည်ထောင်တော် မူထားတဲ့ မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက်ကြီးတွေရဲ့ စီမံအုပ်ချုပ်မှုမဟာနာယကအဖြစ် ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး စံပြကျေးရွာမှာရှိတဲ့ တိပိဋက စိန်ရွှေဖူးကျောင်းတိုက်၊ စစ်ကိုင်းမြို့မှာရှိတဲ့ တိပိဋက ဓနုဖြူချောင်နဲ့ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက်အတွင်းရှိ တိပိဋကကျော်ဇမ္ဗူကျောင်းတို့မှာ စာသင်သားတွေကို စာသင်၊ စာချပြုလုပ်နေပါတယ်။ နယ်လှည့်တရားဟောခြင်းနဲ့ ပရဟိတလုပ်ငန်းတွေကိုလည်း ထိုက်သင့်သည့်အားလျော်စွာ ပြုလုပ်ပေးနေပါတယ်။ လက်ရှိမှာဆိုရင် ဆရာတော်အများဆုံးသီတင်းသုံးတဲ့ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး စံပြကျေးရွာ၊ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်မှာဆိုရင် ဓမ္မာစရိယစာသင်သားတွေကိုလက်ခံပြီး ဓမ္မာစရိယစာဝါနဲ့ အင်္ဂလိပ်ဘာသာ အခြေခံကိုလည်း သင်ကြားပေးနိုင်အောင် စီမံဆောင်ရွက်ပေးထားပါတယ်။

**မေး ။ ။ တိပိဋကကောဝိဒနဲ့ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့ရဆရာတော်တွေကို နိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်အပြင် အခြားဘာတွေဆက်ကပ်လှူဒါန်းပါသေးလဲဘုရား။**

ဖြေ ။ ။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်တွေကို နိုင်ငံတော်အစိုးရက ဆင်စွယ်ယပ်ဝန်း ဆက်ကပ်ပါတယ်။ တိပိဋကကောဝိဒအောင်မြင်ထားတဲ့ ဆရာတော်တွေကိုတော့ နိုင်ငံတော်အစိုးရက ဆွမ်းဆန်တော်စရိတ်အပြင် သာသနာပြုလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ခရီးသွားလာရာမှာ လွယ်ကူအဆင်ပြေစေရန် ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ် (ကပ္ပိယကာရက နှစ်ဦးအပါအဝင်)၊ အဲပုဂံ၊ အဲအေးရှားဝင်း၊ ရွှေမြန်မာ လေကြောင်းလိုင်းတို့ကလည်း တစ်ပါးစာ ရာသက်ပန် အခမဲ့ လေယာဉ်စီးခွင့်လက်မှတ်တွေကို လှူဒါန်းထားပါတယ်။

**မေး ။ ။ ဆရာတော်အနေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် သာသနာပြုလုပ်ငန်းတွေကိုလည်း မိန့်ကြားပေးပါဘုရား။**

ဖြေ ။ ။ ရှေ့ဆက်ပြီးတော့လည်း အခုလို နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးတွေကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒီကျောင်းတိုက်ကြီးမှာ တိပိဋကစာမေးပွဲဖြေဆိုကျက်မှတ်မယ့် သံဃာတွေ သီတင်းသုံးနေထိုင်နိုင်ဖို့နဲ့ ပြည်ပနိုင်ငံတွေမှာ ဘွဲ့တွေသွားယူမယ့် သံဃာတော်တွေအတွက် ပညာပါရမီဖြည့်ပေးနိုင်အောင်လည်း ဆက်လက်ပြုလုပ်သွားဖို့ ရည်ရွယ်ထားပါတယ်။

**မေး ။ ။ ဆရာတော်ကဲ့သို့ နောက်ထပ် ဆရာတော်၊ သံဃာတော်တွေ တိပိဋကကောဝိဒစာမေးပွဲကို အောင်မြင်နိုင်ဖို့ ဆရာတော်အနေနဲ့ မေတ္တာစကား လက်ဆောင်မိန့်ကြားချီးမြှင့်ပေးပါဘုရား။**

ဖြေ ။ ။ မိမိ ယုံကြည်မှုကိုခိုင်ခိုင်မာမာထားပြီး ကျန်းမာရေးကို ဂရုစိုက်မယ်၊ မဆုတ်မနစ်သော ဇွဲလုံ့လနဲ့ ကြိုးစားအားထုတ်ကြမယ်ဆိုရင် တိပိဋကကောဝိဒစာမေးပွဲကို အောင်မြင်နိုင်ပါတယ်။

**မေး ။ ။ နိုင်ငံနဲ့ ပြည်သူတွေအတွက် ဆရာတော်အနေနဲ့ မေတ္တာစကားလက်ဆောင် ချီးမြှင့်ပေးပါဘုရား။**

ဖြေ ။ ။ ပျင်းရိမှုနဲ့ ကွဲပြားခြင်းကို ဘေးအန္တရာယ်ဖြစ်ခြင်းရဲ့ အကြောင်းလို့ ရှုမြင်ပြီး ကြိုးစားခြင်းနဲ့ ညီညွတ်ခြင်းကိုတော့ ငြိမ်းချမ်းခြင်း၊ တိုးတက်ခြင်းရဲ့အကြောင်းလို့ ရှုမြင်ပြီး နိုင်ငံတော်ကြီး ငြိမ်းချမ်းပြီး တိုးတက်စည်ပင်အောင် ညီညီညွတ်ညွတ်နဲ့ ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဇော်ကြီး(ပဏ္ဍိတ)၊ နန္ဒာဝင်း၊ ဓာတ်ပုံ- ဖေဇော်**



တေရသမ တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒာစရိယ

## တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒာစရိယ ဘုတလင်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

အရှင် ဣန္ဒာစရိယသည် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မြူးတူးရွာ၊ ခမည်းတော် ဦးဘိုဟန်၊ မယ်တော် ဒေါ်မြို့ကြည်တို့မှ ၁၃၂၆ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

တိပိဋကစာမေးပွဲ၌ ဥဘတောဝိဘင်္ဂဓရ(၁၃၄၉)၊ ဝိနယဓရ(၁၃၅၁)၊ နိကာယဇ္ဈောတကဝိနယဓရ(ရန်ကုန်နိကာယ်)(၁၃၅၁)၊ ဝိနယဝိဒူ(၁၃၅၄)၊ သာသနဓဇဓမ္မာစရိယ(၁၃၅၆)၊ ဥဘတောဝိဘင်္ဂကောဝိဒ(၁၃၅၆)၊ နိကာယဝုသမိုသမိတိဝိနယကောဝိဒ(မိုးကုတ်နိကာယ်)(၁၃၅၆)၊ မန္တလေးနိကာယ်ပရိယတ္တိ သာသနာဟိတဝိနယဓရ(၁၃၅၆)၊ ရန်ကုန်နိကာယ် နိကာ ယဇ္ဈောတကဝိနယဓရ ဓမ္မာစရိယ(၁၃၅၇)၊ အစိုးရတိပိဋကစာမွေးပွဲ၌ ဝိနယကောဝိဒ(၁၃၅၈)၊ ဒီဃဘာဏက(၁၃၅၉)၊ ဒီဃနိကာယကောဝိဒ(၁၃၆၀)၊မူလအဘိဓမ္မိက(၁၃၆၁)၊ မူလအဘိဓမ္မ ကောဝိဒ (၁၃၆၂)၊ တိပိဋကဓရ (၁၃၆၅)ဘွဲ့တို့ကို ရရှိအောင်မြင်ခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး တိပိဋကဓနုဖြူချောင်၊ မန္တလေးမြို့မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်၊ ဇန်းမော်ကျောင်းတိုက် တိပိဋကကျော်ဇမ္ဗူကျောင်း။ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာ၊ အမှတ်(၃) လမ်းမကြီး၊ အိုးအိမ်လမ်း၊ တိပိဋက စိန်ရွှေဖူးကျောင်းတိုက်တို့၌ စာသင်တိုက်များဖွင့်လှစ်၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၈ မှ

**မဗျက်ပါရ်လိန်း** ။ ။ ပြင်သစ်နိုင်ငံကိုယ်စားပြု The Best Delegation ဆုကို ရရှိခဲ့ပါတယ်၊ ဒီပွဲမတိုင်ခင်က သူတို့နိုင်ငံအကြောင်းတွေကို လေ့လာဖတ်ရှုခဲ့ပေမယ့် သူတို့နိုင်ငံအကြောင်း ကောင်းကောင်းမသိတော့ အခက်အခဲ အချို့တော့ ရှိခဲ့ပါတယ်။

**မေး ။ ။ 9th Model ASEM မှာ ပါဝင်ဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ပေးပါဦး။**

**မောင်ဖြိုးသူရဌေး**။ ။ 9th Model ASEM က ဥရောပတိုက်မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ကျွန်တော်က နည်းပညာကို လေ့လာနေတဲ့ ကျောင်းသားတစ်ယောက်ဖြစ်တဲ့အတွက် နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုတွေမှာ နည်းပညာရှုထောင့်ကနေ ဘယ်လိုအထောက်အကူပြု ပါဝင်ဆောင်ရွက်နိုင်မယ့် အကြောင်းကို ကောင်းမွန်စွာ ဆွေးနွေးနိုင်ခဲ့တယ်။ ဒီပွဲမှာ ဝင်ရောက်ကြမယ့်သူတွေအနေနဲ့ မိမိရဲ့ သက်ဆိုင်ရာနယ်ပယ်ကို ကျွမ်းကျင်နေဖို့ လိုပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ 8th Model ASEM ဆိုရင် နိုင်ငံပေါင်း ၅၀ ကျော်က နိုင်ငံ့ခေါင်းဆောင်တွေနဲ့ နိုင်ငံခြားရေးဝန်ကြီးတွေ မြန်မာနိုင်ငံမှာ လာရောက်ဆွေးနွေးတာဖြစ်တယ်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရတဲ့ အကြီးမားဆုံးပွဲဖြစ်တယ်၊ အခုဆိုရင် နိုင်ငံတကာက မြန်မာနိုင်ငံကို အတော်စိတ်ဝင်စားနေကြတယ်။ နိုင်ငံရေးအကူးအပြောင်းတွေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ၊ စီးပွားရေးတိုးတက်မှုတွေနဲ့ပက်သက်ပြီး နိုင်ငံတကာက စိတ်ဝင်တစားလာရောက်နားထောင်နေတာကိုလည်း တွေ့မြင်ခဲ့ရတယ်။ တစ်ချိန်တည်းမှာ နိုင်ငံတကာက လူတွေ အထင်လွဲနေတဲ့ ကိစ္စတွေမှာဆိုရင် လူငယ်ကျောင်းသားတွေ အချင်းချင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်တဲ့အတွက် အထင်လွဲတာတွေကိုလည်း ဖြေလျှော့နိုင်မယ်။ မြန်မာနိုင်ငံက လူငယ်တွေအနေနဲ့ အာရှနဲ့ ဥရောပက နိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုကြိုးစားခဲ့တယ်ဆိုတာ သိမြင်နိုင်မယ်။ နောက်နှစ် စပိန်မှာ ကျင်းပမှာ ဖြစ်တာကြောင့် ဥရောပတိုက်က လူငယ်တွေနဲ့ ထိတွေ့ခွင့်ရပြီးသူတို့ရဲ့နိုင်ငံရေးအတွေးအခေါ်၊ ပညာသင်ယူပုံ၊ ဘယ်အကြောင်းအရာတွေကို လေ့လာနေကြတယ်ဆိုတာ သိခွင့်ရမယ်၊ ကျောင်းသားတစ်ယောက်၊ ပြည်သူတစ်ယောက်၊ နိုင်ငံသားတစ်ယောက် ဘယ်လိုမျိုးတွေ ဆောင်ရွက်နေတယ်ဆိုတာတွေကို ပိုမိုလေ့လာခွင့်ရမယ်။

**မယေ့တိုင်ဆိန်း** ။ ။ စပိန်နိုင်ငံမှာ ကျင်းပမယ့် 9th Model ASEM ကို ပါဝင်လျှောက်ကြမယ့်သူတွေကို အားပေးချင်တာက ဒီပရိုဂရမ်က မိမိရဲ့အတွေးအခေါ်၊ အယူအဆတွေကို အများကြီးလမ်းဖွင့်ပေးပါတယ်။ ကိုယ်ရဲ့နိုင်ငံကို ကိုယ်စားပြုခဲ့တာ မဟုတ်ဘဲ ကိုယ်နဲ့အတွေးအခေါ် အယူအဆ အများကြီးကွဲပြားတဲ့ ရပ်ဝေးနိုင်ငံတစ်ခုရဲ့နေရာဒေသကို ကမ္ဘာကြီးကနေ ပြန်ကြည့်ခွင့်ရခဲ့တယ်၊ ဘက်ပေါင်းစုံက ကျယ်ပြန့်တဲ့ အမြင်နဲ့ ကမ္ဘာကြီးမှာ ဖြစ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးစတဲ့ အကြောင်းအရာတွေကို လေ့လာသိရှိခွင့်ရခဲ့တယ်။

> “ အခုဆိုရင် နိုင်ငံတကာက မြန်မာနိုင်ငံကို အတော်စိတ်ဝင်စားနေကြတယ်။ နိုင်ငံရေး အကူးအပြောင်းတွေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ၊ စီးပွားရေးတိုးတက်မှုတွေနဲ့ပက်သက်ပြီး နိုင်ငံတကာက စိတ်ဝင်တစား လာရောက် နားထောင်နေတာကိုလည်း တွေ့မြင်ခဲ့ရတယ်။ တစ်ချိန်တည်းမှာ နိုင်ငံတကာက လူတွေ အထင်လွဲနေတဲ့ ကိစ္စတွေမှာဆိုရင် လူငယ်ကျောင်းသားတွေ အချင်းချင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်တဲ့အတွက် အထင်လွဲတာတွေကိုလည်း ဖြေလျှော့နိုင်မယ်။ မြန်မာနိုင်ငံက လူငယ်တွေအနေနဲ့ အာရှနဲ့ ဥရောပကနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုကြိုးစားခဲ့တယ်ဆိုတာ သိမြင်နိုင်မယ် ”

နိုင်ငံတကာက သူငယ်ချင်းတွေလည်း အများကြီးရခဲ့တယ်။ ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ အဖွဲ့အစည်းအတွက် အများကြီး အထောက်အကူပြုတဲ့ ပရိုဂရမ်ဖြစ်တဲ့အတွက် 9th Model ASEM ကို လျှောက်ကြဖို့ တိုက်တွန်းလိုပါတယ်။ အမိကရရှိခဲ့တဲ့ အကျိုးကျေးဇူးက အတွေ့အကြုံနဲ့ အထိအတွေ့ပါ။ ဒီပွဲမှာ ပါဝင်ဆွေးနွေးခဲ့ခြင်းက အကြောင်းအရာများစွာကို သင်ယူနိုင်ခဲ့တယ်၊ အထိအတွေ့ဆိုတာက ကိုယ်နဲ့ ယဉ်ကျေးမှုမတူတဲ့ သူတွေ ကိုယ့်နိုင်ငံရဲ့အကြောင်း၊ ယဉ်ကျေးမှုအကြောင်းတွေကို ရှင်းပြခွင့်ရသလို နိုင်ငံရဲ့လတ်တလော ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေကို ရှင်းပြခွင့်ရခဲ့တယ်။

**မဗျက်ပါရ်လိန်း** ။ ။ စပိန်မှာ ကျင်းပမယ့်ပွဲအတွက် မြန်မာနိုင်ငံက လူငယ်တွေအနေနဲ့ ဒီပရိုဂရမ်ကို လျှောက်စေချင်ပါတယ်။ အခြားနိုင်ငံရဲ့သမိုင်းတွေကို သိရပြီး ဗဟုသုတအများကြီး ရစေပါတယ်။

**သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-လှမိုး**

**ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်**

နေပြည်တော် ဇန်နဝါရီ ၅

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## ရခိုင်ပြည်နယ်သတင်းများ

# မောင်တောဒေသတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ပြန်လည်လက်ခံရေးအစီအစဉ်များနှင့် UEHRD စီမံကိန်းတွင် ကုလသမဂ္ဂအဖွဲ့များ ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၅

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H. E. Mr. Scot Marciel (ဓာတ်ပုံ) နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး (UNRC/HC)ဖြစ်သူ Mr. Knut Ostby တို့အား ယနေ့တွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ သီးခြားစီတွေ့ဆုံသည်။**

**စတင်အကောင်အထည်ဖော်**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး၊ မြေပုံမြို့နယ်မှ တောင်ပေါ်ကယ်ဆယ်ရေးစခန်း ပိတ်သိမ်းရေး၊ IDP စခန်းများတွင် နေထိုင်သူများအတွက် လူမှုရေးနှင့် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များ လျှော့ချနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးခံယူရန် (NV)ကတ် ထုတ်ပေးရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင်ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအတွက် ဆောင်ရွက်ပေးမည့် လူထုဖွံ့ဖြိုးရေးစီမံကိန်းအတွက် အမေရိကန်အစိုးရမှ အမေရိကန်ဒေါ်လာ သန်း ၅၀ ကူညီပေးမည့်ကိစ္စရပ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းနိုင်မည့် အခြေအနေများကို ရခိုင်ပြည်နယ်ကိစ္စအတွက် UEHRD ထူထောင်၍ အဓိက ရည်ရွယ်ချက်သုံးရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များအတိုင်း စတင်အကောင်အထည်ဖော်နေသည့်ကိစ္စရပ်များကို ဆွေးနွေးသည်။

**ပါဝင်ဆောင်ရွက်**

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး (UNRC/HC)ဖြစ်သူ Mr. Knut Ostby နှင့်တွေ့ဆုံစဉ် ကုလသမဂ္ဂ အဖွဲ့အစည်းများအနေဖြင့် UEHRD စီမံကိန်းအရ ပူးပေါင်းဆောင်ရွက်ရန် လေ့လာဆန်းစစ်မှု (Assessment) တစ်ရပ် ဆောင်ရွက်ရေး၊ IDP ကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်းရေးနှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ရန် အဆိုပြုလွှာတစ်စောင် ပေးပို့ရေး၊ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မည့် စီမံချက်တွင် ကုလသမဂ္ဂအဖွဲ့များ ပါဝင်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(NV card) များ ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV card) များကို ၂၀၁၆ ခုနှစ် ဇွန် ၇ ရက်မှ စတင်ထုတ်ပေးခဲ့ရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ အမျိုးသား ၆၀၉၇ ဦးနှင့် အမျိုးသမီး ၃၀၇၆ ဦး စုစုပေါင်း ၉၁၇၃ ဦး ထုတ်ပေးပြီး ဖြစ်ကြောင်း သိရသည်။

နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား ထုတ်ပေးခဲ့မှုတွင် စစ်တွေမြို့၌ အမျိုးသား ၁၁၁၆ ဦး၊ အမျိုးသမီး ၆၅၇ ဦး၊ ပေါင်း ၁၇၇၃ ဦး၊ မောင်တောမြို့တွင် အမျိုးသား ၂၀၉၉ ဦး၊ အမျိုးသမီး ၁၁၀၁ ဦး၊ ပေါင်း ၃၂၀၀၊ တောင်ပြိုလက်ဝဲမြို့တွင် အမျိုးသား ၁၂ ဦး ၊ အမျိုးသမီး တစ်ဦး၊ ပေါင်း ၁၃ ဦး၊ ဘူးသီးတောင်မြို့နယ်တွင် အမျိုးသား ၁၆၂၀ ဦး၊ အမျိုးသမီး ၄၃၀ ၊ ပေါင်း ၂၀၅၁ ဦး၊ သံတွဲမြို့နယ်တွင် အမျိုးသား ၁၀၈ ဦး၊ အမျိုးသမီး ၉၀ ၊ ပေါင်း ၁၉၈ ဦး၊ ကျောက်ဖြူမြို့နယ်တွင် အမျိုးသား ၆၇၅ ဦး၊ အမျိုးသမီး ၄၀၈ ဦး၊ ပေါင်း ၁၀၈၃ ဦး၊ ရမ်းဗြဲမြို့နယ်တွင် အမျိုးသား ၂၄ ဦး ၊ အမျိုးသမီး လေးဦး၊ ပေါင်း ၂၈ ဦး၊ မြေပုံမြို့နယ်တွင် အမျိုးသား ၃၀၄ ဦး၊ အမျိုးသမီး ၃၇၅ ဦး၊ ပေါင်း ၆၇၉ ဦး၊ ရသေ့တောင်မြို့နယ်တွင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး သုံးဦး၊ ပေါင်း ၂၁ ဦး၊ ပေါက်တောမြို့နယ်တွင် အမျိုးသား ၂၉ ဦး၊ အမျိုးသမီး လေးဦး၊ ပေါင်း ၃၃ ဦး၊ ကျောက်တော်မြို့နယ်တွင် အမျိုးသား ၃၇ ဦး၊ မြောက်ဦးမြို့နယ်တွင် အမျိုးသား ၃၇ ဦး၊ အမျိုးသမီး နှစ်ဦး၊ ပေါင်း ၃၉ ဦး နှင့် မင်းပြားမြို့နယ်တွင် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး တစ်ဦး၊ ပေါင်း ၁၈ ဦး ဖြစ်ကာ စုစုပေါင်းအားဖြင့် အမျိုးသား ၆၀၉၇ ဦးနှင့် အမျိုးသမီး ၃၀၇၆ ဦး၊ စုစုပေါင်း ၉၁၇၃ ဦး ထုတ်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသပေး

**နေပြည်တော် ဇန်နဝါရီ ၅**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဥဒေါင်း(တိုင်းရင်းသား) ကျေးရွာနှင့် ဗောဓိကုန်း(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော) ကျေးရွာနှင့် တမန်းသား(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား)ကျေးရွာနှင့် ငါးခူရ(ရောနှော) ကျေးရွာတို့တွင် နွားနှစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခုပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားငါးကောင်နှင့် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၆၉ ကောင်နှင့် ဆိတ် ၇၃၃ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ အထူးရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ အထူးရန်ပုံငွေဖြင့် မြန်မာနိုင်ငံမှ အကောင်အထည်ဖော်မည့် စီမံကိန်း ၁၀ ခုအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရန်ပုံငွေ လွှဲပြောင်းလက်ခံလွှာကို စီမံကိန်း အဆိုပြုသည့် ဝန်ကြီးဌာနများကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က လက်မှတ်ရေးထိုးကြပြီး**(ယာပုံ)** အခမ်းအနားသို့ စီမံကိန်းအကောင်အထည်ဖော်မည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

၂၀၁၆ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တရုတ်နိုင်ငံက မဲခေါင်-လန်ချန်း အထူး ရန်ပုံငွေအဖြစ် ဒေါ်လာသန်း ၃၀၀ မတည်ခဲ့ခြင်းဖြစ်သည်။ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်း စုစုပေါင်း ၁၃၂ ခုတွင် မြန်မာနိုင်ငံမှ စီမံကိန်း ၁၀ ခု၊ တရုတ်နိုင်ငံမှ ၈၃ ခု၊ ကမ္ဘောဒီးယားနိုင်ငံမှ ၁၆ ခု၊ လာအိုနိုင်ငံမှ ၁၃ ခု၊ ထိုင်းနိုင်ငံမှ ငါးခုနှင့် ဗီယက်နမ်နိုင်ငံမှ ငါးခုတို့ ပါဝင်သည်။ မြန်မာနိုင်ငံမှ စီမံကိန်းများတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တစ်ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှတစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ငါးခု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ခုနှင့် ပညာရေးဝန်ကြီးဌာနမှ တစ်ခုတို့ ပါဝင်ပြီး စီမံကိန်း ၁၀ ခု အကောင်အထည် ဖော်ရန်အတွက် စုစုပေါင်းလက်ခံရရှိမည့် ပမာဏမှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၄သန်းခန့် ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်သည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ တရုတ်ဝန်ကြီးချုပ် မစ္စတာလီခချန်း က ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံစသည့် မဲခေါင်ချောက်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ယန္တရားသစ်တစ်ရပ်ကို စတင်ထူထောင်ရန် အဆိုပြုချက်အရ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ရည်ရွယ်၍ ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် အမေရိကန်သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E Mr. Scot Marciel အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းကို ကိုယ်ကျင့်သိက္ခာမြှင့်တင်ခြင်းဆိုင်ရာများ၊ နည်းပညာအကူအညီများ ပူးပေါင်းဆောင်ရွက်ရေး ၂၀၁၈ ခုနှစ် စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းနှင့် ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

❍ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းက ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် ရန်ကုန်အသင်းက ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းသည် ယခုရာသီတွင် အာရှအဆင့်ကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် စနစ်တကျပြင်ဆင်ထားသည့် အသင်းများဖြစ်ပြီး နိုင်ငံခြားသားကစားသမားလေးဦးခေါ်ယူထားကာ ပြိုင်ဆိုင်မှုပြင်းထန်မည့် ရာသီကြိုပွဲဖြစ်လာနိုင်သည်။ ရှမ်းယူနိုက်တက် (ယခင် KBZ) အသင်းနှင့် ရန်ကုန်အသင်းသည် MFF Charity Cup ပြိုင်ပွဲတွင် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ပထမအကြိမ် တွေ့ဆုံသည့် ၂၀၁၄ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ MFF Charity Cup ပြိုင်ပွဲကို ခုနစ်ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ပြီးခဲ့သည့် ခြောက်ကြိမ်တွင် ရန်ကုန်နှင့် ဧရာဝတီအသင်းတို့က နှစ်ကြိမ်စီ၊ ရှမ်းယူနိုက်တက်နှင့် မကွေးအသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ ယခုပြိုင်ပွဲ၌ မိနစ် ၉၀ တွင် သရေကျပါက ပယ်နယ်တီဖြင့် တိုက်ရိုက်ဆုံးဖြတ်မည်ဖြစ်ပြီး ပယ်နယ်တီကန်ရာတွင်လည်း ဖီဖာ၏ စည်းမျဉ်းသစ်ဖြစ်သော ABBA စည်းမျဉ်း (ယခင် ကျင့်သုံးနေသည့် တစ်သင်းတစ်လှည့် ကန်သွင်းသည့်ပုံစံမဟုတ်) ကို ကျင့်သုံးမည်ဖြစ်သည်။ နိုင်ငံခြားသားကစားသမားလေးဦးစလုံးကို တစ်ပြိုင်နက် ထည့်သွင်းကစားနိုင်မည်ဖြစ်ပြီး ကစားသမားငါးဦး လူစားလဲခွင့်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ကွင်းဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၂၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ရရှိသည့် ကွင်းဝင်ကြေးအားလုံးကို ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းမည်ဖြစ်သည်။ မွန်းလွဲ ၂ နာရီမှစ၍ ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပမည်ဖြစ်ပြီး ပရိသတ်များအတွက် ကံစမ်းမဲအစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။

**ညီမြတ်သော်တာ**

# ကလေးစာပေပွဲတော် (ရန်ကုန်)တွင် ပြခန်းများ အစုံအလင်ပြသသွားမည်




**ရန်ကုန် ဇန်နဝါရီ ၅**

ကလေးစာပေပွဲတော် (ရန်ကုန်)ကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ကလေးစာပေများစွာ ရေးသားခဲ့သည့် ဆရာကြီး မင်းသုဝဏ်၏ စာပေလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကလေးစာအုပ်ပြခန်း၊ 3D ပြခန်း၊ ကလေးစာဖတ်ခန်း၊ နည်းပညာမိတ်ဆက်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ စုပေါင်း၍ ခင်းကျင်းပြသထားသည့် သိပ္ပံလက်တွေ့ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ တီထွင်ဆန်းသစ်မှုပြခန်း၊ ပညာပေးပြခန်း၊ လက်မှုပညာပြခန်း၊ ပန်းအလှနှင့် ခြင်းထိုးလုပ်ငန်းပြခန်း၊ ဖန်စီဖြင့် အလှဆင်ခြင်းပြခန်း၊ ဒေသထွက်ကုန်ပစ္စည်းများပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးပြခန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ပုံပြခန်း၊ ရုပဗေဒပြခန်း၊ ကိုယ်ပိုင်ကျောင်းများမှ ခင်းကျင်းပြသသည့် သိပ္ပံလက်တွေ့ပြခန်းများနှင့် သင်ထောက်ကူပစ္စည်းများပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မိုဘိုင်းပြခန်းများအပြင် မျက်လှည့်နှင့်ရုပ်သေးအက၊ အထက(၆) ဗိုလ်တထောင် ကျောင်းသားများ၏ ဆိုင်းဝိုင်းနှင့် ကျောက်ဆည်မြို့မှ ဆင်အကနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတများဖြင့် ပွဲတော်ရက်အတွင်း ပွဲတော်လာ ကလေးများအား ဖျော်ဖြေသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက် ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အောင်မင်းဟန်**

# ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ခြိမ့်ခြိမ့်သဲဆင်နွှဲမည်

**ရန်ကုန် ဇန်နဝါရီ ၅**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အထက(၆) ကျောင်းဝင်းအတွင်း ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက ဖွင့်ပွဲအခမ်းအနား အကြိုလေ့ကျင့်မှုပြုလုပ်ရာသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြသည်။




နိုင်ငံတော်မှ အနာဂတ်မျိုးဆက်သစ်လူငယ်များ၊ ဗလငါးတန်ပြည့်ဝ၍ လူငယ်များ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ လမ်းပြခေါင်းဆောင်များ ပေါ်ထွန်းလာစေရန် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၊ ကလေးစာပေပွဲတော်တို့ကို ကျင်းပလျက်ရှိရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အထက်တန်းကျောင်းဝင်းတွင် ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီတွင် ဗိုလ်တထောင် အမှတ်-၆ အထက်တန်းကျောင်းမုခ်ဦးတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုံညီစွာ ရောက်ရှိနေကြပြီဖြစ်သည်။ ကျောင်းမုခ်ဦးအပြင်တွင် ဘင်ခရာအဖွဲ့၏ မြူးကြွသောတေးသံမှာ ပျံ့လွင့်လျက် ကလေးစာပေပွဲတော်ဟူသော မုခ်ဦးအဝမှ စာသားကိုဖြတ်သန်းသွားသော ယာဉ်ပေါ်မှ ပြည်သူတို့က ကြည့်ရှု၍ မိမိတို့သားသမီးများလည်း ဤပွဲတော်တွင် ပါဝင်ဆင်နွှဲမည်ဟူသော ပီတိအပြုံးတို့ဖြင့် ကြည့်ရှုသွားကြလျက်ရှိသည်။

ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီခွဲတွင် ကလေးစာပေပွဲတော်ဖွင့်ပွဲ ကျင်းပမည်ဖြစ်သည်။ ကျောင်းအဝင်မုခ်ဦးနှင့် ကျောင်းရှေ့နဖူးစည်းတွင် ကလေးစာပေပွဲတော်၊ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲခေါင်းစဉ်စာတန်းကို တွေ့မြင်ရပြီး ကျောင်းဝင်ပေါက်၏ ညာဘက်ကွက်လပ်နေရာ၌ ဗိုလ်တထောင် အမှတ်-၆ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူတို့၏ မြန်မာ့ဆိုင်းဝိုင်းကို ပြင်ဆင်ထားသည်။ ထိုနေရာနှင့် ကပ်လျက် ကျောင်းစကြိုလမ်းတွင် ခရိုင်လေးခုရှိ စာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူတို့၏ ပြခန်းများကို ပြသထားသည်။ ကျောင်းဝင်ပေါက်၏ ဘယ်ဘက်တွင် အောင်ကျော်ခန်းမရှိပြီး ခန်းမရှေ့ကွင်းပြင်တွင် ကလေးစာပေပွဲတော်အတွက် ပြင်ဆင်နေရာချလျက်ရှိသည်။

ကျောင်း၏ဝင်ပေါက်တွင် ဆရာကြီးမင်းသုဝဏ်၏ ဘဝဖြတ်သန်းမှုပုံရိပ်နှင့် မျိုးဆက်သစ်လူငယ်များ စာပေဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်သော အနာဂတ်စိတ်ဆန္ဒတို့ တွေ့မြင်ရမည်ဖြစ်ပြီး ကျောင်းသားလူငယ်တို့အတွက် ရေးစပ်သီကုံးခဲ့သော ကဗျာများကို တွေ့မြင်ရမည်ဖြစ်သည်။ ကျောင်းဆောင်၏ နောက်ကျောဘက်တွင် ကလေးကစားကွင်းရှိပြီး စာပေပွဲတော်သို့ လာရောက်ကြသော ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်စေရန် အားကစားကွင်းကို ပြင်ဆင်မှုနှင့်အတူ ကလေးကစားကွင်း ဥယျာဉ်ငယ်ကို ပုံဖော်ဖန်တီးလျက်ရှိသည်။

ကျောင်း၏ အပေါ်ထပ်တွင် ကလေးကာတွန်းပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုပြခန်း၊ စကားလုံးဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲတို့ကို ကျောင်းသားလူငယ်များအတွက် ပြင်ဆင်ထားလျက်ရှိသည်။ ထိုအပေါ်ထပ် အောင်ဆန်းခန်းမတွင် ဖွင့်ပွဲနေ့ နံနက်ပိုင်း၌ ကျောင်းသား ကျောင်းသူလေးများ တင်ဆက်ကပြမည့် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ တိုင်းရင်းသားဝတ်စုံကိုယ်စီဖြင့် “စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ရှိနေမယ်”သီချင်း၊ ဗဟန်းမြို့နယ် မူလွန် ၃ စာပေသရုပ်ဖော်ပြကွက်၊ ဒဂုံ အထက(၁) ကျောင်းသူလေးများက “အပျိုတော်ယိမ်းအက”တေးသရုပ်ဖော်သီချင်း၊ ဗဟန်းအမက(၁)မှ ကျောင်းသား ကျောင်းသူလေးများက “ထာဝရသစ္စာ”သီချင်းတို့ဖြင့် အပြီးသတ်သီချင်းတိုက်လျက်ရှိသည်။ သီချင်းအဖွဲ့လေးဖွဲ့မှာ တစ်ဖွဲ့ချင်း စင်ပေါ်တက်သီဆိုဇာတ်တိုက်တိုင်း ကျန်ကျောင်းသား ကျောင်းသူတို့က အားပါးတရ လက်ခုပ်သြဘာပေးလျက်ရှိသည်။ အထူးသဖြင့် “ထာဝရသစ္စာ”သီချင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထင်သာမြင်သာ ပြသသော သီချင်းဖြစ်သည့်အပြင် သွက်လက်တက်ကြွသော ကျောင်းသား ကျောင်းသူတို့၏ ကကွက်တို့ကြောင့် အားလုံးနှစ်ခြိုက်သဘောကျကာ လက်ခုပ်သံများ အောင်ဆန်းခန်းမအတွင်း လွှင့်ပျံ့လျက်ရှိသည်။ အောင်ဆန်းခန်းမဝင်ပေါက်တွင် နိုင်ငံတော်အလံနှင့် ကလေးစာပေပွဲတော်ပုံများကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူတို့၏ မျက်ဝန်းတွင် ဆေးရောင်ခြယ်သပေးမည်ဖြစ်သည်။

ကလေးစာပေပွဲတော်ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သုံးရက်တိုင်ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်တွင် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားလုံးဆက် ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ အိမ်ဆောက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်း၊ စုပေါင်းကစားနည်းပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတို့ဖြင့် စည်စည်ကားကား ကျင်းပသွားမည်ဖြစ်သည်။

ဤသို့ ကလေးစာပေပွဲတော် ကျင်းပရခြင်းသည် ကလေးများ စာအုပ်စာပေတွင် နှစ်သက်မွေ့လျော်၍ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန် ပွဲတော်တွင် စုပေါင်းဆင်နွှဲသည့် စုပေါင်းလုပ်ဆောင်ရာတွင် ဝိုင်းဝန်းပါဝင်တတ်သော အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပြည့်ဝပြီး အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်နိုင်သူများ ဖြစ်လာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများရရှိစေရန် ရန်ကုန်မြို့တွင် ထူးထူးခြားခြားဖြင့် ကလေးစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

**သတင်း- သန်းထိုက်၊ ထင်ပေါ်ဝင်း၊ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# မြန်မာစာပေ အနာဂတ်အတွက် အခြေခံကျသည့် လုပ်ဆောင်ချက်ဖြစ်

**ကလေးစာပေ ပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယင်းနှင့်ပတ်သက်၍ စာပေပညာရှင်အချို့နှင့် တွေ့ဆုံမေးမြန်းမှုကို ဖော်ပြအပ်ပါသည်။**

**မောင်ခင်မင်(ဓနုဖြူ)**

ကလေးစာပေပွဲတော်တွေကို အနယ်နယ်အရပ်ရပ်မှာ အခုလို ကျင်းပနေတာဟာ မြန်မာစာပေအသီးအပွင့်တွေ အနာဂတ်မှာ ဝေဝေဆာဆာ ဖူးပွင့်လာအောင် မျိုးစေ့ကောင်းတွေ စိုက်ပျိုးပေးတဲ့ အခြေခံကျတဲ့ လုပ်ဆောင်ချက်ဖြစ်တဲ့အတွက် အင်မတန် အရေးကြီးပါတယ်။

ကလေးဘဝ စာမဖတ်တတ်ခင် အရွယ်ကတည်းက ရောင်စုံစာအုပ်လှလှကလေးတွေ၊ ရောင်စုံရုပ်ပုံလှလှကလေးတွေကို သဘောကျတဲ့ စိတ်ကလေး ဝင်လာပြီး စာဖတ်တတ်တဲ့ အရွယ်ကျတော့ စာအုပ်တွေထဲက ကဗျာလေးတွေကို ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုတဲ့အကျင့်၊ ညီညီညာညာဝိုင်းဖွဲ့ပြီး သံပြိုင်ရွတ်ဆိုတဲ့ အကျင့်၊ ပုံပြင်ကလေးတွေ ဖတ်ရင်းနားထောင်ရင်း ပျော်စရာကောင်းတဲ့ ကမ္ဘာသစ်ထဲရောက်သွားပြီး ပျော်ရွှင်မြူးထူးတဲ့အကျင့်တွေ ရင်ထဲမှာစွဲသွားမယ်ဆိုရင် ဒီကလေးတွေ အရွယ်ရောက်လာတဲ့အခါမှာ စာကိုပျော်ပျော်ဖတ်တတ်တဲ့၊ စာကိုချစ်တတ်တဲ့ လူရွယ် လူလတ် လူကြီးတွေ ဖြစ်လာမှာ အမှန်ပါပဲ။ စာကိုဖတ်ချင်တဲ့ စိတ်နဲ့ဖတ်တဲ့ စာပေနဲ့ ပျော်မွေ့သူတွေ ဖြစ်လာမှာ အမှန်ပါပဲ။

ကလေးစာပေ ပွဲတော်တွေမှာ ကလေးတွေ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်ဖို့ အခွင့်အလမ်းကို လူကြီးမိဘတွေ၊ ဆရာ ဆရာမတွေက အားတက်သရော ဖန်တီးပေးဖို့တော့ မလွဲမသွေ လိုအပ်ပါလိမ့်မယ်။

ကလေးတွေရဲ့နူးညံ့တဲ့ နှလုံးသားထဲမှာ စာချစ်စိတ်ကလေးတွေ ကိန်းအောင်းလာအောင် လူကြီးတွေက မချုပ်ချယ်မဟန့်တားဘဲ အသာတကြည် လမ်းဖွင့်ပေးနိုင်ကြပါစေ။


မောင်ခင်မင်(ဓနုဖြူ)


ဒါရိုက်တာ ကြည်စိုးထွန်း

**ဒါရိုက်တာ ကြည်စိုးထွန်း( နာယက၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

ကလေးစာပေပွဲတော်က ရှိသင့်တာပေါ့။ ကျွန်တော်တို့ ငယ်ငယ်က မရှိတာ နာတယ်လို့တောင် ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ပြန်ကြားရေးဌာနဆိုတာရှိတယ်။ အဲဒီဌာနမှာ ကျွန်တော်တို့က စာအုပ်တွေ သွားသွားဖတ်ရတယ်လေ။ ဖတ်တဲ့အထဲက ကျွန်တော်သတိအရဆုံး ဂျာနယ်က ကလေးဂျာနယ်ပါ။ ဆရာဇဝနလုပ်တဲ့ ဂျာနယ်ပါ။ ဦးလေးပြောမယ်တို့ဘာတို့ ကျွန်တော်တို့စောင့်စောင့်ကို ဖတ်ရတာ။ ခုတော့ အဲလိုစာအုပ်မျိုးတွေ အများကြီး ရေးနိုင်ကြပြီပေါ့။ ဟိုတုန်းကတော့ ကျွန်တော်တို့ ရှားရှားပါးပါးနဲ့ တကယ့်တန်ဖိုးရှိရှိ ဖတ်ရတာတွေ သွားသတိရတော့ ကလေးစာပေဟာ ရှိသင့်တယ်။ ကလေးဘဝကတည်းက စာဖတ်လာတဲ့အတွက် အဲဒီလူဟာ အောက်တန်း နောက်တန်းတော့ မကျဘူးပေါ့။ အလယ်လောက်တော့ရှိပါတယ်။ ကလေးဘဝကတည်းက စာပေဖတ်တဲ့အတွက် ရှေ့တန်းမရောက်တောင် နောက်တန်းတော့ မရောက်ခဲ့ပါဘူး။ ကလေးတွေကို စာဖတ်ပါ။ ကလေးစာပေပွဲတော်ကို သွားဖြစ်အောင် သွားကြပါလို့ တိုက်တွန်းချင်ပါတယ်။

**တွေ့ဆုံမေးမြန်း- ထင်ပေါ်ဝင်း၊ သန်းထိုက်**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

## နန်းယွန်းမြို့၌ ကျင်းပပြုလုပ်မည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်း ပြည်ပ ဧည့်သည်များ လာရောက်လည်ပတ်နိုင်

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သော နာဂတိုင်းရင်းသားများ၏ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများအား နိုင်ငံခြားသားဧည့်သည်တော်များ သိရှိနားလည်စေရန်၊ ပြည်တွင်း ပြည်ပ ဧည့်သည်တော်များ လမ်းခရီးတစ်လျှောက်၌ သွားလာမှုလုံခြုံချောမွေ့စေရေးနှင့် သက်သောင့်သက်သာ သွားလာနိုင်စေရန်၊ ပြည်တွင်း ပြည်ပ ဧည့်သည်တော်များ စိတ်ချမ်းမြေ့စွာ နေထိုင်စားသောက်နိုင်ရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ သွားရောက်လည်ပတ်လိုသည့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် ရန်ကုန်မှ မန္တလေး-ခန္တီးသို့ လေယာဉ်ဖြင့် လည်းကောင်း၊ ခန္တီးမြို့မှ လဟယ်မြို့သို့ (၄×၄) မော်တော်ယာဉ်များဖြင့် လည်းကောင်း သွားရောက်နိုင်ကြောင်း သိရသည်။ ပွဲတော်ကျင်းပမည့် အစီအစဉ်များဖြစ်သော ဇန်နဝါရီ ၁၄ ရက်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ပြခန်းများ ဖွင့်လှစ်ခြင်းနှင့် ရိုးရာတံခွန်တိုင်စိုက်ထူပွဲ ကျင်းပခြင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ပျော်ပွဲရွှင်ပွဲ အခမ်းအနားများနှင့် ညပိုင်းတွင်ကျင်းပမည့် မီးပုံပွဲစသည့် အစီအစဉ်များတွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် ဒေသခံတိုင်းရင်းသားများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။ အဆိုပါ ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လုံခြုံချောမွေ့ပြီး စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။ **မြန်မာ့အလင်း**

# ၂၀၁၇ ခုနှစ်အတွင်း မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁ သိန်းကျော် ဖမ်းဆီးနိုင်ခဲ့

**မောင်တော ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁ သိန်းကျော်အထိ ဖမ်းဆီးနိုင်ခဲ့ကြောင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မောင်တောမြို့နယ်မှာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မူးယစ်ဆေးဝါး အမှုပေါင်း ၂၇ မှုမှာ စိတ်ကြွရူးသွပ်ဆေးပြား အမှုက ၂၅ မှု ဖြစ်ပြီး ဆေးခြောက် အမှု နှစ်မှု ဖြစ်ပါတယ်"ဟု မောင်တောမြို့ မူးယစ်တပ်ဖွဲ့စု-၄၆ မှ ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်ဝင်းက ပြောသည်။



ဒုတိယရဲမှူး ဇော်ဝင်း

အဆိုပါ မူးယစ်ဆေးဝါးများကို မောင်တောမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် လမ်းကြောင်းပိတ်ဆို့ ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် ဘူးသီးတောင်မြို့နယ်တွင်လည်း သတင်းပေးများ၊ သတင်းရရှိမှုအပေါ်တွင် မူတည်ပြီး နေအိမ်များ၊ မော်တော်ယာဉ်လမ်းကြောင်းများတွင် ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံတော်၏ မူးယစ်ဆေးဝါးပပျောက်ရေး ရည်မှန်းချက်ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များအတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၆၂၈၉၇ ပြားနှင့် ဆေးခြောက် ၁၂ ဒသမ ၂၅ ကီလိုဂရမ်တို့ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ယင်းတို့တွင် စိတ်ကြွရူးသွပ်ဆေးပြားအမှုဖြင့် အမျိုးသား ၃၆ ဦးနှင့် ဆေးခြောက်အမှုဖြင့် အမျိုးသားနှစ်ဦး စုစုပေါင်း ၃၈ ဦးကိုလည်း ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်၊ မောင်တောမြို့နယ်များသည် နယ်စပ်မြို့များဖြစ်သည့်အလျောက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို ယခုအခါ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တားဆီးနှိမ်နင်းရေးကို မူးယစ်တားဆီးရေးတပ်ဖွဲ့များအပြင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ကလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**



၂၀၁၇ ခုနှစ်အတွင်းက မောင်တောမြို့နယ်၌ မူးယစ်ဆေးဝါး ဖမ်းဆီးမှုမှ ပြစ်မှုကျူးလွန်သူနှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

## ဆိုင်ကယ်ပြိုင်မောင်းရာမှ အချင်းချင်းချိတ်မိ၍ လဲကျကာ တစ်ဦးသေဆုံး

**မိုးကောင်း ဇန်နဝါရီ ၅**

ကညင်မြိုင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဆိုင်ကယ်ပြိုင်မောင်းရင်း အချင်းချင်းချိတ်မိလဲကျကာ တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကညင်မြိုင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ကီလိုမီတာ အမှတ် ၃၇၃ နှင့် ၃၇၄ ကြား၌ ဇန်နဝါရီ ၄ ရက် မွန်းတည့် ၁၂ နာရီခန့်က မိုးကောင်းမြို့ဘက်မှ ဟိုပင်မြို့ဘက်သို့ ကောင်းမြတ်ဦး(၁၈ နှစ်)နှင့် နောက်မှ အောင်လွင်မျိုး(၁၇ နှစ်)နှင့် မင်းထက်ဦး (၁၇)နှစ်တို့ လိုက်ပါလာသော Feeling 125 ဆိုင်ကယ်နှင့် ဝေလင်းထွန်း (၁၇ နှစ်)မောင်းနှင်ပြီး နောက်မှ ထက်စိုး (၁၆ နှစ်)တို့ လိုက်ပါသော Shayan-125 ဆိုင်ကယ်တို့ အပြိုင်မောင်းနှင်နေစဉ် အချင်းချင်းချိတ်မိကာ တိမ်းမှောက်ခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် အောင်လွင်မျိုး (၁၇ နှစ်)သည် ဆားမှော်တိုက်နယ်ဆေးရုံ အရောက်တွင် သေဆုံးသွားကာ ထက်စိုးနှင့် ဝေလင်းထွန်းတို့တွင် ဒဏ်ရာ (စိုးရိမ်ရ)ရရှိပြီး ကောင်းမြတ်ဦးနှင့် မင်းထက်ဦးတို့တွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို တောင်နီကျေးရွာ အဖြူရောင်လူမှုကူညီရေးအသင်းယာဉ်ဖြင့် ဆားမှော်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းဦး**

## တရားမဝင် ဘီယာပါကင်များ တင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိ

**သုဝဏ္ဏဝတီ ဇန်နဝါရီ ၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် ငါးကြီးအင်းပိုင်း၌ ဇန်နဝါရီ ၅ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ်၌ တရားမဝင် ဘီယာပါကင်များ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးအား ဖမ်းဆီးရမိကြောင်း သိရသည်။

သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနနှင့် သိမ်ဆိပ်နယ်မြေရဲစခန်းမှ ရဲအုပ်ကိုကိုလတ်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ယာဉ်များအား ရပ်တန့်စစ်ဆေးနေစဉ် သထုံမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ ယာဉ်မောင်း သန်းထိုက်ဦး (၃၄နှစ်) ကျွန်းသာယာရပ်ကွက် ပဲခူးမြို့နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် ရဲလင်းထွန်း (၃၇ နှစ်) သိမ်ဆိပ်ရပ်ကွက် သုဝဏ္ဏဝတီမြို့၊ အောင်ခိုင်ဦး(၂၁နှစ်) ဉဿာသီရိရပ်ကွက် ပဲခူးမြို့နေသူတို့ လိုက်ပါလာသည့် ယာဉ်အမှတ် 3K/---- Light Truck ယာဉ်အား ရပ်တန့်ရှာဖွေရာ ထိုင်းနိုင်ငံထုတ် Chang စာတန်းပါ 330ML ရှိ တစ်ပါကင်လျှင် ဘီယာဘူး ၂၄ ဘူးပါ ၅၉၅ ပါကင် (တန်ဖိုးငွေကျပ် ၈၃၃၀၀၀၀)အား တရားမဝင် သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## မောင်တောမြို့နယ်၌ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

တောင်ပြိုမှ မောင်တောမြို့သို့ ဆေးရုံတက်ရောက်ရမည့် လူနာအား သယ်ဆောင်လာသည့် ယာဉ်တစ်စီးအား ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ကျွန်းပေါက်ပြုစုရွာနှင့် တရိန်း (မြို့)ရွာအကြား တောင်ကုန်းပေါ်မှ လက်နက်ကိုင် ၂၀ ခန့်က လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ထိုသို့ တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်တွင်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး၊ အရပ်သား တစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး မော်တော်ယာဉ်မှာ ရှေ့လေကာမှန်ကွဲပြီး ယာနောက်ဘီးပေါက်ကာ ဘယ်ညာတွင် မိုင်းစများ ထိမှန်ပျက်စီးခဲ့သည်။ ဒဏ်ရာရလူနာများအား ကြိမ်ချောင်း-မောင်တောမှတစ်ဆင့် ဘူးသီးတောင်မြို့ရှိ တပ်မတော်စစ်ဆေးရုံတွင် ဆေးဝါးကုသနိုင်ရန် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နတ်မြစ်အတွင်း လောင်းလှေတစ်စင်းပေါ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ဇန်နဝါရီ ၂ ရက်က မောင်တောဒေသအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် နတ်မြစ်အတွင်း မသင်္ကာဖွယ် လောင်းလှေတစ်စင်းအား ရပ်တန့်စစ်ဆေးရာ ထွက်ပြေးသဖြင့် ခြောက်လှန့်ပစ်ခတ်စဉ် တစ်ဦးသေဆုံးပြီး တစ်ဦးဖမ်းဆီးရမိကြောင်း သိရသည်။

ဇန်နဝါရီ ၂ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် လိပ်ရမြောက်ရွာနှင့် သဲချောင်းမော်လဝီရွာအကြား နတ်မြစ်ဘက်မှ သဲချောင်းအတိုင်း မသင်္ကာဖွယ် လောင်းလှေတစ်စင်း ဝင်လာသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းရာ လှေပေါ်တွင် လိုက်ပါလာသော အမျိုးသားနှစ်ဦးအနက် တစ်ဦးမှာ နတ်မြစ်ဘက်သို့ ထွက်ပြေးသွားရာ ခြောက်လှန့်ပစ်ခတ်ရာမှ ထိမှန်၍ အသေဖမ်းဆီးရမိခဲ့ပြီး ၎င်းမှာ မောင်တောမြို့နယ် လိပ်ရတောင်ရွာနေ ကာလာဟူဆိန် (၃၅ နှစ်)ဖြစ်ကြောင်း၊ လောင်းလှေပေါ်ပါသူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာပ်ဖ့်မြို့ ကူနာပါရာရွာနေ ဒူဖိုက် (၂၃ နှစ်)ဖြစ်ကြောင်းနှင့် လောင်းလှေပေါ်မှ သံလုံ့ချွန် တစ်ချောင်း၊ ဓားအရှည် တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ဒူဖိုက်(၂၃ နှစ်)အား ကြိမ်ချောင်းနယ်မြေရဲစခန်း၌ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်တစ်စီး စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၀၇ စီး၊ သွင်းကုန် အစီး ၉၉၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၉ စီး၊ သွင်းကုန် ၈၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၂၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၅၁၆ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၉၄၄ သန်းခန့်အား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၄ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် စွပ်ပွန်းရှောင်ကွင်းလမ်းသို့ ရှောင်တခင်စစ်ဆေးခဲ့ရာ ဈော်ဘာတောအတွင်း၌ ရပ်တန့်ထားသော ယာဉ်အားတွေ့ရှိ၍ စစ်ဆေးစဉ် တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အမှတ် 4F/---- (NISSAN FAIRLADY) ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထော်လာဂျီယာဉ်နှင့် ဆိုင်ကယ်တိုက်၊ နှစ်ဦးသေဆုံး

**ညောင်လေးပင် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထိန်တပင်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ထော်လာဂျီယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိပြီး ဆိုင်ကယ်ပေါ်ပါလာသူနှစ်ဦးစလုံး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ထိန်တပင်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၀၄ /၄)တွင် ကားလမ်းအတိုင်း တောင်မှမြောက်သို့ ကျော်မင်းစိန် (၃၇ နှစ်) ထော်နွတ်ကျေးရွာနေသူ မောင်းနှင်လာသော ထော်လာဂျီယာဉ် နှင့် မျက်နှာချင်းဆိုင်ဘက်မှ ကိုဌေးနိုင် (၄၇ နှစ်)မအူတန်းကျေးရွာနေသူမောင်းနှင်ပြီး ဇနီးဖြစ်သူ မသန်းသန်းအေး (၄၃ နှစ်)လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးစလုံး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့၍ ကျော်မင်းစိန်နှင့် ဌေးနိုင်တို့အား ပိန်းဇလုပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)၊ ၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက် (၂၀၁၈ခုနှစ် ဇန်နဝါရီ ၄ ရက်)ဖြင့် နိုင်ငံတော်သမ္မတက ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ ရှမ်းပြည်နယ်၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့၊ အမှတ်(အေ ၉/၂)၊ သိန်းသန်းချိကားဝင်းမှ ဒေါ်မိုးသီတာရွှေအား **"သုဓမ္မသီင်္ဂီဘွဲ့တံဆိပ်"** ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးနိုင်ဝင်းဇော်-သီဟသုဓမ္မသီင်္ဂီ ဒေါ်နွေးနွေး**
**လင်းထွန်းသစ်သီးပွဲရုံ**
**မူဆယ်မြို့**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)၊ ၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက် (၂၀၁၈ခုနှစ် ဇန်နဝါရီ ၄ရက်)ဖြင့် နိုင်ငံတော်သမ္မတက ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ ရှမ်းပြည်နယ်၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့၊ အမှတ် (အေ ၉/၂)၊ သိန်းသန်းချိကားဝင်းမှ ဒေါ်မိုးသီတာရွှေအား **"သုဓမ္မသီင်္ဂီဘွဲ့တံဆိပ်"** ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဓမ္မရုံသီပင်မဝေယျာဝစ္စအဖွဲ့**
**မူဆယ်မြို့**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၂၉) ရပ်ကွက်ရှိ မြတ်အားမာန် ကိုယ်ပိုင်အထက်တန်းကျောင်း အဌမတန်းမှ မနန်းကြယ်စင်လင်း၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ဖြစ်ပါကြောင်း။

**ဦးနေဝင်း**
**၉/လဝန(နိုင်)၀၀၈၆၁၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/6255 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ

**ဦးရှိန်ဝင်း အား**

နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် အမြင့်ဆုံးသာသနာနုဂ္ဂဟဘွဲ့

**"အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်းတွက်

အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ဦးညွန့်ဌေး (ကြာငါးခိုင်သက်န်းတိုက်)
ဦးမျိုးဆက် (မိုးထွဋ်တံခွန်ကုမ္ပဏီ)
ဦးဝင်းအောင်ဇော် (MAX ELECTRONIC)
ဦးမောင်မောင်ကြွယ် (ဇမ္ဗူရတနာအေဂျင်စီ)
ဦးနေမျိုးဝင်း (တက်လမ်းဆောက်လုပ်ရေး)
ဦးဆန်းဦး (ဦးမြင့်သန်းနှင့်သားများ နာရီဆိုင်)
ဦးလွင်ဦး (ချမ်းမြေ့ရိပ်သာ)
ဦးအောင်ခိုင်သန်း (Fortune Int'l Co., Ltd.)
ဦးတင်ထွဋ် (ချမ်းမြေ့ရိပ်သာ)
ဦးသိန်းဝင်း (THEIN THAN AGENCY)
ဦးဝင်းအောင်ကျော် (ဆရာကျော်-သချာ်)
ဦးလွင်ဦး (ဖိုးကံကောင်းအေဂျင်စီ)

---

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင်

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ် ၁/ ၂၀၁၈ ဖြင့်

ဦးချမ်းသာ-ဥက္ကဋ္ဌ(**သုခစုစ်** ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီနှင့် သင်တန်းကျောင်း)ကို

**သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်** ချီးမြှင့်ခံရသည့် အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊

ဘာသာ သာသနာအကျိုး ဆတိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး သုဓမ္မသီဂီ၊ သီဟသုဓမ္မသီဂီ ဒေါ်ဥမ္မာမြင့်    သမီး ဖြူစင်ချမ်းသာ    သား ပြည့်စုံချမ်းသာ

---

## ပြည်ထဲရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန
## ရိက္ခာဆန်ဝယ်ယူရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူ၊ လုပ်အားရှင်များအား(၂၀၁၈)ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်(၃၇၇၆၄)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံတစ်စောင်လျှင်(၁၀၀၀၀ိ/-)နှုန်းဖြင့် ရောင်းချသွားပါမည်။ တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့၊ တယ်လီဖုန်းအမှတ်-၀၂-၃၄၄၄၁၊ ၀၂-၃၉၂၀၄တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၆-၁-၂၀၁၈ရက် နံနက် ၉နာရီ |
| **တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်** | - ၅-၂-၂၀၁၈ရက် ညနေ ၄နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - ၇-၂-၂၀၁၈ရက် နံနက် ၁၀နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး |

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့**

---

## အမည်ပြောင်း

ဦးကင်မ်ထန်း၏သား ဆမူအဲလ် ၁၄/မမန(နိုင်)၁၈၇၆၃၂ အား ယနေ့မှစ၍ ဆမူအဲလ်ထန်ငလားဟု ပြောင်းလဲခေါ်ပါရန်

**ဆမူအဲလ်ထန်ငလား**

## တစ်ဦးတည်းဖြစ်ကြောင်း

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နေ ဦးသာဆင်၏သား စောဟာဒို(ခ)စဟားရီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**စောဟာဒို(ခ)စဟားရီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းအောင်စိန် ၁၃/မရန(နိုင်)၀၅၄၃၀၀၏ Passport No.MB-932663သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၀၈၈၇၈၄၈**

---

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## ဈေးနှုန်းအဆိုလွှာဖိတ်ခေါ်ခြင်း(Invitation to Quote)

၁။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်များကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်-

(၁) Double Cab (၅)စီး
(၂) Space Cab (၉)စီး

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လူကိုယ်တိုင်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ အောက်ပါလိပ်စာတွင် အခမဲ့လျှောက်ထားရယူနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါစတင်ရယူရမည့်ရက်** | - ၉-၁-၂၀၁၈ရက် |
| **တင်ဒါပိတ်မည့်ရက်** | - ၉-၂-၂၀၁၈ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - ၁၀ နာရီ |

**အတွင်းရေးမှူး**
**တင်ဒါစိစစ်ရေးကော်မတီ**
**အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၁၆၊ ၀၉-၄၄၄၀၅၅၃၇**
**(E-mail:nep.pmomoep@gmail.com)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/8177 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၆၉၅၇၉ Luajia 110 (MIC) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအေး ၁၄/ ကကထ(နိုင်)၁၈၃၇၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

---

## မွေးသက္ကရာဇ်အမှန်

သထုံမြို့နယ်၊ အလက(တာယာစက်ရုံ) ကျောင်းဆဋ္ဌမတန်းမှ ဦးအောင်စိုးဦး၏သမီး မနှင်းနွယ်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၂-၂၀၀၆ ဖြစ်ပါကြောင်း။ **မနှင်းနွယ်ဦး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးကျော်ညွှန့် ၈/မဘန(နိုင်)၀၀၂၂၈၅ ၏သား မောင်မင်းခန့်ကျော် ၈/မဘန(နိုင်)၁၁၆၂၅၁သည်မိဘတို့၏ အဆုံးအမကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောက် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဖခင်)ဦးကျော်ညွှန့်**

---

## အမည်ပြောင်း

ပွင့်ဖြူမြို့နယ်၊ (အထက)ရောက်တောကျောင်း အဋ္ဌမတန်း(A)မှ ဦးဌေးလွင် ၈/ပဖန(နိုင်)၀၂၆၁၈၆၏သား မောင်ပြည့်ဖြိုးသော်ဇင်အား ယနေ့မှစ၍ မောင်ဘုန်းပြည့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းပြည့်ကျော်**

# အိုလံပစ်အားကစားပွဲများ ယှဉ်ပြိုင်နေစဉ်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှု မပြုလုပ်ရန် ထရန့်နှင့် မွန် သဘောတူ

**ဆိုးလ် ဇန်နဝါရီ ၅**

အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတို့သည် လာမည့်လတွင် တောင်ကိုရီးယားနိုင်ငံ ပြုံချမ်း၌ ကျင်းပမည့် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲကာလအတွင်း နှစ်နိုင်ငံ နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရပ်နားထားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဒေါ်နယ်ထရန့်နှင့် မွန်ဂျယ်အင်းတို့သည် ပြီးခဲ့သည့် ကြာသပတေးနေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်၍ စကားပြောဆိုခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်တို့သည် မြောက်ကိုရီးယားနိုင်ငံအပေါ် အကြီးအကျယ်ဖိအားပေးမည့် ၎င်းတို့၏ စစ်ဆင်ရေးကို ဆက်လက်ဆောင်ရွက်သွားကြရန်အတွက် သဘောတူညီခဲ့ကြသည်ဟု အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် အိုလံပစ်အားကစားပြိုင်ပွဲကျင်းပမှုများအတွင်း ပဋိပက္ခများ လျော့နည်းစေရန် သဘောတူညီခဲ့ကြသည်။ သို့မှသာလျှင် အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတပ်ဖွဲ့များသည် အိုလံပစ်အားကစားပြိုင်ပွဲများ၏ လုံခြုံရေးကို အာမခံနိုင်စေရေးအတွက် အာရုံစိုက်နိုင်လိမ့်မည်ဖြစ်သည်။ ပုံမှန်ပြုလုပ်မြဲဖြစ်သည့် စစ်ရေးလေ့ကျင့်မှုများကို ဖေဖော်ဝါရီနှင့် မတ်လများအတွင်း ပုံမှန်စတင်လေ့ရှိသည်။

သမ္မတမွန်သည် အိုလံပစ်အားကစားပြိုင်ပွဲသို့ မြောက်ကိုရီးယား ကိုယ်စားလှယ်တစ်ဦးကို စေလွှတ်ရေးနှင့်ပတ်သက်၍ ဆိုးလ်နှင့် ပြုံယမ်းတို့အကြား ဖြစ်နိုင်ဖွယ် ဆွေးနွေးပွဲများ ကျင်းပသွားရန် ရည်ရွယ်ပြောဆိုခဲ့ကြောင်း သိရ သည်။




တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ စကားပြောဆိုဆွေးနွေးမှုဖြစ်စဉ်များအတွင်း တောင်ကိုရီးယားသည် အမေရိကန်ပြည်ထောင်စုနှင့် အနီးကပ်ဆွေးနွေးတိုင်ပင်ကာ အကြံဉာဏ်များရယူသွားမည်ဖြစ်သည်ဟု သမ္မတမွန်က ပြောကြားခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲများသည် မြောက်ကိုရီးယား၏ နျူကလီးယားပြဿနာကို ဖြေရှင်းရာတွင် အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား စကားပြောဆိုဆွေးနွေးမှုများ ပေါ်ပေါက်လာနိုင်မည့် အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်ရန် အထောက်အကူဖြစ်စေလိမ့်မည်ဟု တောင်ကိုရီးယားက ယုံကြည်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ၊ ရိုက်တာ**

## ပါကစ္စတန်သို့ လုံခြုံရေးဆိုင်ရာ ပံ့ပိုးမှုများ အမေရိကန်ရပ်ဆိုင်းမည်

**ဝါရှင်တန် ဇန်နဝါရီ ၅**

ပါကစ္စတန်သို့ ပံ့ပိုးပေးနေသည့် လုံခြုံရေးဆိုင်ရာ အထောက်အပံ့များကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မကြာသေးမီက ကြေညာခဲ့သည်။

၂၀၁၈ ခုနှစ် အစပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အိမ်ဖြူတော်တို့သည် ပါကစ္စတန်နိုင်ငံအပေါ် အနုတ်သဘောဆောင်သည့် ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့သည်။ ထို့အပြင် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်နိုင်ငံ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများတွင် ပါကစ္စတန်နိုင်ငံက လုံလောက်စွာ ပါဝင်ထောက်ပံ့ပေးမှုမရှိဘဲ အမေရိကန်နိုင်ငံက အလိုရှိနေသည့် အကြမ်းဖက်သမားများအတွက် လုံခြုံစိတ်ချရသည့် ခိုလှုံရာနေရာများကို ဖန်တီးပေးနေကြောင်း စွပ်စွဲပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ၎င်း၏ အရှေ့တောင်အာရှ မဟာဗျူဟာသစ်ကို ထုတ်ပြန်ခဲ့ပြီး ပါကစ္စတန်သို့ အမေရိကန်ဒေါ်လာ ၂၅၅ ဘီလီယံတန်ဖိုးရှိ စစ်ရေးအထောက်အပံ့များ ပေးအပ်ခြင်းကို ရပ်ဆိုင်းလိုက်သည်မှစကာ နှစ်နိုင်ငံ ဆက်ဆံရေးတွင် အဖုအထစ်များ ရှိလာကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ လုပ်ဆောင်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ပါကစ္စတန်နိုင်ငံက ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား ဆင့်ခေါ်ခဲ့ကြောင်း သိရသည်။ ပါကစ္စတန်အနေဖြင့် အမေရိကန်တို့ စွပ်စွဲသလို မဟုတ်ဘဲ မည်သည့်ခွဲခြားမှုမျှ မရှိဘဲ စစ်သွေးကြွအုပ်စုအားလုံးကို ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ပြောခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံ၏ အနစ်နာခံ ဆောင်ရွက်မှုများကို လျစ်လျူရှုထားကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ဇန်နဝါရီ ၉ ရက်တွင် ဆွေးနွေးပွဲများကျင်းပရန် ကိုရီးယားနှစ်နိုင်ငံ သဘောတူ




**ပြုံယမ်း ဇန်နဝါရီ ၅**

မြောက်ကိုရီးယားသည် လာမည့်အင်္ဂါနေ့တွင် အပစ်အခတ်ရပ်စဲရေးရွာဖြစ်သည့် ပန်မွန်ဂျွန်ရွာ၌ ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲကို ကျင်းပသွားရန် တောင်ကိုရီးယားနိုင်ငံ၏ ကမ်းလှမ်းမှုကို လက်ခံလိုက်ကြောင်း သိရသည်။

တောင်ကိုရီးယား ပေါင်းစည်းညီညွတ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘိုက်ထယ်ဟွန်းက သောကြာနေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မြောက်ကိုရီးယားနိုင်ငံက ဆွေးနွေးပွဲကျင်းပရန် သဘောတူလက်ခံလိုက်ကြောင်း ကြေညာခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းတွင် ကျင်းပမည့် ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်သို့ ကိုယ်စားလှယ် စေလွှတ်ရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့ပြီးနောက်တွင် တောင်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့် အင်္ဂါနေ့က ကိုရီးယားနှစ်နိုင်ငံ စကားပြောဆိုဆွေးနွေးမှုများ ပြုလုပ်ရန် ကမ်းလှမ်းခဲ့သည်။

မြောက်ကိုရီးယားသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ပြန်လည်ဖွင့်လှစ်ခဲ့သည့် ဆက်သွယ်ရေးချန်နယ်တစ်ခုမှတစ်ဆင့် တောင်ကိုရီးယားကို ဆက်သွယ်လာခဲ့သည်ဟု ဘိုက်က ပြောကြားခဲ့သည်။ မြောက်ကိုရီးယားသည် ကိုရီးယားနှစ်နိုင်ငံ အရေးကိစ္စများကို အနီးကပ်ကြီးကြပ်သည့် မြောက်ကိုရီးယားပြည်တွင်းအေဂျင်စီ၏ အကြီးအကဲ ရီဆန်ဂုံ၏ အမည်အောက်တွင် အကြောင်းကြားစာပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဘိုက်က ပြောသည်။ လက်ခံရရှိခဲ့သူမှာ တောင်ကိုရီးယားပေါင်းစည်းညီညွတ်ရေးဝန်ကြီး ချိုမြောင်ဂျွန်းဖြစ်ကြောင်း သိရသည်။

ကိုရီးယားနှစ်နိုင်ငံတို့သည် အိုလံပစ်အားကစားပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြောက်ကိုရီးယားကစားသမားအတွက် ဆောင်ရွက်ထားရှိမှု အစီအမံများကို စတင်ရန် စီစဉ်လျက်ရှိသည်။ ၎င်းတို့သည် ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းများကိုလည်း ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## တောင်အာဖရိကတွင် ရထားတစ်စင်းနှင့် ကုန်တင်ကားတစ်စီးတို့တိုက်မိရာ လူ ၁၈ဦး သေဆုံး

**ဂျိုဟန်နစ်ဘတ်ချ် ဇန်နဝါရီ ၅**

တောင်အာဖရိက ဖရီးစတိတ်ပြည်နယ်တွင် ခရီးသည်တင်မီးရထားတစ်စင်းနှင့် ကုန်တင်ကားတစ်စီးတို့ မကြာသေးမီက တိုက်မိမှုဖြစ်ပွားခဲ့ရာ လူ ၁၈ဦး သေဆုံးခဲ့ပြီး ၂၅၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ပို့တ်အဲလိဇဘက်မှ ဂျိုဟန်နစ်ဘတ်ချ်သို့ ခုတ်မောင်းလာသော ရှိုရှိုလိုဇာမိုင် ရထား ၃၇၀၀၂သည် ဖရီးစတိတ်ပြည်နယ် ဟန်နီမန်နှင့် ခရွန်စတက်ဒ်ကြား ဖြတ်သန်းမောင်းနှင်လာသော ကုန်တင်ကားနှင့် တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း အရေးပေါ်ဝန်ဆောင်မှုဌာနက အတည်ပြုပြောကြားခဲ့သည်။

ထိုသို့ ရထားနှင့် ကုန်တင်ကားတို့ တိုက်မိမှုဖြစ်ပွားပြီး ရထားလမ်းချော်တိမ်းမှောက်ခဲ့သောကြောင့် လူ ၁၈ဦးသေဆုံးခဲ့ပြီး ၂၅၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီး ဂျိုးမက်စ်ဝန်ဂါညီက ပြောခဲ့သည်။ မီးသတ်သမားများနှင့် ဆေးဘက်ဆိုင်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများသည် အခင်းဖြစ်ပွားရာနေရာသို့ ဒုက္ခရောက်နေသူများကို ကူညီရန် ချက်ချင်းရောက်ရှိလာခဲ့သည်။

အခင်းဖြစ်ပွားသည့်နေရာရှိ ခရီးသည်တစ်ဦးပေးပို့သော ရုပ်သံဖိုင်တွင် မြေပြင်ပေါ် ပြန့်ကြဲကျနေသည့် ရထားတွဲအတော်များများ မီးစွဲလောင်နေသည်ကို တွေ့ခဲ့ရသည်။ ရထားတိုက်မိမှုဖြစ်ပွားသည့် အကြောင်းရင်းအား သက်ဆိုင်ရာ အာဏာပိုင်များက လေ့လာစုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# ကမ္ဘာကြီးက အီရန်ကို လျစ်လျူမရှုပါ

**တင်လင်းအောင်**




အကျင့်ပျက်ခြစားမှုတွေများတဲ့ လူ့မလိုင်တွေရဲ့ ဥပေက္ခာပြုခြင်းကိုခံနေရတယ်လို့ သူတို့ကိုယ်သူတို့ အထင်ရောက်နေတဲ့ သူတွေဟာ အောက်ခြေမှအထက် ပုန်ကန်မှုတွေပြုနေတာကြောင့် အီရန်ပုန်ကန်အုံကြွမှုတွေဖြစ်ပေါ်လာတယ်လို့ စဉ်းစားကြည့်လိုက်ပါ။ဒီအရေးတွေနဲ့ လမ်းမပေါ်မှာရှိတဲ့ ထိုထိုသောသူတွေရဲ့ ရင်ဆိုင်နေရတဲ့ ဒုက္ခသုက္ခတွေဟာ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပမှာဖြစ်ခဲ့တဲ့ လူကြိုက်များတဲ့ လှုပ်ရှားမှုတွေနဲ့တော့ တူမယ်တော့ မထင်ပါဘူး။ ဒါပေမယ့် "အီရန်ကို ကြီးမြတ်အောင်ပြန်လုပ်ကြ" နဲ့ "အီရန် သည်သာပထမ" ဆိုတဲ့ ပဲ့တင်ဟစ်ကြွေးသံတွေကိုတော့ သိမြင်နားလည်ခံစားတတ်မယ်ထင်ပါတယ်။

ဒီပုန်ကန်မှုဟာ အစ္စလာမ္မစ်ပြည်ထောင်စုကို ပြိုလဲကျသွားအောင်တော့ တတ်နိုင်ကောင်းမယ်မထင်ပါဘူး။ သို့သော်လည်း ပိုမိုဆိုးရွားစေခဲ့တာကတော့ အမှန်ပါ။ အရှေ့အလယ်ပိုင်းမှာ အီရန်ရဲ့တော်လှန်ပြောင်းလဲရေး စွန့်စားမှုတွေက ပြည်တွင်းမှာ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတာကို လှစ်ဟပြလိုက်သလိုပါပဲ။ နောက်ကွယ်မှာလည်း ဘာမထီသည့် အစိုးရကလည်း ရှိသေး။ ၂၀၀၉ အစိမ်းရောင်တော်လှန်ရေးနဲ့တော့ လားလားမှ မတူပါဘူး။ အခုဖြစ်နေတာက ကျေးလက်၊ မြို့ပြ၊ ချမ်းသာ၊ ဆင်းရဲဆန္ဒပြမှုတွေ မဟုတ်ပါဘူး။ အဲဒီထက် ပိုမိုကျယ်ပြန့်ပါတယ်။ ရည်ရွယ်ချက်တစ်ခုကြောင့် ဆန္ဒရှိရှိလုပ်ဆောင်နေတာပဲဖြစ်ပါတယ်။ တော်လှန်ပုန်ကန်မှုအပေါ် နှိမ်နင်းမှုတွေကလည်း လိုချင်တာက တခြား၊ ရလာတာကတခြားဖြစ်သွားစေနိုင်ပါတယ်။

အီရန်နိုင်ငံတစ်ဝန်း ကမ္ဘာကုန်ကျယ်သရွေ့ဖြစ်နေတဲ့ ဆူပူအုံကြွမှုတွေအပေါ် အစကတည်းက စောင့်ကြည့်နေတဲ့ ရန့်ဒ်ကော့ပ်အဖွဲ့မှ အကြီးတန်း မူဝါဒရေးရာ လေ့လာစောင့်ကြည့်သူတစ်ဦးက ဘယ်လိုပြောသလဲဆိုတော့ အစိုးရကမျှော်လင့်မထားတဲ့ အခြေအနေအတွက် အံ့အားသင့်နေချိန်မှာ လုံခြုံရေးတပ်ဖွဲ့တွေက ဒါကိုဆောင်ရွက်ဖို့ နှေးကွေးနေတယ်၊ ဒါဟာ မိုစတာဇာဖင် သို့မဟုတ် ပစ္စည်းဆုံးရှုံးသွားသူတွေရဲ့ ပုန်ကန်မှုတွေဖြစ်သလို ကျေးလက်အလယ်အလတ် လူတန်းစားတွေရဲ့ ပုန်ကန်မှုလည်းဖြစ်ပါတယ်လို့ ပြောခဲ့ပါတယ်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့် အနေနဲ့ သူ့ရဲ့တွစ်တာမက်ဆေ့ချ်အပေါ်မှာ ဆူညံဆူညံဖြစ်နေတဲ့ ဆန္ဒပြသူတွေကို စိတ်ဝင်စားမှုတွေ မြင့်တက်လျက်ရှိပါတယ်။ အုပ်ချုပ်ရေးအဆင့်မြင့်အရာရှိတစ်ဦးက အီရန်မှာဖြစ်နေတဲ့ သဘောထားကွဲလွဲမှုတွေကိုကြည့်ရင် အီရန်မှာ အတွင်းပိုင်းဖွဲ့စည်းပုံပြဿနာ ဖြစ်နေတယ်ဆိုတာ သိသာနေသလိုပါပဲလို့ ပြောခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ တော်လှန်ရေး အစောင့်တပ်ဖွဲ့တွေလွှမ်းမိုးမှုကြောင့် အကျင့်ပျက်ခြစားမှုဖြစ်နေတဲ့ စီးပွားရေးစနစ်။ ဒါတွေဟာ မတည်ငြိမ်မှုတွေ ဂယက်ရိုက်မှုတွေဖြစ်စေပါတယ်လို့ သူကဆက်လက်ပြောကြားခဲ့ပါတယ်။

အမေရိကန်နိုင်ငံ အိမ်ဖြူတော်က အီရန်အနေနဲ့ သူ့ရဲ့နိုင်ငံသားတွေကို ဆန့်ကျင်တဲ့ မည်သည့်အကြမ်းဖက်မှုတွေကိုမဆို ဟန့်တားနိုင်ဖို့အရေး သူ့ရဲ့မဟာမိတ်တွေနဲ့ ပူးပေါင်းလုပ်ဆောင်ဖို့ အစီအစဉ်တွေချမှတ်နေပါတယ်။ အီရန်ဟာ အခုဆိုရင် သူတို့ရဲ့ရွေးချယ်မှုတွေအပေါ် တန်ဖိုးကြီးကြီးပေးပြီး ရင်ဆိုင်ရတော့မှာပဲဖြစ်ပါတယ်။ ကွဲပြားခြားနားတဲ့ လုပ်ဆောင်ချက်တွေ မလုပ်ဆောင်နိုင်သေးသရွေ့တော့ ဒီအိပ်မက်ဆိုးကြီးထဲက ရုန်းထွက်နိုင်မယ်မထင်သေးပါဘူးလို့ အုပ်ချုပ်ရေးအဆင့်မြင့်အရာရှိတစ်ဦးက ထပ်မံပြောဆိုခဲ့ပါတယ်။

အခြားလူမှုရေး ကသောင်းကနင်းပြောင်းဆန်မှုတွေကဲ့သို့ပဲ အခုကိစ္စဟာလည်း သိသာထင်ရှားတဲ့ နောင်တတရားတွေဆီ ဦးတည်နေမလားဆိုတာတော့ မပြောတတ်ပါဘူး။ သို့သော်လည်းပဲ အဲလိုဖြစ်နိုင်တဲ့ သဲလွန်စတွေရနေသလိုပါပဲ။ ဧပြီလတုန်းက နိုင်ငံရေးလွန်စွာ အစွန်းမရောက်တဲ့ ဟက်ဆန်ရူဟာနီဟာ ပြန်လည်ရွေးကောက်ရေးလမ်းကြောင်းပေါ် ရောက်ရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ မဲဆန္ဒရှင်တွေက စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကို လိုချင်ကြပါတယ်။ သူတို့ရဲ့ ဝင်ငွေအဆင့်အတန်းကို လေ့လာကြည့်မယ်ဆိုရင် ၅၄ ရာခိုင်နှုန်းသော အီရန်ပြည်သူတွေဟာ ခက်ခက်ခဲခဲနေထိုင်ဖြတ်သန်းခဲ့ရတာ သို့မဟုတ် အဆင်ပြေဖို့ခက်ခဲတာကို တွေ့ရတယ်လို့ တိုရန်တိုအခြေစိုက် IranPoll ရဲ့ လေ့လာဆန်းစစ်မှုက ဖော်ပြပါတယ်။ လွန်ခဲ့သောနှစ် Gallup အစီရင်ခံစာအရ အီရတ်နဲ့ တောင်ဆူဒန်ပြီးရင် အီရန်ဟာ Negative Experience Index အညွှန်းကိန်းမှာ တတိယနေရာမှာရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

တစ်ပိုင်းတစ်ဒေသအားဖြင့် မျှော်လင့်ချက်မြင့်မားလာခြင်းအပေါ် ပြောင်းပြန်အချိုးကျခြင်း လို့ဆိုရင်လည်းမှားမယ် မထင်ပါဘူး။ ရူဟာနီနဲ့ သူ့ရဲ့နျူကလီးယားစာချုပ်ကိစ္စမှတစ်ဆင့် အီရန်ပြည်သူတွေ လိုချင်တဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ၊ အလုပ်အကိုင်ကိစ္စတွေနဲ့ ခေတ်မီပြောင်းလဲတဲ့ ဘဝတွေရရှိလာမယ်လို့ အီရန်တွေကမျှော်လင့်ထားကြပါတယ်။ သို့သော်လည်းပဲ ဒါတွေဟာ ဖြစ်မလာခဲ့ပါဘူး။ ဒါကြောင့်ပဲ မချင့်မရဲနဲ့ အားမလိုအားမရဖြစ်နေတဲ့ အီရန်ပြည်သူတွေဟာ စိတ်ဆိုးခဲ့ကြပါတယ်။ သူတို့ရဲ့ဒေါသတွေကြောင့် နောက်ဆုံးမှာ လမ်းမတွေပေါ် အထိရောက်အောင် ထွက်လာခဲ့တဲ့အထိပဲ ဖြစ်လာပါတော့တယ်။

ဆန့်ကျင်ဆန္ဒပြသူတွေဟာ ရူဟာနီရဲ့ ပြုပြင်ပြောင်းလဲရေးဘက်တော်သားများနဲ့ အဆင့်မြင့်ဆုံးခေါင်းဆောင်အလီခါမေနီဦးဆောင်တဲ့ ခေါင်းမာသူတွေကို ပြစ်တင်ရှုတ်ချမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အမေရိကန်အရာရှိတွေဟာ လွန်ခဲ့တဲ့ရက်သတ္တပတ်မှာ ပြန်လည်ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေကို ပြုလုပ်ဖို့ ကြိုးစားခဲ့ချိန်မှာ နိုင်ငံတွင်းပြဿနာတွေ တင်းမာမှုကြောင့် ပေါက်ကွဲလုမတတ်ဖြစ်နေတဲ့ လောင်စာနဲ့တူတဲ့ အခြေအနေပေါ် မီးပွားလေးကျသွားသလိုပဲ ဆန္ဒပြမှုတွေ နိုင်ငံတစ်ဝန်းဖြစ်ပွားလာခဲ့ပါတော့တယ်။ ကြီးကြယ်လှတဲ့ ပထမဆုံး ဆန္ဒပြမှုကြီးဟာ ကွန်ဆာဗေးတစ်တွေ ကြီးစိုးတဲ့ နယ်မြေဖြစ်တဲ့ အီရန်နိုင်ငံအရှေ့ပိုင်း မာ့ရှ်ဟတ်မှာ မကြာသေးမီက ဖြစ်ပွားခဲ့ပါတယ်။ ရူဟာနီရဲ့စီးပွားရေးမူဝါဒတွေကို ဆန့်ကျင်ဖို့အတွက် ခါမေနီ ထောက်ခံသူတွေဟာ ပထမဆုံးစုစည်းခဲ့တာဖြစ်တယ်လို့ အမေရိကန်အရာရှိတွေက ထင်ကြပါတယ်။ နောက်ထပ်ကြီးကျယ်တဲ့ ဆန္ဒပြမှုတွေဟာ အနောက်ဘက်နယ်စပ်တစ်လျှောက် ကာ့ဒ်လွှမ်းမိုးတဲ့ ဒေသဖြစ်တဲ့ ကာမန်ရှဟ်မှာဖြစ်ပွားခဲ့ပါတယ်။ အဆိုပါဒေသမှာ လွန်ခဲ့တဲ့ နိုဝင်ဘာလမှာ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ပါတယ်။ အဲဒီအင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၅၀၀ ခန့်သေဆုံးခဲ့ပြီး ၁၀၀၀၀ နီးပါး ဒဏ်ရာရရှိခဲ့ပါတယ်။

အဲဒီလို ငလျင်လှုပ်ရာတွင် အဆောက်အအုံတွေ အမြောက်အမြားပြိုကျပြီး လူပေါင်းမြောက်မြားစွာ သေဆုံးခဲ့တဲ့အတွက် ဆန့်ကျင်ဆန္ဒပြသူတွေဟာ အကျင့်ပျက်ခြစားခဲ့တဲ့ အဆောက်အအုံစစ်ဆေးသူတွေကို ပြစ်တင်မှုတွေ လုပ်ခဲ့ပါတယ်။ ကာမန်ရှဟ်မှာဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုတွေဟာ တောင်ပိုင်းအာရပ်တွေ လွှမ်းမိုးတဲ့အာဗက်ဇ်မှသည် အလယ်ပိုင်း အစ်ဖာဟန် ထိုမှတစ်ဆင့် အခြားမြို့များသို့ ကူးစက်ပျံ့နှံ့လာခဲ့ပါတော့တယ်။

လမ်းမပေါ်မှာရှိတဲ့ ဆန္ဒပြသူတွေဟာ အစိုးရရဲ့ ခြိမ်းခြောက်မှုတွေကို ကြံ့ကြံ့ခံကာ ပြင်းပြင်းထန်ထန် ခုခံလာပါတော့တယ်။ သူတို့ရဲ့ဆန္ဒပြမှုတွေမှာ ဟစ်ကြွေးသံတွေကတော့ "အာဏာရှင်အစိုးရ ကျဆုံးပါစေ၊ ဆီးရီးယားကို ထားခဲ့ပြီး အီရန်ကိုခေါင်းထဲထည့်ကြပါ၊ မကြောက်ပါနဲ့၊ သင်တို့နဲ့ အတူရှိနေမယ်၊ အီရန်ကို ပြန်လည်ရရှိဖို့ ငါတို့ အသေခံနိုင်တယ်"။ အမျိုးသမီးတစ်ဦးက ဘယ်လိုမျိုးဟစ်ကြွေးသလဲဆိုရင် "ဘာကို စောင့်နေကြတာလဲ၊ ယောကျ်ားပီသပါစေ၊ ရှေ့ကိုချီတက်ကြ" ဆိုပြီး စတဲ့ကြွေးကြော်သံတွေကို ကြွေးကြော်ခဲ့ကြပါတယ်။ အခုလိုမျိုး ဆူညံပွက်လောရိုက်မှုတွေဟာ ဘယ်သူတွေကမှ မျှော်လင့်နေကြတာမဟုတ်ပါဘူး။ သူတို့ဟာ အစ္စလာမ္မစ်ပြည်ထောင်စုမှာ ဖြစ်ပွားခဲ့တာပါ။ ဒါတွေဟာ အီရန်အုပ်ချုပ်ရေး ယန္တရားစနစ်နဲ့ လူတွေစိတ်နှလုံးကွဲပြားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ရလဒ်တွေပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီးက ဒီလိုအခြေအနေတွေကို စောင့်ကြည့်နေပါတယ်။ ဒါဟာ အီရန်ရဲ့ အနာဂတ်ကို ဂရုစိုက်တဲ့ အခြားခေါင်းဆောင်တွေနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အတွက် မှန်ကန်တဲ့ သတင်းစကားပဲ ဖြစ်ပါတယ်။ အမေရိကန် ပြည်ထောင်စုအနေနဲ့ အီရန်ပြည်သူတွေကို ပေးနိုင်တာကတော့ အသက်ကယ်ကြိုးတစ်ချောင်းပဲ ဖြစ်ပါတယ်။

သူ့ကို ထောက်ခံတဲ့ပြည်သူတွေအတွက် ရူဟာနီဟာ ဒီအခြေအနေတွေအပေါ် စာနာကရုဏာဖြစ်ပေမယ့်လည်း ခါမေနီကတော့ ဒါကို ပျက်စီးစေချင်မှာပဲ ဖြစ်ပါတယ်။ လူ့သဘာဝစာနာမှုတရားတွေဟာ သူတို့ရဲ့ ရှုပ်ရှုပ်ချုံချုံ သတ္တိရှိရှိ ကြိုးစားမှုတွေအတွက် မျက်မြင်သက်သေတွေ ဖြစ်လာနိုင်ပါစေလို့ ဆုတောင်းရင်း။ ။

Ref: The Washington Post

> "ရူဟာနီနဲ့ သူ့ရဲ့ နျူကလီးယား စာချုပ်ကိစ္စမှတစ်ဆင့် အီရန်ပြည်သူတွေ လိုချင်တဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ၊ အလုပ်အကိုင်ကိစ္စတွေနဲ့ ခေတ်မီပြောင်းလဲတဲ့ ဘဝတွေရရှိလာမယ်လို့ အီရန်တွေက မျှော်လင့်ထားကြပါတယ်။ သို့သော်လည်းပဲ ဒါတွေဟာ ဖြစ်မလာခဲ့ပါဘူး။ ဒါကြောင့်ပဲ မချင့်မရဲနဲ့ အားမလို အားမရဖြစ်နေတဲ့ အီရန်ပြည်သူတွေဟာ စိတ်ဆိုးခဲ့ကြပါတယ်"

## နိုင်ငံတကာ သတင်းတိုထွာ

### မလေးရှားအာဏာရပါတီ ၂၀၁၈ မဲဆွယ်စည်းရုံးရေးအတွက် အင်တာနက်ဝက်ဆိုက်လွှင့်တင်

**ကွာလာလမ်ပူ ဇန်နဝါရီ ၅**

မလေးရှားအာဏာရပါတီ ဘီအင်န် (ဘာရီဆန်နာရှင်နယ်) အနေဖြင့် လာမည့်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးတရားဝင် အင်တာနက်ဝက်ဆိုက်ကို ဇန်နဝါရီ ၃ ရက်က လွှင့်တင်ခဲ့ကြောင်း၊ အဆိုပါတရားဝင်ဝက်ဆိုက်လွှင့်တင်သည့် အခမ်းအနားသို့ မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်ရာဇတ်နှင့်နိုင်ငံခေါင်းဆောင်များ တက်ရောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံ၌ ၂၀၁၈ခုနှစ် နှစ်လယ်ပိုင်းတွင် အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါ ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် ထပ်မံအနိုင်ရစေရန် လက်ရှိဝန်ကြီးချုပ် နာဂျစ်ဦးဆောင်သော ဘီအင်န်ပါတီဝင်များက ၎င်းတို့၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး အင်တာနက်စာမျက်နှာကို လွှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### နှစ်သစ်ကူး အားလပ်ရက်များတွင် ယာဉ်မတော်တဆမှုများကြောင့် လူသေဆုံးမှုများဖြစ်ပွား

**ဗန်ကောက် ဇန်နဝါရီ ၅**

ထိုင်းနိုင်ငံတစ်ဝန်း နှစ်သစ်ကူးအားလပ်ရက်များတွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ စုစုပေါင်း လူ ၃၇၅ ဦးသေဆုံးခဲ့ပြီး အခြားလူ ၃၆၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံတစ်ဝန်း နှစ်သစ်ကူးအားလပ်ရက်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၃၄၅၆ ခုဖြစ်ပွားခဲ့ကြောင်း ယာဉ်မတော်တဆမှုကာကွယ်ရေးနှင့် လျှော့ချရေးစင်တာက ပြောခဲ့သည်။

အရက်အလွန်အကျွံသောက်ပြီး မဆင်မခြင်မောင်းနှင်မှုကြောင့် ယခုကဲ့သို့ ယာဉ်တိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါစင်တာက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

### ရုရှားနိုင်ငံအနောက်ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွားရာ လူ ၁၀ ဦးခန့် သေဆုံး

**မော်စကို ဇန်နဝါရီ ၅**

ရုရှားနိုင်ငံအနောက်ပိုင်း ဆိုက်ဘေးရီးယားဒေသတွင် ဇန်နဝါရီ ၃ ရက်က ကားနှစ်စင်းတိုက်မိရာ ကလေးငယ်လေးဦးအပါအဝင် လူ ၁၀ ဦးခန့် သေဆုံးခဲ့ကြောင်း ဒေသခံအာဏာပိုင်များက မကြာသေးမီက ပြောခဲ့သည်။

အဆိုပါယာဉ်တိုက်မှုသည် ခန်တီ-မန်ဆီယက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုတ်ခ်ရာဘရက်ကီခရိုင်ရှိ အဝေးပြေးလမ်းတစ်နေရာတွင် ဒေသစံတော်ချိန် ၁၄ နာရီ ၃၇ မိနစ်ဝန်းကျင်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံ အရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့်နေရာသို့ လူဦးရေ ၅၀ ကျော်ပါဝင်သည့် မီးသတ်ဝန်ထမ်းများနှင့် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

(စ) ဤပုဒ်မတွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဤဥပဒေအရ တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများနှင့်လည်း အလားတူ သက်ဆိုင်စေရမည်။

၂၇၀။ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဒ်မ ၂၆၉ အရ တောင်းဆိုသည့် သတင်းအချက်အလက်များ သို့မဟုတ်ရှင်းလင်းဖော်ပြချက်များကို ပြုစုပေးပို့ရန် ငြင်းဆိုလျှင် သို့မဟုတ် ပျက်ကွက်လျှင် ပြစ်မှုတစ်ရပ်စီအတွက် ဒဏ်ကြေးငွေကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည့်အပြင် တရားရုံးသည် မှတ်ပုံတင်အရာရှိက တင်ပြလျှောက်ထားပါက ကုမ္ပဏီသို့ အကြောင်းကြားပြီးနောက်အဆိုပါ စာရွက်စာတမ်းများအား ပြုစုတင်ပြရန်အတွက် ကုမ္ပဏီအပေါ် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ မှတ်ပုံတင်အရာရှိက စုံစမ်းစစ်ဆေးရန်လိုအပ်သည်ဟု တရားရုံးအနေဖြင့် ထင်မြင်ပါက လိုအပ်သည့်စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အရာရှိအား စုံစမ်းစစ်ဆေးခြင်းကို ခွင့်ပြုနိုင်သည်။

**စစ်ဆေးဆောင်ရွက်ခြင်းများ**

**စုံစမ်းစစ်ဆေးသူများက ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေး ဆောင်ရွက်ခြင်း**

၂၇၁။ (က) ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုဝန်ကြီးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပါက ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးရန်နှင့်ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားသည့်နည်းလမ်းများအတိုင်း စုံစမ်းစစ်ဆေးမှုအား တင်ပြရန်အတွက် အရည်အချင်းပြည့်ဝသော စုံစမ်းစစ်ဆေးသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို ခန့်အပ်နိုင်သည်-

(၁) အစုရှယ်ယာ မတည်ငွေရင်းပါရှိသော ကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ထုတ်ဝေထားသော အစုရှယ်ယာများ၏ တစ်ဆယ်ပုံတစ်ပုံထက် မနည်းသော အစုရှယ်ယာများကို ပိုင်ဆိုင်ထားသည့် ကုမ္ပဏီတွင် ပါဝင်သူများက လျှောက်ထားခြင်း၊

(၂) အစုရှယ်ယာမတည်ငွေရင်းမပါရှိသော ကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင်ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသူ အရေအတွက်၏ ငါးပုံတစ်ပုံထက် မနည်းသောသူများက လျှောက်ထားခြင်း၊

(၃) မည်သည့် ကုမ္ပဏီတစ်ရပ်ရပ်နှင့်မဆိုစပ်လျဉ်းသည့် ကိစ္စရပ်တွင် ပုဒ်မ ၂၆၉၊ ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်အရာရှိက အစီရင်ခံတင်ပြခြင်း သို့မဟုတ်

(၄) မည်သည့် ကုမ္ပဏီတစ်ရပ်ရပ်နှင့်မဆို စပ်လျဉ်းသည့် ကိစ္စရပ်တွင် အများပြည်သူ၏အကျိုးအလို့ငှာ ယင်းစုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရန် အကျိုးအကြောင်း ယုံကြည်စွာတွေ့ရှိလျှင် မှတ်ပုံတင်အရာရှိက တောင်းဆိုခြင်း။

(ခ) ပုဒ်မခွဲ(က) အရ စုံစမ်းစစ်ဆေးသူတစ်ဦးကို ခန့်အပ်ခြင်းမပြုမီ ပြည်ထောင်စုဝန်ကြီးသည် အောက်ပါအကြောင်းအချက်များကို ယုံကြည်လက်ခံပြီး ဖြစ်ရမည်-

(၁) ကုမ္ပဏီ သို့မဟုတ် ယင်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်နိုင်ဖွယ်ရှိခြင်းနှင့်

(၂) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) တို့တွင် ဖော်ပြပါရှိသော လျှောက်ထားမှုတစ်ရပ်ရပ်ကို သဘောရိုးဖြင့် ပြုလုပ်ပြီး ကျိုးကြောင်းညီညွတ်မှုရှိခြင်း။

**စုံစမ်းစစ်ဆေးဆောင်ရွက်ရန် လမ်းညွှန်နိုင်သည့် ပြည်ထောင်စုဝန်ကြီး၏ အခွင့်အာဏာ**

၂၇၂။ ပြည်ထောင်စုဝန်ကြီးသည် မည်သည့်အချိန်တွင်မဆို အများပြည်သူအကျိုးငှာ ဤဥပဒေအရခန့်အပ်သော အရည်အချင်းပြည့်ဝသည့် စုံစမ်းစစ်ဆေးသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများဖြင့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

**စုံစမ်းစစ်ဆေးမှုအတွက် လျှောက်ထားခြင်းတွင် သက်သေအထောက်အထားများ တင်ပြရခြင်း**

၂၇၃။ ပုဒ်မ ၂၇၁ အရ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက လျှောက်ထားတင်ပြမှုတွင် ကုမ္ပဏီ သို့မဟုတ် ယင်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်နိုင်ဖွယ်ရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုအတွက် လျှောက်ထားမှုတစ်ရပ်ရပ်ကို ခိုင်မာသော အကျိုးအကြောင်းရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ထိခိုက်နစ်နာစေလိုသော အကြောင်းဖြင့် တိုက်တွန်းတင်ပြခြင်း မဟုတ်ကြောင်းတို့အား ဖော်ပြနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးကလိုအပ်မည်ဟုယူဆသော သက်သေအထောက်အထားများကို တင်ပြရမည်။ ပြည်ထောင်စုဝန်ကြီးသည် စုံစမ်းစစ်ဆေးသူတစ်ဦးအား ခန့်အပ်ခြင်းမပြုမီ လျှောက်ထားတင်ပြသူက စုံစမ်းစစ်ဆေးမှု အတွက် ကုန်ကျမည့်စရိတ်များအား ပေးချေရန် အာမခံထားရှိစေနိုင်သည်။

**စာရင်းစာအုပ်များအား ကြည့်ရှုစစ်ဆေးခြင်းနှင့် အရာရှိများအား စစ်ဆေးမေးမြန်းခြင်း**

၂၇၄။ (က) ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများဖြစ်သည့် သို့မဟုတ် ဖြစ်ခဲ့သည့် ပုဂ္ဂိုလ်အားလုံးသည် ကုမ္ပဏီတွင် ထိန်းသိမ်းထားရှိသော စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများအားလုံး သို့မဟုတ် ကုမ္ပဏီနှင့်စပ်လျဉ်းသည့်အခွင့်အာဏာများအားလုံးကို စုံစမ်းစစ်ဆေးသူများထံသို့ ပေးအပ်ရန် တာဝန်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးသူသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့်သက်ဆိုင်သောသူများကို စစ်ဆေးမေးမြန်းနိုင်သည်။

၂၇၅။ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဒ်မ ၂၇၄ ပါပြဋ္ဌာန်းချက်များအရ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍တာဝန်ရှိသည်နှင့်အညီ စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ပေးအပ်ရန် သို့မဟုတ် မေးခွန်းများကိုဖြေဆိုရန်အတွက် ငြင်းဆိုလျှင် ပြစ်မှုတစ်ရပ်စီအတွက် ဒဏ်ကြေးငွေကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်။

**စုံစမ်းစစ်ဆေးမှု၏ စစ်ဆေးတွေ့ရှိမှုနှင့် အစီရင်ခံတင်ပြမှု**

၂၇၆။ (က) စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အခါ စုံစမ်းစစ်ဆေးသူများသည် ၎င်းတို့၏ လေ့လာသုံးသပ်ချက်များကို ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြအစီရင်ခံရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြသည့် အစီရင်ခံစာမိတ္တူတစ်စုံကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အခြားမိတ္တူတစ်စုံကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ ပေးပို့ရမည်။ထို့ပြင် အခြားမိတ္တူတစ်စုံကိုလည်း စုံစမ်းစစ်ဆေးပေးရန် တင်ပြလျှောက်ထားသူက တောင်းခံလာလျှင် ၎င်းထံသို့ ပေးအပ်ရမည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည့် ကုန်ကျစရိတ်များအားလုံးကို ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီမှကျခံစေရန် ညွှန်ကြားနိုင်ပြီး ထိုသို့ညွှန်ကြားမှုမရှိလျှင် လျှောက်ထားတင်ပြသူများက ပေးချေရမည်။ သို့ရာတွင် ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၃) သို့မဟုတ် (၄)နှင့်အညီ ဆောင်ရွက်သော စုံစမ်းစစ်ဆေးမှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်များကိုကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များမှ ထုတ်နုတ်ကျခံရမည်ဖြစ်ပြီး အခွန်ကြွေးကျန်တစ်ရပ်ကဲ့သို့ ပြန်လည်တောင်းခံရယူရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ၎င်းကထိန်းသိမ်းထားသည့် ကုမ္ပဏီ၏ မှတ်တမ်းများနှင့်အတူ ၎င်းထံပေးပို့လာသော အစီရင်ခံစာမိတ္တူများကို ထိန်းသိမ်းထားရှိရမည်။

**တရားစွဲဆိုဆောင်ရွက်ခြင်း**

၂၇၇။ (က) ပုဒ်မ ၂၇၁ သို့မဟုတ် ပုဒ်မ ၂၇၂ အရ ပြုစုတင်ပြလာသော အစီရင်ခံစာတွင် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်အတွက် အပြစ်ရှိကြောင်းကျိုးကြောင်း ညီညွတ်မှုရှိသည်ဟု ပြည်ထောင်စုဝန်ကြီးက ယုံကြည်ယူဆလျှင် ဝန်ကြီးဌာန သည် ထိုကိစ္စရပ်အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံဉာဏ်တောင်းခံရမည်။

(ခ) အဆိုပါကိစ္စရပ်အားတရားစွဲဆိုဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စဖြစ်သည်ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုပါက မှတ်ပုံတင်အရာရှိသည် တရားစွဲဆိုဆောင်ရွက်ခြင်းကို ပြုလုပ်ရမည်။ တရားစွဲဆိုမှုတွင် စွပ်စွဲခံရသူမှအပ ယခင်ကဖြစ်စေ၊ ယခုလက်ရှိတွင်ဖြစ်စေ တာဝန်ထမ်းဆောင်နေကြသော ကုမ္ပဏီ၏ဒါရိုက်တာများ၊ အရာရှိများနှင့် ကိုယ်စားလှယ်များအားလုံးသည် တရားစွဲဆိုဆောင်ရွက်မှုနှင့် သက်ဆိုင်သောလိုအပ်သည့် အကူအညီများအားလုံးကိုဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

(ဂ) ပုဒ်မခွဲ (ခ) ပါကိစ္စရပ်များအတွက် ကုမ္ပဏီနှင့်စပ်လျဉ်း၍ "ကိုယ်စားလှယ်များ" ဟူသော စကားရပ်တွင်ဘဏ်လုပ်ငန်းရှင်များနှင့် ကုမ္ပဏီ၏ ဥပဒေအကြံပေးများ၊ စာရင်းစစ်များအဖြစ် ကုမ္ပဏီမှခန့်အပ်ထားသူများပါဝင်ရမည်ဖြစ်ပြီး ၎င်းတို့မှာ ကုမ္ပဏီ၏အရာရှိများဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ပါဝင်သည်။

(ဃ) ဤပုဒ်မအရ တရားစွဲဆိုဆောင်ရွက်ခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးအား တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ ထိုသို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်နေ့မှ ငါးနှစ်ကာလအတွင်း မည်သည့်ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုတွင်ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မည်သည့်နည်းလမ်းဖြင့် ပါဝင်ခြင်း သို့မဟုတ် ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ပေးအပ်ခြင်း မပြုရ။

**စုံစမ်းစစ်ဆေးသူများ၏ အစီရင်ခံစာကို သက်သေခံအဖြစ် မှတ်ယူရခြင်း**

၂၇၈။ ဤဥပဒေအရ ခန့်အပ်သော စုံစမ်းစစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာမိတ္တူတစ်စုံကို စုံစမ်း စစ်ဆေးခြင်းခံရသည့် ကုမ္ပဏီ၏ ရုံးတံဆိပ်ခတ်နှိပ်၍ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးကဖြစ်စေ အစစ်အမှန်ဖြစ်ကြောင်း အတည်ပြုထားလျှင် အစီရင်ခံစာတွင်ပါဝင်သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးသူများ၏ ထင်မြင်ချက်များကို သက်သေခံအဖြစ် မည်သည့် တရားစွဲဆိုဆောင်ရွက်မှုများတွင်မဆို လက်ခံရမည်။

**စာရင်းစစ်များ**

**စာရင်းစစ်များ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် ၎င်းတို့အား ခန့်အပ်ခြင်း**

၂၇၉။ (က) သက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က ပေးအပ်သော ကုမ္ပဏီ၏ စာရင်းစစ်တစ်ဦးအဖြစ်ဆောင်ရွက်ရန်ခွင့်ပြုသည့် လုပ်ကိုင်ခွင့်လက်မှတ်ကို ကိုင်ဆောင်ထားခြင်းမရှိလျှင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၊ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုခုတို့တွင် စာရင်းစစ်တစ်ဦးအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း မပြုရ။ သို့ရာတွင်အဆိုပါ လုပ်ကိုင်ခွင့်လက်မှတ်များကို ကိုင်ဆောင်ထားပြီး နိုင်ငံတော်အတွင်း လုပ်ငန်းများဆောင်ရွက်နေသော ဖက်စပ်လုပ်ကိုင်သူများပါဝင်သည့် လုပ်ငန်းစုတစ်ရပ်အား ယင်းလုပ်ငန်းစုအမည်ဖြင့် ကုမ္ပဏီတစ်ခု၏ စာရင်းစစ်အဖြစ်ခန့်အပ်နိုင်ပြီး ယင်းလုပ်ငန်းစုအမည်ဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ကုမ္ပဏီအားလုံးသည် နှစ်စဉ်အထွေထွေအစည်းအဝေးတစ်ရပ်စီ၌ နောက်တစ်ကြိမ်ကျင်းပမည့် အထွေထွေအစည်းအဝေးမတိုင်မီအထိ စာရင်းစစ်တစ်ဦး သို့မဟုတ် စာရင်းစစ်များကို ခန့်အပ်ရမည်။

(ဂ) စာရင်းစစ်တစ်ဦးအား ခန့်အပ်ရန်လိုအပ်ပြီး ထိုသို့ခန့်အပ်မှုကို နှစ်စဉ်အထွေထွေအစည်းအဝေး၌ ပြုလုပ်ခဲ့ခြင်းမရှိလျှင် ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး၏ လျှောက်ထားမှုအရ လက်ရှိခုနှစ်အတွက် ကုမ္ပဏီ၏စာရင်းစစ်တစ်ဦးကို ခန့်ထားနိုင်ပြီး အဆိုပါစာရင်းစစ်၏ လုပ်အားအတွက် ကုမ္ပဏီကပေးချေရမည့် အခကြေးငွေကို သတ်မှတ်ပေးနိုင်သည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များအား ကုမ္ပဏီ၏စာရင်းစစ်များအဖြစ် ခန့်အပ်ခြင်းမပြုရ-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦး၊

(၂) အဆိုပါ ဒါရိုက်တာ သို့မဟုတ် အရာရှိ၏ ဖက်စပ်လုပ်ကိုင်သူတစ်ဦးဦး၊

(၃) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီတစ်ခုခုတွင် အဆိုပါ ဒါရိုက်တာ သို့မဟုတ် အရာရှိက ခန့်အပ်ထားသူတစ်ဦးဦး နှင့်

(၄) ကုမ္ပဏီသို့ အကြွေးတင်ရှိနေသူတစ်ဦးဦး။ ပုဂ္ဂိုလ်တစ်ဦးဦးသည် စာရင်းစစ်အဖြစ်ခန့်အပ်ပြီးနောက် ကုမ္ပဏီတွင် အကြွေးတင်ရှိလာပါက ယင်း၏ ခန့်အပ်မှုကို ထိုအချိန်မှစ၍ ရပ်စဲရမည်။

(င) နှစ်စဉ်အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာများကို ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့သည့်နေ့မတိုင်မီ ၁၄ ရက်ထက်နောက်မကျစေဘဲ စာရင်းစစ်ရာထူးနေရာတွင် အငြိမ်းစားယူထားသော စာရင်းစစ်မှအပ အခြားသူတစ်ဦးဦးကို ခန့်ထားရန်ရည်ရွယ်ထားကြောင်း အကြောင်းကြားစာကို ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက ကုမ္ပဏီသို့ ပေးပို့ထားခြင်းမရှိလျှင်၊ ထိုသူကို နှစ်စဉ်အထွေထွေ အစည်းအဝေး၌ စာရင်းစစ်အဖြစ် ခန့်ထားခွင့် မရှိစေရ။ ကုမ္ပဏီသည် အငြိမ်းစားယူထားသော စာရင်းစစ်ထံသို့ အဆိုပါ အကြောင်းကြားစာ မိတ္တူတစ်စောင်အားပေးပို့ရမည့်အပြင် အဆိုပါ အကြောင်းကြားစာကို ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ပေးပို့ရမည်။ ထို့အပြင်အကြောင်းကြားစာအား ကြော်ငြာတွင် ထည့်သွင်းဖော်ပြ၍ဖြစ်စေ၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းက ခွင့်ပြုသည့်နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် စာရင်းစစ်တစ်ဦးအား ခန့်ထားရန်ရည်ရွယ်ထားကြောင်း အကြောင်းကြားစာကို ကုမ္ပဏီသို့ပေးပို့ပြီးနောက် နှစ်စဉ်အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာကို အဆိုပါအကြောင်းကြားစာပေးပို့ပြီးနောက် ၁၄ ရက် သို့မဟုတ် ထိုကာလထက် နည်းသည့်ကာလအတွင်း ပေးပို့ခဲ့လျှင် စာရင်းစစ်တစ်ဦးအားခန့်ထားရန် ရည်ရွယ်ထားကြောင်း အကြောင်းကြားစာအတွက် အချိန်ကာလသတ်မှတ်ချက်နှင့် စပ်လျဉ်းသည့် ဤပုဒ်မပါ သတ်မှတ်ချက်များကို လိုက်နာသည်ဟု မှတ်ယူရမည်ဖြစ်ပြီး အဆိုပါ အကြောင်းကြားစာကိုနှစ်စဉ်အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာပေးပို့သည့် အချိန်ကာလအတိုင်း ပေးပို့ရမည်။

(စ) ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေးမတိုင်မီ ကုမ္ပဏီ၏ ပထမဦးဆုံးစာရင်းစစ်များကို ကုမ္ပဏီ၏ ဒါရိုက်တာများက ခန့်အပ်နိုင်သည်။ ထိုသို့ ခန့်အပ်ရာတွင်ကုမ္ပဏီတွင် ပါဝင်သူများက အထွေထွေအစည်းအဝေး၌ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ဖယ်ရှားခြင်းမပြုခဲ့လျှင် ပထမအကြိမ် နှစ်စဉ်အထွေထွေအစည်းအဝေးအထိ စာရင်းစစ်ရာထူးနေရာတွင် ခန့်အပ်ထား၍ ၎င်းအစည်းအဝေးမတိုင်မီ ဖယ်ရှားခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများက စာရင်းစစ်များကို ခန့်အပ်နိုင်သည်။

(ဆ) ဒါရိုက်တာများသည် ရုတ်တရက်လစ်လပ်သွားသော စာရင်းစစ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ သို့သော် အဆိုပါလစ်လပ်မှုသည် ဆက်လက်ဖြစ်ပေါ်နေခဲ့လျှင် ဆက်လက်ဆောင်ရွက်နေသော စာရင်းစစ် သို့မဟုတ် စာရင်းစစ်များရှိခဲ့လျှင် ၎င်းတို့က လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(ဇ) ကုမ္ပဏီစာရင်းစစ်များ၏ အခကြေးငွေကို အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီက သတ်မှတ်ပေးရမည်။ သို့သော် ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေးမတိုင်မီက ခန့်အပ်ထားသော စာရင်းစစ်များ၏ အခကြေးငွေ သို့မဟုတ် ရုတ်တရက်လစ်လပ်သွားသော နေရာတစ်ခုခုတွင် ဖြည့်စွက်ခန့်ထားသည့် စာရင်းစစ်များ၏ အခကြေးငွေကို ဒါရိုက်တာများက သတ်မှတ်ပေးနိုင်သည်။

(ဈ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော သတ်မှတ်ချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ လိုက်နာကျင့်သုံးရမည်။

**စာရင်းစစ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၈၀။ (က) ကုမ္ပဏီတစ်ခု၏ စာရင်းစစ်အားလုံးသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများ၊ စာရင်းစာအုပ်များ၊ ငွေစာရင်းများ၊ ပြေစာများကို မည်သည့်အချိန်တွင်မဆို ရယူနိုင်ခွင့်ရှိပြီး ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အရာရှိများထံမှ စာရင်းစစ်တာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များကို ရယူခွင့်ရှိသည်။

(ခ) စာရင်းစစ်များသည် ၎င်းတို့ စစ်ဆေးဆောင်ရွက်ခဲ့သည့် စာရင်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၎င်းတို့၏ ရာထူးသက်တမ်းကာလအတွင်း အထွေထွေအစည်းအဝေးတွင်ကုမ္ပဏီထံသို့တင်ပြလာသည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့် စပ်လျဉ်း၍လည်းကောင်းကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစီရင်ခံစာ တင်ပြရမည်။ ထိုအစီရင်ခံစာတွင် အောက်ပါတို့ကို ဖော်ပြပါရှိရမည် -

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များ ရရှိခြင်းရှိမရှိ၊

(၂) ၎င်းတို့၏ ထင်မြင်ချက်တွင် အစီရင်ခံစာ၌ ဖော်ပြပါရှိသော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ပြုစုထားခြင်း ရှိမရှိ၊

(၃) ကုမ္ပဏီ၏ စာရင်းစာအုပ်များတွင် ဖော်ပြပါရှိပြီး စာရင်းစစ်များထံ ပေးအပ်သော ပြည့်စုံသည့် သတင်းအချက်အလက်များ၊ ရှင်းလင်းဖော်ပြချက်များနှင့်အညီ ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းတွင် မှန်ကန်ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ မရှိနှင့်

(၄) ၎င်းတို့၏ ထင်မြင်ချက်တွင် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ဤအခန်းတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီက ထိန်းသိမ်းထားရှိခြင်း ရှိ မရှိ။

(ဂ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါရှိသော ကိစ္စရပ်တစ်ရပ်ရပ်ကို ပြုလုပ်ဆောင်ရွက်ထားခြင်းမရှိကြောင်း သို့မဟုတ် အပြည့်အဝမပြုလုပ်ထားကြောင်း ဖြေဆိုလျှင် အစီရင်ခံစာ၌ ဖြေဆိုချက်များအတွက် အကြောင်းပြချက်များကို ဖော်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နွေသီးနှံဧက ၆၄၀၀၀ ကျော်အတွက် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ ပေးဝေမည်



**မင်းဘူး ဇန်နဝါရီ ၅**

၂၀၁၇-၂၀၁၈ နွေစပါး၊ နွေနှမ်းစိုက်ပျိုးရာသီအတွင်း မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်မှ သီးနှံစိုက်ဧက ၆၄၀၀၀ ကျော်အတွက် စိုက်ပျိုးရေ အပြည့်အဝ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

မုန်းချောင်းရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံတို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး သိုလှောင်ထားရှိသည့် ဆည်ရေများကို မဲဇလီရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ မဲဇလီဆည်ရေသောက် စိစစ်ဧကမှာ ၈၂၆၂၃ ဧက ရှိရာ ယင်းဆည်ရေကို ပွင့်ဖြူမြို့နယ်၊ မင်းဘူး(စကု)မြို့နယ်နှင့် စလင်းမြို့နယ်တို့မှ တောင်သူများက ရေရယူစိုက်ပျိုးလျက်ရှိသည်။ မဲဇလီရေလွှဲဆည်၏ ဆင်ဖြူကျွန်းမြောင်းသည် စလင်းမြို့နယ်အထိ ရေပေးဝေပြီး စလင်းမြို့နယ်အပိုင်းတွင် ဧက ၁၀၆၀၈ အထိ ရေပေးဝေလျက်ရှိသည်။

ဆည်အတွင်းသို့ ယခုနှစ် ရေဝင်ရောက်မှုအရ သိုလှောင်ရေ ပမာဏပြည့်မီသဖြင့် ရေပေးဝေနိုင်မည့် ဧက ၈၂၀၀၀ ကျော်ရှိပြီး နွေစပါး ၂၈၇၃၇ ဧက၊ နွေနှမ်း ၃၅၈၉၉ ဧက စုစုပေါင်းဧက ၆၄၆၂၆ ဧကအတွက် စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ပြောကြားသည်။ မင်းဘူးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးသည့် တောင်သူများအတွက် ဆည်ရေကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ဆည်ရေရယူစိုက်ပျိုးမည့် တောင်သူများအား ပညာပေးဟောပြောခြင်း၊ တွေ့ဆုံရှင်းလင်းခြင်းများကို တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် မင်းဘူးမြို့နယ် လက်ထောက်ညွှန်ကြားရေးမှူးတို့၏ ဦးဆောင်မှုဖြင့် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နွေ စပါးနှင့် နွေနှမ်း လျာထားဧက ၆၄၆၂၆ ဧကကို ပြည့်မီအောင် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် တူးမြောင်းများ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်း၊ မည်သည့်နေ့တွင် ရေစတင်ပေးဝေမည်၊ မည်သည့်နေရာအထိ စိုက်ပျိုးရေရောက်ရှိမည် စသည်တို့နှင့် ရေရယူမည့် တောင်သူများအနေဖြင့် လိုက်နာရမည့် ဆည်မြောင်းဥပဒေ၊ စိုက်ပျိုးရေလိုအပ်ပါက ဆက်သွယ်ရမည့် ပြည်သူ့ဝန်ထမ်းနှင့် တောင်သူမိတ်ဆွေတို့၏ အမည်နှင့် ဖုန်းနံပါတ်များ စသည်တို့ကို ဖော်ပြထားသော ဆိုင်းဘုတ်များ စိုက်ထူအသိပေး ခြင်းတို့ကို ဆောင်ရွက်ထားကြောင်းလည်း လက်ထောက်ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

**သန်းဌေး(မင်းဘူး)**

# တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းများ ရှင်းလင်းပွဲကျင်းပ

**ထားဝယ် ဇန်နဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်၊ ဘတ်ဂျက်ရေးဆွဲရေးဆိုင်ရာကိစ္စရပ်၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လိုသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းများကို မည်သို့စီမံကိန်းရေးဆွဲရမည်၊ ရေးဆွဲပြီးသော စီမံကိန်းများကို အသုံးစရိတ်ရရှိရေးအတွက် မည်သို့ဆောင်ရွက်ရမည်၊ ဝင်ငွေများရရှိအောင် မည်သို့ကြိုးစားရှာဖွေရမည်၊ မိမိတို့တိုင်းဒေသကြီးမှ မည်သည့်ဝင်ငွေများ ရရှိသည်၊ ပြည်ထောင်စုမှ မည်သို့ထောက်ပံ့ပေးနေသည် စသည်တို့ကို သိရှိနိုင်ရန်ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များ အပြည့်အဝရရှိရေးနှင့် ထိရောက်သော အခွန်ခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များကို အဓိကထား ဆောင်ရွက်နေသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး မိမိတို့ တိုင်းဒေသကြီးအတွက် အကောင်းဆုံးဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်နှင့် တာဝန်ရှိသူတို့က စီမံကိန်းရေးဆွဲခြင်း ကိစ္စရပ်များ၊ ဘတ်ဂျက်ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များနှင့် အခွန်အကောက်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟိုတယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟိုတယ်ဝန်ထမ်းများအား ပညာပေး



**မြိတ် ဇန်နဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ ဟိုတယ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရည်ရွယ်၍ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကာ ဟိုတယ်ဝန်ထမ်းများအား ပညာပေးသရုပ်ပြလေ့ကျင့်မှုများ ဇန်နဝါရီ ၂ ရက်က ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့ကျင့်မှုများကို မြိတ်မြို့ Grand Jade ဟိုတယ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဟိုတယ်မီးလောင်မှုဖြစ်ပွားပါက ဟိုတယ်ဝန်ထမ်းများက ကနဦးကျွမ်းကျင်စွာငြိမ်းသတ်နိုင်ရန် ရည်ရွယ်၍ သရုပ်ပြလေ့ကျင့်ခြင်းဖြစ်ကြောင်း သိရသည်။ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ပစ္စည်းကိရိယာများထားရှိသည့် နေရာများနှင့် မီးသတ်ကိရိယာများ အသင့်ဖြစ် မဖြစ် လိုက်လံစစ်ဆေးကာ မီးလောင်မှုဖြစ်ပွားပါက ဟိုတယ်ဝန်ထမ်းများအနေဖြင့် မီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်များ အသုံးပြု၍ ကနဦးငြိမ်းသတ်မှုဆောင်ရွက်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှုများကို ပညာပေးဟောပြောသည်။

ထို့နောက် ဟိုတယ်တွင် မီးလောင်မှုဖြစ်ပွားပါက ဟိုတယ်ဝန်ထမ်းများက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအဖြစ် ဆက်သွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ ရေရရှိရေး၊ ကယ်ဆယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ရွှေကူမြို့နယ်၌ တိုက်နယ်ဆေးရုံသစ်ဖွင့်

**ဗန်းမော် ဇန်နဝါရီ ၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စီသာကျေးရွာ၌ စီသာတိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

ဆေးရုံသစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဇာနည်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဦးယု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားသည်။ အဆိုပါ ဆေးရုံသစ်မှာ အလျား ၁၂၆ ပေ၊ အနံပေ ၁၁၀၊ အမြင့် ၁၆ ပေ ရှိ အာရ်စီ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်သန်း ၆၀၀ ဖြင့် Royal City Home ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ကာ ယခု ဆေးရုံဖွင့်လှစ်နိုင်ခြင်းကြောင့် ရွှေကူမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

**မကွေး**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ပြည်တော်သာရပ်ကွက်ရှိ မြို့တော်ခန်းမတွင် ဇန်နဝါရီ ၄ ရက်က နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုက ဖတ်ကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့သီရိကွင်း လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အလံတင်အခမ်းအနားနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် တက်ရောက်လာကြသောသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက ဖတ်ကြားပေးခဲ့သည်။

**မင်းရာဇာ**

**မူဆယ်**

မူဆယ်မြို့ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ရုံးရှေ့မြက်ခင်းကွင်းပြင်ရှိ အလံတိုင်၌ အလံတင်ခြင်းအခမ်းအနားပြုလုပ်ပြီး နံနက် ၇ နာရီက မူဆယ်မြို့ ပြည်ထောင်စု အားကစားကွင်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် နှစ် (၇၀) ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အမှတ် ၁၁ ရပ်ကွက်ရှိ မော်ဝန်းမာလာပန်းဥယျာဉ်(လွတ်လပ်ရေးကျောက်တိုင်ကွင်း)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က နိုင်ငံတော်သမ္မတထံမှ လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သော သဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

**လောင်းလုံး**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း လွတ်လပ်ရေးကျောက်တိုင်၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်အလေးပြုကြသည်။ ထို့နောက် နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို (က) ရပ်ကွက် အခြေခံပညာမူလတန်း ကျောင်းဝင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော နှစ်(၇၀) ပြည့် လွတ်လပ် ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ဖတ်ကြားသည်။ ဆက်လက်၍ နံနက် ၇နာရီခွဲတွင် အားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကြံခင်း**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဇန်နဝါရီ ၄ ရက်က နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ဖတ်ကြားသည်။

အခမ်းအနားတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများနှင့် အားကစားပြိုင်ပွဲမှ ဆုရရှိသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ ထွန်းလင်းမော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**ဌေးမင်း**




**နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတစ်ဝန်းတွင် ကျင်းပလျက် ရှိရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မြို့မအားကစားကွင်း၌ ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ကျင်းပစဉ်။**

မြို့နယ်( ပြန်/ဆက် )

## ကော်ပီဇာတ်ကားတွေ အကယ်ဒမီစာရင်းမဝင်ဘူးဆိုတဲ့အပေါ်

# သရုပ်ဆောင်မင်းဦး သုံးသပ်မှု

**ကိုလင်း**

အနုပညာလောကတွင် နှစ်ပေါင်းများစွာအောင်မြင်မှုတွေနှင့်အတူ ရပ်တည်နေနိုင်ခဲ့ပြီး ရုပ်သံဇာတ်လမ်းတွဲများလည်း ရိုက်ကူးခဲ့ပြီး ကိုယ်တိုင် ဒါရိုက်တာအဖြစ် "ချူစီ" ရုပ်ရှင်ကားကြီးကိုလည်း ရိုက်ကူးနေကြောင်း၊ Myanmar Media 7 နှင့်လည်း ဖေဖေအပြုံး ဒါရိုက်တာ အောင်မြတ် ရိုက်ကူးပြီး မေမြင့်မိုရ်နှင့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ ထပ်မံပြီး ဒါရိုက်တာ အောင်မြတ် ရိုက်ကူးသည့် Lets Make Change အမည်ရဇာတ်ကားကို မြင့်မြတ်၊ ရွှေထူး၊ နန်းဆုဦး၊ မိုးစက်ဝိုင်၊ နှင်းယမုံတို့နှင့် ရိုက်ကူးနေကြောင်း သိရသည်။ သူ့အနေဖြင့် အနုပညာအလုပ်တွေ ဆက်တိုက် လုပ်ကိုင်လာမှုအကြောင်းတွေနှင့်ပတ်သက်ပြီး အခုလို ပြောကြားခဲ့သည်။

**မေး ။ ပရိသတ်ကိုအနုပညာ ကြိုးစားမှုတွေ အဆက်မပြတ် ချပြဖြစ်နေတယ်။**

ဖြေ ။ ကိုယ့်ကြိုးစားတာလေးတွေကို ပရိသတ်က ပိုလက်ခံလာတယ်လို့ ယူဆပါတယ်၊ ဟိုတုန်းကထက် အခု ပရိသတ် ပိုလက်ခံယူဆပါတယ်၊ ကိုယ်ကလည်း ဒီထက်ပိုပြီးတော့ ကြိုးစားရဦးမှာပါ၊ ပရိသတ်အတွက် အမြဲတမ်း အကောင်းဖြစ်အောင် ကြိုးစားပြီး လုပ်ဖြစ်လာပါတယ်၊ ဇာတ်ရုပ်တွေတိုင်းမှာ ပုံစံမတူအောင် ကြိုးစားရတာ အစ်ကိုတို့ သရုပ်ဆောင်တွေရဲ့တာဝန်ပါပဲ။

**မေး ။ ဇာတ်လမ်းကို ရွေးချယ်ရိုက်ကူးတာမျိုးတွေရော ရှိမလား။**



ဖြေ ။ ကိုယ်တို့ ဒီအသက်အရွယ်ရောက်လာတာ ကိုယ်တို့က ရွေးချယ်တာ မဟုတ်ဘူး။ ကိုယ်တို့ကို သူ့တို့ပြန်လည်ရွေးချယ်တာပါ။ ကိုမင်းဦး ဒီဇာတ်ဝင်ခန်းနဲ့ လိုက်တယ်၊ လုပ်ပေးပါဦးဆိုတာမျိုး ဖြစ်လာတာပါ၊ အဲဒီအပေါ်မှာ ကိုယ်က ဘယ်လို အကောင်းဆုံးဖြစ်အောင် လုပ်မလဲ၊ ငါဒီဇာတ်လမ်းကို လက်ခံလို့ ဖြစ်မလား။ ကိုယ်တိုင်ရော လုပ်ချင်ရဲ့လား၊ အဲ့ဒီအပေါ်မှာ အစ်ကိုပြန်ပြီး ရွေးချယ်တာပါ။ အခိကကတော့ ကိုယ်တို့ကို ရွေးချယ်လာကြတာပါ။

**မေး ။ လက်ရှိရိုက်ကူးထားတဲ့ ရုပ်သံဇာတ်လမ်းတွဲကရော။**

ဖြေ ။ MRTV - 4 အတွက် ကြမ္မာနှံ့ ဇာတ်လမ်းတွဲလေး ရိုက်ထားခဲ့ပါတယ်၊ အဓိက ပေါ့၊ ၁၉၅၀ ခုနှစ်က ပုံစံလေးတွေ ရိုက်ထားတယ်၊ ပြင်ဦးလွင်မြို့မှာ သွားရောက် ရိုက်ကူးထားတယ်၊ ရှေ့ခေတ်ကကားတွေ၊ ကက်ဆက်တွေကအစ သေချာလည်း လုပ်ထားပါတယ်။

**မေး ။ အစ်ကို့အနေနဲ့ ဇာတ်လမ်းတွဲတွေ ရိုက်ဖြစ်တာက**

ဖြေ ။ ကျွန်တော်က နဂိုကတည်း ဇာတ်လမ်းတွဲတွေကို ကြိုက်တယ်၊ ကိုယ်တိုင်လည်း ဇာတ်လမ်းတွဲတွေ ကြည့်ခဲ့တယ်၊ ဇာတ်လမ်းတွဲက ကာရိုက်တာတစ်ခုကို ကောင်းကောင်းပုံဖော်လို့ရတယ်၊ အချိန်ပေးရတဲ့အတွက်လေ၊ ကိုယ်လုပ်ရမယ့် ကာရိုက်တာကို အကောင်းဆုံး ပုံဖော်နိုင်တယ်။ ဥပမာ - အမုန်းမှသည် ကိုယ့်တို့ ကာရိုက်တာကို ကောင်းကောင်းဖော်ပြနိုင်ခဲ့တယ်၊ ရုပ်ရှင်လို မဟုတ်ဘူး၊ အကြာကြီး ဒီလူကဘယ်လိုသွားတယ်၊ ဘယ်လိုပုံစံ စရိုက်ရှိတယ်၊ ကိုယ့်အိုက်တင်ကိုလည်း လုပ်ခွင့်ပိုရတယ်၊ ဒီအတွက် ကြိုက်တယ်။

**မေး ။ ၂၀၁၇ အကယ်ဒမီ ရွေးချယ်ပွဲလည်း နီးလာပြီဆိုတော့ ဇာတ်ကားတွေကို ရွေးချယ်မှုအပေါ် အစ်ကိုအမြင်နဲ့ သုံးသပ်မှုလေး ပြောပြပါလား။**

ဖြေ ။ ကျွန်တော်တို့ အနုပညာသမားတွေ ဗီဒီယိုဈေးကွက်မကောင်းတော့ ရုပ်ရှင်ရိုက်ကူးမှုတွေ များလာတယ်၊ ဒီဇာတ်ကားပေါင်း ၇၀ (သို့) ၈၀ ကို အပြိုင်အဆိုင်ရွေးချယ်ရတာဖြစ်လို့ တကယ်လို့ အခုချိန်မှာ အကယ်ဒမီရတဲ့သူကလည်း ဘယ်လောက်တန်ဖိုး ရှိလိုက်မလဲ၊ တကယ်လို့ ရိုက်ကူးမှုနည်းပြီးတော့ ဇာတ်ကား ၁၄ ကား၊ ၁၅ ကားပဲ ရှိမယ်၊ ဒီအထဲမှာ ဟာသကားက ၁၀ကားရှိလို့ ကျန်တဲ့ သုံးကားထဲက ရွေးချယ်ရင် စဉ်းစားသာကြည့်ပေတော့၊ စိတ်ဝင်စားမှုလည်း နည်းသွားမယ်၊ ဇာတ်ကားတွေက ကား ၆၀ လောက်ဖြစ်လာရင် ဒီမင်းသမီး လည်း ဖြစ်နိုင်တယ်၊ ဟိုမင်းသမီးလည်း ဖြစ်နိုင်တယ်၊ မင်းသားလည်း ဒီလိုပဲ၊ ပရိသတ်လည်း စိတ်ဝင်စားလာမယ်။ ရင်ခုန်စရာလည်း ပိုကောင်းလာမယ်၊ ဒါကတော့ တိုးတက်လာတာပါပဲ။

**မေး ။ ကော်ပီရုပ်ရှင်ဇာတ်ကားအချို့ကို အကယ်ဒမီ စာရင်းထဲမထည့်ဘူး ပြောနေကြတယ်။**

ဖြေ ။ ဒါကတော့ သူတို့ရဲ့မူဝါဒလေ၊ အစ်ကိုတို့က သရုပ်ဆောင်တွေလေ၊ ကော်ပီဆိုလည်း သရုပ်ဆောင်ရတာပါပဲ၊ ကော်ပီဆိုတာကလည်း ကိုယ်တို့ဆီမှ မဟုတ်ပါဘူး၊ တစ်ကမ္ဘာလုံးမှာလည်း ကော်ပီဆိုတာ ရှိပါတယ်၊ အကောင်းဆုံးသရုပ်ဆောင် ဆုကလည်း ကော်ပီကားမှ ကိုယ်ပိုင်ဇာတ်လမ်းမှ မဟုတ်ပါဘူး၊ အကောင်း ဆုံးသရုပ်ဆောင် ရွေးတာပဲလေ၊ သူဘယ်လိုသရုပ်ဆောင်လဲ ရွေးတာပဲလေ၊ အကောင်းဆုံး ဇာတ်လမ်းရွေးတာမှ မဟုတ်တာ၊ အကောင်းဆုံး ဇာတ်လမ်း ရွေးရင်တော့ တမျိုးပေါ့၊ အကောင်းဆုံး သရုပ်ဆောင်ကတော့ ကိုယ့်အနေနဲ့ အဲလိုမဖြစ်စေချင်ပါဘူး၊ ဒါကတော့ ကိုယ့်အမြင်ပါ၊ ကွဲလွဲခွင့်လည်း ရှိပါတယ်။ ။



## ပရိသတ်စိတ်ဝင်စားမှုမြင့်ခဲ့တဲ့

# ယွန်းဝတီလွင်မိုးရဲ့မင်္ဂလာဆောင်

ယွန်းဝတီလွင်မိုးကတော့ သူ့ရဲ့ချစ်သူနဲ့ တကယ်ပဲ မင်္ဂလာဆောင်ခဲ့ပါပြီ။ ယွန်းဝတီလွင်မိုးနဲ့ သူ့ရဲ့ချစ်သူ ထက်ဦးလှိုင်တို့ ဇန်နဝါရီ ၄ ရက်မှာ မင်္ဂလာဆောင်တော့မယ်ဆိုတဲ့ သတင်းနဲ့ ဖိတ်စာဟာ လွန်ခဲ့တဲ့ သုံးရက်ကတည်းက အွန်လိုင်းမှာ ပျံ့နေခဲ့ပေမယ့် ပရိသတ်အများစုကတော့ မယုံနိုင်ဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် ယွန်းဝတီကတော့ ဇန်နဝါရီ ၄ ရက်နေ့ မနက်ခင်းမှာ မင်္ဂလာပွဲကို MELIA Hotel Yangon မှာ ကျင်းပခဲ့ပါပြီ။ ပြည်ပမှာ ကျောင်းသွားတက်နေပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက College Foundation အောင်မြင်သွားတဲ့ ယွန်းဝတီလွင်မိုးဟာ တက္ကသိုလ်တက်ဖို့ စိတ်အားထက်သန်နေတဲ့အတွက် အခုလို ရုတ်တရက် အိမ်ထောင်ပြုလိမ့်မယ်လို့ ဘယ်သူကမှ ထင်မထားခဲ့ပါဘူး။ သရုပ်ဆောင် လွင်မိုးရဲ့ သမီးဖြစ်ပြီး ကြော်ငြာအချို့မှာလည်း ပါဝင်ထားတဲ့သူဟာ ချစ်ဖို့ကောင်းပြီး လှပတဲ့အတွက် ငယ်ငယ်ကတည်းက ပရိသတ်တွေရဲ့ မေတ္တာကို ရရှိထားသူလေးပဲ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလထဲမှာ အသက် ၂၀ ပြည့်မယ့် ယွန်းဝတီလွင်မိုးနဲ့ မောင်ထက်ဦးလှိုင်တို့ဟာ ဇန်နဝါရီလ ၄ ရက်နေ့ (လွတ်လပ်ရေးနေ့) မနက်ပိုင်းမှာ MELIA Hotel Yangon မှာ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ ပြုလုပ်ခဲ့ပြီး ညနေပိုင်းမှာလည်း MELIA Hotel Yangon မှာပဲ မင်္ဂလာညစာစားပွဲပြုလုပ်မှာ ဖြစ်ပါတယ်။

အဆိုပါ မင်္ဂလာပွဲသို့ သတင်းယူရန်အတွက် ရောက်ရှိသွားတဲ့ မီဒီယာအချို့ကိုတော့ မင်္ဂလာခန်းမအတွင်း သို့ ဝင်ခွင့်မပေးခဲ့ကြောင်း သိရပါတယ်။ **ကိုလင်း**



## "လရောင်ဖြာတဲ့အင်းလေးမှာ" ရုပ်ရှင်ဇာတ်ကားကြီးထဲက

# ကြာညိုသွယ်အဖြစ် မြင်ရမည့် ဝတ်မှုံရွှေရည်

အေးချမ်းသည့်အင်းရွာလေး၊ မြတ်နိုးစရာ ရိုးရာဓလေ့များ၊ ရိုးသားအေးဆေးသော မင်းနောင်ရိုးနှင့် ချစ်စရာကောင်းသူ ကြာညိုသွယ် (ဝတ်မှုန်ရွှေရည်) ထိုလူငယ်နှစ်ဦးအတွက်လည်း ကြည်နူးစရာ အချိန်လေးများ၊ ထိုအရာအားလုံးကို ချောက်ချားစရာ လပြည့်ညအူသံတွေက ဘယ်လိုနှောင့်ယှက်ပစ် လိုက်လဲဆိုသည့်အဖြေကို ဇန်နဝါရီ ၅ ရက်မှ စတင်ကာ ရုံတင်ပြသသည့် "လရောင်ဖြာတဲ့ အင်းလေးမှာ" ရှာဖွေကြဖို့ ဖြစ်သည်။ အဆိုပါ ဇာတ်ကားကြီးတွင် ကြာညိုသွယ် အမည်ရသည့် ဝတ်မှုံရွှေရည်က "မင်းနောင်ရိုး (နေတိုး) ရဲ့ချစ်သူကောင်မလေးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်၊ အင်းလေးမှာ အေးချမ်းတည်ငြိမ်ပြီး တေးသံတွေနဲ့ ပျံ့လွင့်နေတဲ့ ရွာလေးမှာ မထင်မှတ်ထားတဲ့ ဖြစ်ရပ်တွေကို ကြုံတွေ့ရတဲ့အခါ ထိတ်လန့်တုန်လှုပ်မှုတွေကြားကနေ လွတ်မြောက်အောင် ကြိုးစားရတဲ့သူအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဇာတ်လမ်းက ကစ်အလွန်ကို စိတ်ဝင်စားခဲ့ရတဲ့ ဇာတ်ပါပဲ၊ ရိုးရာဓလေ့ထုံးစံတွေလည်း ဒီကားကြီးမှာ တွေ့ရမယ်၊ နောက်ပြီး နည်းပညာပိုင်းတွေကလည်း အရင်က ကစ်တို့တွေ့နေကျပုံစံတွေမဟုတ်ဘဲ၊ နည်းပညာဆန်း သစ်မှုတွေလည်းပါတဲ့ ဇာတ်ကားကြီးတစ်ကားပါ၊ ကြည့်ရှုရတဲ့ ပရိသတ်တွေ အမှန်တကယ်ကိုတန်တဲ့ ဇာတ်ကားကြီးတစ်ကားပါပဲ၊ ပရိသတ်တွေလည်း အားပေးကြည့်ရှုစေချင်တယ်"ဟု ဆိုသည် ။

အဆိုပါဇာတ်ကားကြီးကို ဝါဝါဝင်းရွှေထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဇာတ်လမ်းနှင့်ဇာတ်ညွှန်း မင်းခိုက်စိုးစံနှင့် ထက်မြက်နိုင်ဇင် တို့ကရေးသားကာ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ဖန်တီးရိုက်ကူးပုံဖော်ထားကြောင်း၊ နာမည်ကြီးသရုပ်ဆောင်များအနေဖြင့် နေတိုး၊ ဝါဇင်၊ ဝတ်မှုံရွှေရည်၊ ဆုမြတ်နိုးဦး၊ မေသဥ္ဇာဦး၊ လူမုန်းနှင့် အနုပညာရှင်များစွာပါဝင်ကြောင်း သိရသည်။ **ကိုလင်း**

## သေဆုံးသူ ဟာသသရုပ်ဆောင် အောင်ရဲထွေး၏ မိသားစုဝင်များက အမှုမှန်ပေါ်ပေါက်ရန် သတင်းစာရှင်းလင်းပွဲပြုလုပ်

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် အောင်ရဲထွေးသည် ရည်းစားဖြစ်သူနှင့်အတူ သုဝဏ္ဏရှိ The One Entertainment တွင် ပြုလုပ်သည့်ပွဲသို့ သွားရောက်ခဲ့ကြောင်း၊ ယင်းနောက် လူမှား၍ ရိုက်နှက်ခံရကြောင်းသိရပြီး ၊ ယခုလ ၂ ရက်နေ့ မွန်းလွဲ ၃ နာရီတွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဟာသသရုပ်ဆောင် အောင်ရဲထွေး အသတ်ခံရမှုနှင့်ပတ်သက်၍ အစ်ကိုအရင်းဖြစ်သူ သန့်ဇင်ဦး၊ ရင်းနှီးသူ ဒေါ်မာလာသန်းနှင့် RKN ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် Roshan တို့က သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၃ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ အော့ခစ်ဟိုတယ်၌ ပြုလုပ်သည်။

"ကျွန်တော့်ရဲ့ညီအငယ်ဆုံးမှာက သူမှာအများကြီးပဲ မျှော်လင့်ချက်တွေရှိသလို၊ လူတိုင်းကိုလည်း အကျိုးပြုနေတယ်၊ လူတွေကိုလည်း ဒုက္ခတွေပေးထားတာ မရှိသလို၊ ဘာမှ မပြစ်မရှိတဲ့သူကို သတ်ဖြတ်တယ်ဆိုတာ လုံးဝကို လက်ခံလို့ မရပါဘူး၊ ဒီသတ်ဖြတ်မှုကို ကျွန်တော်လက်မခံဘူးလို့ ဒီကနေတစ်ဆင့် တောင်းဆိုချင်တယ်၊ ဝိုင်းဝန်းဖော်ဆောင်ပေးဖို့လည်း တောင်းဆိုပါတယ်"ဟု အစ်ကိုအရင်းဖြစ်သူ ကိုသန့်ဇင်ဦးက ပြောဆိုသည်။

အဆိုပါ ရှင်းလင်းပွဲတွင် အမှုမှန်ပေါ်ပေါက်စေရန်နှင့် လာမည့် New Year နှစ်သစ်ကူးများတွင် အောင်ရဲထွေးကဲ့သို့ အဖြစ်မျိုးထပ်မံ မကြုံတွေ့ရန်အတွက် အဓိကရည်ရွယ်ကာရှင်းလင်းပွဲလုပ်ရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

"အဓိက ကျွန်တော်တို့ ဖြစ်စေချင်တာက အဖြစ်မှန်ပေါ်ပေါက်စေချင်တာပါ၊ (အောင်ရဲထွေး) ရဲထွေးအောင် အရိုက်ခံရတာက ရန်ညှိုးနဲ့အရိုက်ခံရတာ မဟုတ်ဘဲ လူမှားပြီး အရိုက်ခံရတာဆိုတာကိုတော့ အသေအချာ ပြောနိုင်ပါတယ်"ဟု RKN ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ရိုရှန်က ပြောဆိုသည်။

ဖြစ်စဉ်အနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၄ နာရီတွင် ရဲထွေးအောင် (၂၄နှစ်) နှင့် ရည်းစားဖြစ်သူ မပွင့်ကေခိုင် (ခ) ပိုးပိုး (၂၈နှစ်) တို့ နှစ်ဦးဟာ သင်္ဃန်းကျွန်းမြို့နယ် ပေါ်ဆန်းမွှေးလမ်းရှိ The One Entertainment ဝင်းအတွင်း ကျင်းပပြုလုပ်သည့် ပါတီပွဲ သို့ ရောက်ရှိချိန် လွန်ခဲ့သော လေးရက်ခန့်က ခိုက်ရန်ဖြစ်ပွားခဲ့ဖူးသူ အမျိုးသား ငါးဦးနှင့် တွေ့ဆုံခဲ့ရာ ထိုအမျိုးသား ငါးဦးမှ ရဲထွေးအောင်ကို ဝိုင်းဝန်းထိုးကြိတ်ခြင်းကြောင့် ဦးခေါင်းမှာ စိုးရိမ်ရဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီးကို တင်ပို့ကုသခဲ့ကာ ရဲထွေးအောင်၏ အစ်ကိုဖြစ်သူ ဦးသန့်ဇင်ဦးက တိုင်တန်းမှုကြောင့် ရဲထွေးအောင်ကို ထိုးကြိတ်သူများကို သုဝဏ္ဏနယ်မြေရဲစခန်း (ပ)၅/ ၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ (၃၂၅/၁၁၄) (တုံးသောလက်နက်ဖြင့် ပြင်းထန်နာကျင်စေမှု၊ အားပေးကူညီမှုနဲ့) ရဲတပ်ဖွဲ့က အမှုဖွင့်စုံစမ်းခဲ့ပြီး ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီ ၃၆ မိနစ်တွင် ရဲထွေးအောင် အနေဖြင့် ရရှိခဲ့သော ဒဏ်ရာများကြောင့် ဆေးရုံမှာပင် သေဆုံးသွားခဲ့ပြီး ယင်းအမှုကို ရာဇသတ်ကြီးပုဒ်မ (၃၀၂/၁၁၄) (လူသတ်မှု၊ အားပေးကူညီမှု) နှင့် ပြောင်းလဲအမှုဖွင့်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **ကိုလင်း**



## လူငယ်အဆိုတော် ဝေယံမင်း၏ဒုတိယမြောက်တေးစီးရီး Over Limitation စီးရီး

တေးသီချင်းတွေကို ကိုယ်တိုင်ခံစားရေးဖွဲ့ပြီး ကိုယ်တိုင်သီဆိုတတ်သူ လူငယ်တေးသံရှင် ဝေယံမင်းက သူ၏ ဒုတိယမြောက်တေးစီးရီးဖြစ်သည့် "Over Limitation" ဟု အမည်ပေးထားသော တေးစီးရီးခွေကို ယခုလ ၃ ရက်မှစတင်ကာ The Sun Music တေးထုတ်လုပ်ရေးကနေ ဖြန့်ချိခဲ့ကြောင်း သိရသည်။

သူသည် ၂၀၁၆ ခုနှစ်ကလည်း "ပလတ်စတစ်" ဟုအမည်ရသည့် ပထမဆုံးတစ်ကိုယ်တော် စီးရီးကို ထွက်ရှိထားခဲ့ပြီး ယင်းစီးရီးကိုလည်း ကိုယ်ပိုင်သံစဉ်တေးသီချင်းများကို ကိုယ်တိုင်ရေးသားသီဆိုခဲ့သူ ဖြစ်သည်။ "ကျွန်တော်က ဝါသနာထက် ဒီဂီတအလုပ်ကို နှစ်သက်လို့လုပ်တာဆို ပိုမှန်ပါတယ်၊ အခွေရောင်းရတာ မရောင်းရတာထက် ကျွန်တော်ဖန်တီးချင်တဲ့ ဂီတကို စိတ်ကြိုက်ဖန်တီးခွင့်ရတာကို ပျော်ပါတယ်၊ အခု ဒုတိယမြောက်စီးရီးကလည်း ကျွန်တော့်စိတ်ကြိုက်လုပ်ထားတဲ့အခွေပါ၊ သီချင်းအားလုံး ကိုယ်ပိုင်သံစဉ်တွေပါပဲ"ဟု ပြောသည်။ အဆိုပါ တေးစီးရီးတွင် တေးသီချင်း ရှစ်ပုဒ်ပါဝင်ပြီး 4 Makan Band မှ တီးခတ်ပေးထားပြီး Lynn , Esus 5 တွင် အသံသွင်းယူထားကြောင်း သိရသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### တော်ဝင်လက်ထပ်ပွဲကိုအကြောင်းပြုပြီး ဗြိတိန် ခရီးသွားလုပ်ငန်း ဝင်ငွေကောင်းနိုင်



ဗြိတိန်တော်ဝင်မင်းသားဟယ်ရီနဲ့ အမေရိကန်ရုပ်ရှင်မင်းသမီး မီဂန်မာကယ်တို့ရဲ့ လက်ထပ်ပွဲကို မေ ၁၉ရက်မှာကျင်းပဖို့ သတ်မှတ်ထားပါတယ်။ သူတို့နှစ်ဦးရဲ့မင်္ဂလာပွဲကို အကြောင်းပြုပြီး ဗြိတိန်ရဲ့ခရီးသွားလုပ်ငန်းဝင်ငွေကောင်းလာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ ဗြိတိန်ရဲ့ စီးပွားရေးမှာ ပေါင်းသန်း ၅၀၀ လောက် အထောက်အကူပြုလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဗြိတိန်ဘုရင်မကြီးရဲ့ မြေးဖြစ်သူ ဟယ်ရီဟာ ဗြိတိန်မှာထီးနန်းဆက်ခံဖို့ နံပါတ် ၅ နေရာမှာရှိပြီး ဝင်ဆာရဲတိုက်မှာ အမေရိကန်ရုပ်ရှင်မင်းသမီး မီဂန်မာကယ်နဲ့ လက်ထပ်မှာပဲဖြစ်တယ်။

၂၀၁၁ခုနှစ် ဧပြီလအတွင်းကလည်း ဟယ်ရီရဲ့အစ်ကိုဖြစ်သူ ဝီလျံမင်းသား လက်ထပ်ခဲ့ရာ ယခင်လာရောက်လေ့ရှိသောခရီးသွားထက် ခရီးသွားပေါင်း ၃၅၀၀၀၀ အပိုထပ်ဆောင်းဝင်ရောက်ခဲ့တဲ့အတွက် ဟယ်ရီရဲ့လက်ထပ်ပွဲကိုလည်း ဒီအတိုင်းပဲဖြစ်လိမ့်မယ်လို့မျှော်လင့်ထားကြပါတယ်။ မေလအတွင်းမှာပြုလုပ်မယ့်တော်ဝင်လက်ထပ်ပွဲကနေ ပေါင်သန်း ၅၀၀ လောက်အကျိုးအမြတ်ရရှိလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ ဝင်ဆာမြို့မှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဟာလည်း ဒီတော်ဝင်စုံတွဲရဲ့လက်ထပ်ပွဲကနေ အကျိုးအမြတ်တွေဖန်တီးဖို့ ပြင်ဆင်နေကြပါပြီ။

ဟယ်ရီဟာဆိုရင် အသက် ၃၃နှစ်ရှိပြီဖြစ်ပြီး ဗြိတိန်တော်ဝင်မိသားစုမှာ ပေါ်ပြူလာအဖြစ်ဆုံးတစ်ယောက်လည်းဖြစ်တယ်။ မီဂန်မာကယ်ကတော့ အသက် ၃၆ နှစ်ဖြစ်ပြီး တီဗီဒရမ်မာဇာတ်လမ်းတွဲဖြစ်တဲ့ Suits ဆိုတဲ့ ဇာတ်လမ်းတွဲနဲ့အောင်မြင်လာသူလည်းဖြစ်တယ်။

ဒီမင်္ဂလာပွဲကို လာရောက်ကြည့်ရှုကြမယ့် ကမ္ဘာအနှံ့က ခရီးသွားတွေဝင်ရောက်လာမှာဖြစ်တဲ့အတွက် ဟိုတယ်လုပ်ငန်းရှင်တွေဟာလည်း အလွန်ကို မျှော်လင့်ထားကြပါတယ်။ နိုဝင်ဘာလအတွင်းမှာ သူတို့နှစ်ဦးရဲ့စေ့စပ်တဲ့ သတင်းကြေညာပြီးကတည်းက ဝင်ဆာမြို့ဟာ လူတွေရဲ့စိတ်ဝင်စားမှုကို အထူးရယူနိုင်ခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းရှင်တွေကတော့ ခရီးသွားလုပ်ငန်းကို တိုးမြှင့်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။ **ရိုက်တာ**

..................................

### တံဆိပ်ခေါင်းပုံစံအသစ်ပေါ်မှာတွေ့ရမယ့် Game of Thrones ကြယ်ပွင့်များ




Game of Thrones ဇာတ်လမ်းတွဲထဲကဇာတ်ကောင်တွေကို တံဆိပ်ခေါင်း အသစ်တွေပေါ်မှာ တွေ့ရှိရတော့မှာ ဖြစ်တယ်လို့ ရွှင်ယန်မေးလ်က ကြေညာခဲ့ပါတယ်။ ဂျော့အာအာမာတင်ရဲ့ စာအုပ်ကို အခြေခံပြီးရိုက်ကူးထားတဲ့ ဒီရုပ်သံစီးရီးဟာ အောင်မြင်တဲ့ရုပ်သံစီးရီးအဖြစ် ရပ်တည်နိုင်ခဲ့ပြီး တံဆိပ်ခေါင်းအဖြစ် ထုတ်ဝေတဲ့ ရည်ရွယ်ချက်ကတော့ ဗြိတိန်ပရိသတ်တွေကြား ပိုပြီးလူသိများလာ အောင်ရည်ရွယ်ပြီးလုပ်ဆောင်တာပဲဖြစ်တယ်။ ရုပ်ရှင်ဇာတ်ကွက်တွေဟာ မြောက် အိုင်ယာလန်မှာ အများအပြားရိုက်ကူးထားတာဖြစ်ပါတယ်။

ယခုလနှောင်းပိုင်းမှာ ရောင်းချမယ့်တံဆိပ်ခေါင်းပေါ်မှာ ဒနဲရစ် တိုက်ဂေးရီးယန်း၊ ဂျွန်စနိုးနှင့် အာရာစတက်ခ်တို့ပုံတွေ ရိုက်နှိပ်ထားတာတွေ့ရပါတယ်။ တံဆိပ်ခေါင်းတွေမှာ ဒီဇာတ်လမ်းတွဲထဲမှာပါဝင်တဲ့ ဗြိတိန်သရုပ်ဆောင်တွေနဲ့ ဗြိတိန်သရုပ်ဆောင်တွေမဟုတ်ကြတဲ့ တခြားသောသရုပ်ဆောင်နှစ်ဦးရဲ့ပုံတွေလည်းပါဝင်ပါတယ်။ အဖြူရောင်လမ်းလျှောက်သူများ၊ ဝံပုလွေများအစရှိတဲ့ ပုံတွေနဲ့ တံဆိပ်ခေါင်းတွေကိုလည်း ရနိုင်ပါတယ်။ Game of Thrones နောက်ဆုံးဖိုင်နယ် စီးရီးကို ၂၀၁၉ခုနှစ်မှာပြသဖို့ရည်ရွယ်ထားပြီး တံဆိပ်ခေါင်းစုစည်းမှုကိုတော့ အတွဲ ရှစ်နဲ့ နောက်ဆုံး အတွဲမတိုင်မီထုတ်ခဲ့တာပဲဖြစ်တယ်။ Games of Thrones ပရိသတ်တွေဟာ ဇန်နဝါရီ ၂၃ရက်နေ့ကစပြီး ယူကေတစ်လွှားမှာရှိတဲ့ စာတိုက်တွေမှာ ဝယ်ယူလို့ရပါပြီ။ **ဘီဘီစီ**

ချူး

### Mistine Beauty Guru လေးဦးမှ မြန်မာမိန်းကလေးများအတွက် အလှပြင်ဆင်ခြယ်သနည်းများ ဖြန့်ဝေမည်



Mistine မှ စီစဉ်သည့် “Mistine Beauty Guru” ပြိုင်ပွဲကို နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့တွင် ကျင်းပပြီးစီးခဲ့ပြီး ဆုရရှိသူ အမျိုးသမီး အလှအပဖန်တီးပညာရှင် လေးဦးအနေဖြင့် ထိုင်းနိုင်ငံတွင် အလှအပပြင်ဆင်ခြယ်သနည်းများ၊ အသားအရေ ထိန်းသိမ်းပြုစုစောင့်ရှောက်နည်းများ၊ စားသောက်နေထိုင်မှုပုံစံများ၊ လေ့ကျင့်ခန်းများကို လွယ်ကူရိုးရှင်းစွာ နေ့စဉ်ပြုလုပ်နေထိုင်နည်းလမ်းများကို သင်ကြားခဲ့သည့်အပြင် ရုပ်ရည်သွင်ပြင်ကို ပြောင်းလဲသွားစေမည့် Make Over လုပ်ခြင်း၊ ကြော်ငြာရိုက်ကူးခြင်း၊ အလှအပနှင့် ပတ်သက်သော သင်တန်းများလည်း တက်ရောက်ခဲ့ကြောင်းသိရပြီး ပြည်တွင်း၌ မိတ်ကပ်ပညာကို စိတ်ဝင်စားမှုရှိသူ ဝါသနာရှင် မိန်းကလေးငယ်များကိုလည်း လက်ဆင့်ကမ်းသင်ကြားပို့ချမှုများကို Mistine နှင့်အတူ လုပ်ဆောင်သွားမည်ဟု သိရသည်။ **ကိုလင်း**

## မြစ်ကြီးနားမြို့၌ မြစ်ဖျားရော အဝေးပြေးယာဉ်ရပ်နားစခန်းသစ်ဖွင့်



**မြစ်ကြီးနား ဇန်နဝါရီ ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မြစ်ဖျားရော အဝေးပြေးယာဉ်ရပ်နားစခန်း အသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ အဆိုပါယာဉ်ရပ်နားစခန်း ကားကြီးဝင်းမုခ်ဦး၌ ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမီထွယ်ဇော်လတ်၊ မဥ္ဇူသာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ထွေးတို့က အဝေးပြေးယာဉ်ရပ်နားစခန်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က မြစ်ဖျားရော ယာဉ်ရပ်နားစခန်း မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယာဉ်ရပ်နားစခန်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ဂိတ်ဖွင့်ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ယာဉ်ရပ်နားစခန်းကို ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မဥ္ဇူသာဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ မြို့နယ်အတွင်း မြို့၏ အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစတင်ကာ တည်ဆောက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အလျား ၁၈ ပေ၊အနံ ပေ ၃၀ ရှိ အာရ်စီ နှစ်ထပ်အခန်းပေါင်း ၇၀၊ ကုန်လှောင်ရုံအဖြစ် အလျား ၃၆ ပေ၊ အနံ ပေ ၃၀ ရှိ အာရ်စီ နှစ်ထပ် ကုန်လှောင်ရုံ ခုနစ်ခန်း၊ အလျား ၁၅ ပေ၊ အနံ ပေ ၂၀ ရှိ အာရ်စီ နှစ်ထပ် စားသောက်ဆိုင်ခန်း ၃၀၊ အမြင့် ပေ ၄၀ ရှိ ဂါလန် ၁၂၀၀၀ ဆံ့ သံရေစင် တစ်လုံးနှင့် ယာဉ်ရပ်နားစခန်း ကြီးကြပ်ရေးရုံးခန်းတို့ ပါဝင်သည်။

မြစ်ကြီးနားမြို့မှ ပြည်နယ်အတွင်းနှင့် ပြည်နယ်ပြင်ပမြို့များသို့ သွားလာပို့ဆောင်သည့် မော်တော်ယာဉ်အသင်း ယာဉ်လိုင်းပေါင်း ၇၀ ကျော် ရောင်းချပြီးဖြစ်၍ အဆိုပါယာဉ်ရပ်နားစခန်းကို စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

## မော်လူးဒေသ ဒီပင်္ကရာစေတီတော်ကြီး စိန်ဖူးတော် တင်လှူ

**အင်းတော် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ ဒီပင်္ကရာစေတီတော်မြတ်ကြီး၏ ထီးတော်နှင့် စိန်ဖူးတော် တင်လှူပွဲကို ဇန်နဝါရီ ၁ ရက်က တိုက်နယ်ကိုးခုမှ ပြည်သူများ ပါဝင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဒီပင်္ကရာ စေတီတော်မြတ်ကြီး၏ ထီးတော်ကို အလှူရှင် ဦးအောင်မင်း-ဒေါ်ကြည်ကြည်လင်း မိသားစု၏ မတည်လှူဒါန်းငွေကျပ် သိန်း ၁၂၀ နှင့် အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော်၊ မော်လူးဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက် ဆရာတော်နှင့် တိုက်နယ်ကိုးခုမှ သံဃာတော်များက ဦးဆောင်၍ တင်လှူပူဇော်ခဲ့ပြီး အလှူရှင်မိသားစုတို့က ဒီပင်္ကရာဘုရားရင်ပြင်တော်ကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၀ ကို ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ဇန်နဝါရီ ၂ ရက်ကလည်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပပြီး သံဃာတော်များအား လောင်းလှူခဲ့ကြကြောင်း သိရသည်။ **ဝ၆၇**



## တနင်္သာရီမြို့အဝင် ကမ်းနားလမ်းအား ဘိုးပိုင်အခြေပြု မြစ်ကမ်းထိန်းနံရံ တည်ဆောက်

**တနင်္သာရီ ဇန်နဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်ရှိ မြို့အဝင် (ကမ်းနားလမ်း)မြစ်ကမ်းပါးသည် ယခင်နှစ်များစွာက မြစ်ရေကြီးကာ မြစ်ကမ်းပါးတစ်လျှောက် ပြိုကျခဲ့သည့်အပြင် အဆိုပါလမ်း၏ မြစ်ကမ်းနံဘေးတွင် တနင်္သာရီမြို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သည့် နဂါးလှေရုံတော်ကို တည်ဆောက်ကာ နဂါးလှေထားရှိသည်။ ယခုအခါ ယင်းလှေရုံတော်နှင့် ရှေးဟောင်းမြို့ရိုးများ ပျက်စီးမှုမှ ကြိုတင်ကာကွယ်ရန်အတွက် ဘိုးပိုင်အခြေပြု ကျောက်စီမြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေထိန်းနံရံလုပ်ငန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၏ နဂါးလှေရုံတော် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှေးဟောင်းမြို့ရိုးများပျက်စီးမှုမှ ကြိုတင်ကာကွယ်ရန်အတွက် ညွှန်ကြားချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ပြင်/ထိန်း) ရန်ပုံငွေ၏ တနင်္သာရီ တံတားသစ်တည်ဆောက်ရေး ၄ မှ ငွေကျပ်သိန်း ၅၀၀၀ ဖြင့် အရှည် ပေ ၆၀၀၊ အကျယ်အားဖြင့် အကျဉ်းဆုံးနေရာ၌ ပေ ၂၀ နှင့် အကျယ်ဆုံးနေရာတွင် ပေ ၄၀ ခန့်၊ ကျောက်စီနံရံအမြင့်မှာ အရှေ့ဘက်မြစ်ရေပြင်ခြမ်း၌ ခြောက်ပေအနက်၊ အနောက်ဘက်လမ်းဘက်ခြမ်း၌ ရှစ်ပေအမြင့်ဖြင့် မြို့နယ်လမ်းဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဦးရန်ကြည် ဦးဆောင်၍ ကျောက်စီမြစ်ကမ်းထိန်းနံရံ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုချိန် အထိ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ထိန်ဝင်း (ပြန်/ဆက်)**

## အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်

**ဂန့်ဂေါ ဇန်နဝါရီ ၅**

ဂန့်ဂေါမြို့နယ် ရပ်ကွက်၊ ကျေးရွာ သမဝါယမအသင်းများသို့ အသေးစား အရင်းအနှီး ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲကို ဇန်နဝါရီ ၂ ရက်က မြို့နယ်သမဝါယမအသင်းစုလီမိတက်ခန်းမ၌ ပြုလုပ်ရာ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမြင့်ထွေးက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး နယ်မြေအလိုက် ရပ်ကွက်၊ ကျေးရွာသမဝါယမအသင်းကိုယ်စားလှယ်များ၏ ထောက်ခံအကြံပြု ဆွေးနွေးချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် အသင်းစုဥက္ကဋ္ဌတို့က ရပ်ကွက်၊ ကျေးရွာ သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီး ချေးငွေကျပ်သိန်း ၉၁၄ ဒသမ ၅၅၇၉ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ စက်ရေတွင်း၊ ရေစင်နှင့် ကွန်ကရစ်လမ်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ရွာမကျေးရွာ၌ ကျေးရွာသစ်စီမံကိန်း (SMU) က ဆောင်ရွက်ပေးသော လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စက်ရေတွင်း၊ ရေစင်နှင့် ကွန်ကရစ်လမ်း ဖွင့်လှစ်ခြင်းကို ဇန်နဝါရီ ၃ ရက်က ရွာမကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ စက်ရေတွင်းသည် အနက် ပေ ၈၇၀ ရှိ၍ ရေစင်သည် ၁၅ ပေ မြင့်ကာ ရေဂါလန် ၂၁၀၀ ဆံ့ မိန်းကန်နှင့် ရေဂါလန် ၁၀၆၀ ဆံ့ အပေါ်ကန်တို့ဖြင့် တည်ဆောက်ထားသည်။ ကွန်ကရစ်လမ်းသည် အရှည်ပေ ၉၀၀ Box Culvert ပါ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မရှိ ကွန်ကရစ်လမ်းဖြစ်ကာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မန်းရွှေစက်တော်ဘုရားပွဲတွင် ရေဘေးကြောင့် ထိခိုက်မှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်

**ငဖဲ ဇန်နဝါရီ ၅**
မန်းရွှေစက်တော် ဘုရားပွဲတော်ကာလ နီးကပ်လာသည်နှင့်အမျှ ယခုအခါ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာ ယခုရက်များအတွင်း အချိန်အခါလွန် မိုးများ ရွာသွန်းနေမှုကြောင့် ရွှေစက်တော်တွင် ရေကြီးမှုဖြစ်ပါက ထိခိုက်ပျက်စီးမှုများမရှိစေရေးအတွက် မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ငဖဲမြို့နယ် ပဒါန်းကျေးရွာတွင် အခြေပြုကာ အနီးကပ် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆောင်းတွင်းရာသီကာလ မုန်တိုင်းမိုးရွာသွန်းခဲ့မှုကြောင့် မန်းစက်တော်ရာရဲ့ အထက်ဘက်မှာတည်ရှိတဲ့ ငဖဲမြို့နယ်မှာ ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ မိုးရေချိန် ၃ ဒသမ ၈၇ လက်မရွာသွန်းခဲ့လို့ မန်းချောင်းရေလှောင်တမံမှာ ပင်မရေပိုလွှဲမှ ရေကျော်ရန် ၀ ဒသမ ၄ ပေသာ လိုပါတယ်၊ ဒီကနေ့ ညနေပိုင်းအထိ မိုးတိမ်များအုံ့ဆိုင်းကာ မိုးရွာသွန်းနေတဲ့အတွက် ၂၄ နာရီ ရေကင်းများချထားပြီး ဆည်တမံရဲ့ အောက်ပိုင်းမှာရှိတဲ့ ငဖဲမြို့နဲ့ ကျေးရွာများ၊ မန်းရွှေစက်တော်ရာ ဂေါပကအဖွဲ့များနဲ့ နာရီတိုင်း ဆက်သွယ်ပြီး သတင်းပေးပို့လျက်ရှိပါတယ်၊ မန်းချောင်းတစ်လျှောက်က ပြည်သူများနဲ့ တောင်သူများအနေနဲ့လည်း ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ပါတယ်"ဟု မန်းချောင်းရေလှောင်တမံ ထိန်းသိမ်းရေးတာဝန်ခံ ဦးမောင်မောင်ဝင်းက ပြောသည်။

လက်ရှိအနေအထားအရ မန်းတမံမှ ရေပိုလွှဲလျှံရေ ဆည်ရေမဆင်းသေးသည့်အတွက် စိုးရိမ်ရန်မရှိကြောင်း၊ ထို့အပြင် ဇန်နဝါရီ ၃ ရက် ညနေပိုင်းတွင် မိုးရွာသွန်းမှု လျော့နည်းသွားပြီဖြစ်သည့်အပြင် တမံနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်မှုကောင်းမွန်ပြီး ရွှေစက်တော်နှင့် ငဖဲမြို့အကြား မိုးရွာသွန်းမှုများသည့်အခါ မန်းချောင်းအတွင်း စီးဆင်းဝင်ရောက်သည့် ချောင်းငယ်၊ ရိုးငယ်ရေများ ပေါင်းဆုံစီးဆင်းမှုလည်းမရှိ၍ စိုးရိမ်စရာမရှိကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



မန်းရွှေစက်တော်တွင် တည်ဆောက်နေသည့် ဆိုင်ခန်းများ

# မုက္ခာရေတံခွန်၌ အပျော်တမ်းဆင်စီးနိုင်ရန် ဆင်စခန်းဖွင့်လှစ်

**မင်းလှ ဇန်နဝါရီ ၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ဘန်ဘွေးကုန်းကျေးရွာအနီး မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း သွားကားလမ်း မိုင်တိုင်အမှတ်(၀/၆) မုက္ခာရေလှောင်တမံ၌ အပျော်စီးဆင်စခန်းကို ဇန်နဝါရီ ၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆင်စခန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးနေဝင်း၊ တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆင်စခန်းကို အနယ်နယ်အရပ်ရပ်နှင့် မြို့နယ်အတွင်းရှိ ပြည်သူများ စိတ်အပန်းဖြေအနားယူနိုင်ရန်နှင့် တောတောင်သဘာဝ အလှတရားများကို ဆင်စီးပြီး လှေ့လာကြည့်ရှုခံစားနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာက ပြောကြားသည်။



မြန်မာ့သစ်လုပ်ငန်းမှ ခရိုင်ဒေသတာဝန်ခံ ဦးသန်းမင်းဆွေကလည်း ဆင်စခန်းဖွင့်လှစ်ခြင်းကြောင့် ဆင်များအား အနားပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးရာရောက်သလို ဆင်ဦးစီးများ၏ ကျွမ်းကျင်မှုများကိုလည်း ပြသနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါဆင်စခန်းတွင် ဆင် ၁၁ ကောင်ရှိပြီး စခန်းကို နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကာ ဝင်ကြေးမှာ ၅၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။ စခန်းတွင် ဆင်များကို အစာဝယ်ယူ ကျွေးမွေးနိုင်ရန် စီစဉ်ပေးထားသလို ဆင်စီးခကျပ် ၂၀၀၀ နှုန်းဖြင့် ဆင်စီးနိုင်ပြီး ရေတံခွန်တွင်လည်း ရေကစား၍ အပန်းဖြေအနားယူနိုင်ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

### ကြည့်မြင်တိုင်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် မျက်မမြင်ကျောင်းတွင် ကျောင်းသား ကျောင်းသူများက ဇန်နဝါရီ ၄ ရက် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲအဖြစ် အားကစားနည်း ၄၈ မျိုးကို ယှဉ်ပြိုင်ကစားကြသည်။

"ကျောင်းမှာ လွတ်လပ်ရေးနေ့အားကစားပြိုင်ပွဲကို နှစ်စဉ်ကျင်းပပါတယ်၊ စစ်တုရင်၊ ဘောလုံးပွဲအပါအဝင် ဒီနှစ်အားကစားနည်း ၄၈ မျိုးပြိုင်ကြတာပါ၊ သာမန်လူတွေ လိုပဲပြိုင်ကြတာပါ၊ ဝန်ထမ်းမိသားစုတွေလည်း ပါဝင်ဆင်နွှဲတယ်ဆိုတော့ လွတ်လပ်ရေးနေ့မှာအားလုံးပျော်ရွှင်နေကြပါတယ်"ဟု ကြည့်မြင်တိုင် မျက်မမြင်ကျောင်းအုပ်ဒေါ်စုစုမာက ပြောသည်။

မူလတန်းမှ တက္ကသိုလ်ဘွဲ့ရသည်အထိ စာပေသင်ကြားမှုနှင့်အတူ အသက် ၁၅ နှစ်အထက်အား "အ"သုံးလုံးနှင့် ကြိမ်ထိုးပညာ၊ အကြောနှိပ်ပညာဖြစ်သော အသက်မွေးဝမ်းကျောင်းပညာရပ်တို့ကိုလည်း အဆိုပါကျောင်းမှ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ် လူမှုဝန်ထမ်းဦးစီးဌာနက သင်ကြားပေးလျက်ရှိသည်။

**သန်းထိုက်(လှိုင်သာယာ)**

### ရေဦး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရေဦးမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနကကြီးမှူးကျင်းပသော ကလေးပြိုင်ပွဲနှင့် လွတ်လပ်ရေးမယ်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီဦးခန်းမ၌ ကျင်းပသည်။

မွေးစမှ ခြောက်လအထိ၊ ခြောက်လမှ တစ်နှစ်ခွဲအထိ ကလေးများ၏ ကျန်းမာရေးအခြေအနေ၊ ကိုယ်အလေးချိန်၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကာကွယ်ဆေးထိုးနှံမှု၊ မိခင်နို့ရည်စတင်တိုက်ကျွေးမှု၊ ဖြည့်စွက်အစာစတင်ကျွေးခြင်းနှင့် ပြည့်စုံမှုရှိသောကလေးများကို ရွေးချယ်ကာ ဆုများ ပေးအပ်ခဲ့သည်။ **သန်းထိုက်(ရေဦး)**

### တပ်ကုန်း

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ၂၀၁၈ခုနှစ် နှစ် (၇၀)ပြည့်လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၇နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ဖတ်ကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့အားကစားကွင်းတွင် နှစ် (၇၀)ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲအဖြစ် ရိုးရာခြင်းလုံး၊ ဘော်လီဘော၊ ဘောလုံး၊ မုန့်စား၊ အိတ်စွပ်၊ အပ်ချည်ထိုးနှင့် အပြေးကစားနည်းမျိုးစုံပါဝင်၍ ကစားနည်းစုံစုံလင်လင် ကျင်းပပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ **တင်စိုးလွင်**

# ကယားပြည်နယ်၌ နှစ်နိုင်ငံချစ်ကြည်ရေးကုန်စည်ပြပွဲကျင်းပရန် အကြိုဆွေးနွေး

**လွိုင်ကော် ဇန်နဝါရီ ၅**
ဇန်နဝါရီ ၁၅ ရက်တွင်ကျရောက်မည့် ကယားပြည်နယ်နေ့ အခမ်းအနား ပွဲတော်ကာလအတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး OTOP ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပနိုင်ရေးအတွက် ဦးစီးဦးဆောင်မှုပြုပေးနိုင်ရန် မယ်ဟောင်ဆောင်ခရိုင်မှ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကုန်စည်ပြပွဲကျင်းပရာတွင် ယခင်နှစ်ထက် ပိုမိုအဆင်ပြေစေရေး ဆောင်ရွက်ထားကြောင်း၊ အခက်အခဲရှိပါက ညှိနှိုင်းဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်းတင်ပြရန်နှင့် ညီအစ်မမြို့တော်အဖြစ် MoU ရေးထိုးခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း ကျေနပ်အားရဖွယ် မရှိသေးကြောင်း၊ မိမိတို့ဘက်မှ ဆောင်ရွက်ရန်ရှိသည်များကို အဆင့်ဆင့်တင်ပြ လမ်းညွှန်မှုခံယူထားကြောင်း၊ မယ်ဟောင်ဆောင်ခရိုင်ဘက်မှလည်း ကြိုးပမ်းဖော်ဆောင်ရန် တိုက်တွန်းကြောင်း ပြောကြားသည်။ ထို့နောက် မယ်ဟောင်ဆောင်ခရိုင် ကိုယ်စားလှယ်အဖွဲ့က အမှတ်တရလက်ဆောင်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်ကလည်း အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ နှစ်နိုင်ငံချစ်ကြည်ရေး ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ကယားဒေးကွင်းအတွင်း ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မယ်ဟောင်ဆောင်ခရိုင်မှ OTOP အဖွဲ့ ၅၀ ဦးနှင့် အစိုးရတာဝန်ရှိသူ ၁၅ ဦး စုစုပေါင်း ၆၅ ဦး လာရောက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



**တောင်သာမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့၍ ဇန်နဝါရီ ၃ရက်က တောင်သာ ဆင်တဲဝချောင်း၌ ရေစီးဆင်းမှုများခဲ့ရာ ချောင်းမြေရေိယာအတွင်း စိုက်ပျိုးထားသည့် ကြက်သွန်ခင်းများတွင် ရေလွှမ်းနေသည်ကို တွေ့ရစဉ်။**(ရေလွှမ်းမှုကြောင့် ကြက်သွန်စိုက်ဒေသများဖြစ်သည့် ခြံုကြီးကျေးရွာ၊ ချောင်းပေါက်ရွာ၊ ကျွဲဆင်းရွာများတွင် ကြက်သွန်စိုက်ခင်း ရှစ်ဧကကျော်နှင့် ဖက်တောရွာ၊ အင်းတဲရွာတို့၌ စိုက်ခင်းအနည်းငယ် ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်)

**လင်းလက်ကြယ်(တောင်သာ)**



**ဘီးလင်းမြို့နယ် ရဲမှူး စိုးမြင့် ဦးစီး၍ မြို့နယ် ဒုတိယရဲမှူး ချစ်ကိုကို၊ မြို့မစခန်းမှူး ဒုတိယရဲမှူး အောင်ဝင်းစိန်တို့ပါဝင်သောအဖွဲ့ ဒီဇင်ဘာလ နောက်ဆုံးပတ်က ဘီးလင်း မြို့နယ် မဲလံကျေးရွာ မဲလံဆံတော်ရှင်ဘုရားတောင်ခြေတွင် ကျေးရွာသူကျေးရွာသားများနှင့် ဘုရားဖူးပြည်သူများအား မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး ဆောင်ရွက်စဉ်။** ကိုရဲ

# တိပိဋကဓရ တိပိဋကကောဝိဒ ဝိသေသဂုဏ်ရည်

**ရတနာစည်ဆရာတော်(လှိုင်လင်)**

**ဝိသေသဂုဏ်ရည်**

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူ သိမ်တော်ကြီး၌ ၂၀၁၇ ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ဇန်နဝါရီ ၂၇ ရက်အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး၏ ဝိသေသ ဂုဏ်ရည်များကို ဦးစွာသုံးသပ်ကြည့်ကြပါစို့။

(၁) အခြားမည်သည့်နိုင်ငံကမှ မကျင်းပနိုင်သော စာမေးပွဲကြီး၊

(၂) ရက်ပေါင်း ၃၃ ရက်တိုင်တိုင် ကျင်းပရသည့် ကမ္ဘာ့ရက်အကြာဆုံး စာမေးပွဲကြီး၊

(၃) မြန်မာနိုင်ငံတွင်သာမက ကမ္ဘာသို့ပင် ထွင်းဖောက်ကျော်ကြားသော စာမေးပွဲကြီး၊

(၄) ကောဇာ ၁၃၁၀ ခုနှစ်၊ ခရစ် ၁၉၄၈ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ယခုအထိ နှစ်ပေါင်း ၇၀ တိုင်တိုင် တစ်နှစ်မှမပျက် နှစ်စဉ်နှစ်ဆက်ကျင်းပနိုင်သော မြန်မာနိုင်ငံ၊

(၅) ယခုနှစ်လိုပင် နောင်နှစ်များတွင်လည်း စဉ်ဆက်မပြတ် ကျင်းပနိုင်မည့် အနေအထားများ ထာဝရပိုင်ဆိုင်နေသော မြန်မာနိုင်ငံ ။

**နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ**

ဤစာမေးပွဲကြီးကို အရပ်အခေါ်က ပိဋကတ်သုံးပုံ စာမေးပွဲဟု ဖြစ်၏။ ပိဋကတ်သုံးပုံဟုဆိုကတည်းက...

ဝိနည်း= ကိုယ်ကျင့်သိက္ခာဆိုင်ရာသီလ

သုတ္တန် = စိတ်ခါတ်တည်ငြိမ်မှုဆိုင်ရာသမာဓိ

အဘိဓမ္မ = ဉာဏ်ပိုင်းဆိုင်ရာပညာများပင်ဖြစ်သော အမွန်အမြတ်တွေ ဖြစ်တော့၏။ ဤအမွန်အမြတ်တွေကို ထုံမွှမ်းသော စာမေးပွဲကြီးဖြစ်ပါ၏ ။

ဤတွင် နိကာယ်ငါးရပ် ၊ ပိဋကတ်သုံးပုံ ဟူသော ဝေါဟာရများနှင့်စပ်လျဉ်း၍ အနည်းအကျဉ်း ရေးပါဦးမည်။ ၄၅ ဝါပတ်လုံး မြတ်ဗုဒ္ဓဟောကြားတော်မူသည့် စကားတော်အစဉ် 'ပါဠိတော်'တို့ကို အုပ်စုခွဲလိုက်သောအခါ အုပ်စုငါးစု ဖြစ်လာ၏။ နိကာယ်(၅)ရပ်ဟု ခေါ်ပါ၏။ ယင်းကို ယခု ဆဋ္ဌမူ ပိဋကတ်ဆိုက် ပုံနှိပ်သောအခါ စာအုပ်ပေါင်း ၄၀ တိတိ ရှိလာ၏။ စာမျက်နှာပေါင်းမှာ ၁၃၀၉၄(တစ်သောင်းသုံးထောင်ကိုးဆယ့်လေး) မျက်နှာရှိလာပြီး အက္ခရာလုံးရေပေါင်းမှာ ၁၁၀၂၁၇၅၀(သိန်းတစ်ရာ့တစ်ဆယ် နှစ်သောင်းတစ်ထောင် ခုနစ်ရာငါးဆယ်တိတိ)ရှိကြောင်း ပိဋကတ်သုတေသီတို့ အဆိုရှိ၏။

ထိုမျှ များပြားလှစွာသော နိကာယ်(၅)ရပ်ထဲမှ ကိုယ်နှုတ်စောင့်ထိန်းသော သီလပိုင်း၊ စိတ်ကိုပါစောင့်ထိန်းသော သမာဓိပိုင်း ၊ စိတ်ကိုမြှင့်တင်သောပညာပိုင်း သုံးပါးလုံး ခြုံငုံနိုင်မည့် အစီအစဉ်အဖြစ်

(၁) သီလပိုင်း၊ ဝိနည်း(၅)ကျမ်း၊ စာအုပ်ရေငါးအုပ်၊

(၂) သမာဓိပိုင်း၊ သုတ္တန်(၃)ကျမ်း၊ စာအုပ်ရေသုံးအုပ်၊

(၃) ပညာပိုင်း၊ အဘိဓမ္မ(၇)ကျမ်း၊ စာအုပ်ရေ ၁၂ အုပ် စုစုပေါင်း ကျမ်းအရေအတွက် ၁၅ ကျမ်း၊ စာအုပ်ရေ ၂၀ အုပ်တို့ကို 'သင်ရိုးပိဋကတ်'ဟု သတ်မှတ်ပြီး ရှေးရှေးသော ဘိုးဘွားဘီဘင် ရှင်ဘုရင်များလက်ထက်ကတည်းက မြန်မာနိုင်ငံ၏ သံဃာတော်များ ပါဠိ-မြန်မာ နှစ်ဘာသာတို့ဖြင့် ပို့ချသင်ယူခဲ့သည့် အစဉ်အလာရှိခဲ့ပါသည်။

ထိုမှ မြန်မာ့သမိုင်းအတိုင်း အုပ်ချုပ်ရေးဆိုင်ရာဘုရင်စနစ်ချုပ်ငြိမ်း၍ ကိုလိုနီစနစ် ပေါ်ပေါက်လာကာ တစ်ဖန် လွတ်လပ်ရေးခေတ် ရောက်လုနီးလာသော် ရန်ကုန်မြို့ရှိ သူဌေးကြီး ဆာဦးသွင်သည် သာသနာတော်ကို အလွန်အကျူး အထူး ကြည်ညိုသောသဒ္ဓါတရားနှင့် ပြည့်စုံသည့်အပြင် သာသနာရေးရာအဖြာဖြာတို့၌ ဝါသနာကြီးစွာ လေ့လာထားသဖြင့် ပညာတရားနှင့်ပါ ပြည့်ဝနေသည့် နိုင်ငံ့မျက်နှာဖုံး ဆာဘွဲ့ရ သူဌေးကြီးဖြစ်သောကြောင့် "နောင်လွတ်လပ်ရေးရလာလျှင် ပရိယတ္တိသာသနာတော်ကို အမြင့်ဆုံးအဆင့် ချီးမြှင့်နိုင်ရန်နှင့် ပဋိပတ္တိသာသနာတော်ကိုလည်း အမြင့်ဆုံးအဆင့် ချီးမြှင့်နိုင်ရန် မည်သို့ဆောင်ရွက်သင့်သည်၊ ဆောင်ရွက်ရမည်"ဟူသော အတွေးများကသာ နှလုံးသားဝယ် စိမ့်လျှံနေရာမှ လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ဖြစ်ထွန်းလာသည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ စီစဉ်မှုအရ နိုင်ငံတော်သမ္မတကြီးကို နာယက၊ ဆာဦးသွင်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ပြီး တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ထပ်ဆင့်ဖွဲ့လျက် ပြဋ္ဌာန်းကျမ်းစာ၊ စည်းမျဉ်းဥပဒေစသည်များကို စနစ်တကျရေးဆွဲရင်း လွတ်လပ်ရေးနှစ်၊ ၁၉၄၈ ၌ ပထမအကြိမ်အဖြစ် ရွေးချယ်ရေးစာမေးပွဲ ကျင်းပနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးဖွားဖက်တော် စာမေးပွဲဟုပင် တင်စားနိုင်ပါ၏။ ယခု ၂၀၁၈ တွင် နှစ် ၇၀ ပြည့်မြောက်ပါပြီ။

> **"လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ဖြစ်ထွန်းလာသည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ စီစဉ်မှုအရ နိုင်ငံတော်သမ္မတကြီးကို နာယက၊ ဆာဦးသွင်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ပြီး တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ထပ်ဆင့်ဖွဲ့လျက် ပြဋ္ဌာန်းကျမ်းစာ၊ စည်းမျဉ်းဥပဒေစသည်များကို စနစ်တကျရေးဆွဲရင်း လွတ်လပ် ရေးနှစ်၊ ၁၉၄၈ ၌ ပထမအကြိမ်အဖြစ် ရွေးချယ်ရေးစာမေးပွဲ ကျင်းပနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးဖွားဖက်တော် စာမေးပွဲဟုပင် တင်စားနိုင်ပါ၏။ ယခု ၂၀၁၈ တွင် နှစ်(၇၀) ပြည့်မြောက်ပါပြီ"**

နိကာယ် (၅) ရပ်၊ ပါဠိတော် စာအုပ်ရေ ၄၀ ထဲမှ ပိဋကတ်သုံးပုံ စာအုပ်ရေ ၂၀ တွင်...

ဝိနည်း ၅ အုပ်၊ စာမျက်နှာပေါင်း ၂၁၉၇ မျက်နှာ၊

သုတ္တန် ၃ အုပ်၊ စာမျက်နှာပေါင်း ၈၈၈ မျက်နှာ ၊

အဘိဓမ္မ ၁၂ အုပ်၊ စာမျက်နှာပေါင်း ၄၉၄၁ မျက်နှာ၊ စုစုပေါင်း စာမျက်နှာ ၈၀၂၆ မျက်နှာထဲရှိ ပါဠိတော်၊ ပုဒ်၊ ပါဌ်၊ အက္ခရာစာလုံးတို့ကို တစ်လုံးမကျန် နှုတ်တက်အရကျက်၍ အထစ်အငေါ့မရှိ အာဂုံပြန်ဆိုအောင်မြင်မှသာ တိပိဋကဓရ ဘွဲ့တံဆိပ်တော် ခံယူရရှိပြီး ပါဠိတော်နှင့် အဖွင့်အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရေးသားဖြေဆို အောင်မြင်မှသာ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို ခံယူရရှိပါသည်။

ယင်း အမြင့်မားဆုံးဘွဲ့တံဆိပ်တော်ကြီးကို ခံယူရရှိနိုင်ရန် အာဂုံပိုင်းအဆင့်(၆)ဆင့်၊ ရေးဖြေပိုင်းအဆင့်(၆)ဆင့် စုစုပေါင်း အဆင့်(၁၂)ဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ တက်လှမ်းနိုင်စွမ်း ရှိရပါမည်။ ယင်း(၁၂)ဆင့်အနက် ပထမဆင့်ကို စတင်တက်ဖို့အတွက်ပင် အခြေခံအဖြစ် ပါဠိ ပထမပြန်စာမေးပွဲတွင် ပထမကြီးတန်းကို ဖြေဆိုအောင်မြင်ထားရပါမည်။ ထိုမျှအထိ နှစ်ပေါင်းများစွာ ပိဋကတ်၌ ချထားအပ်သော မျက်စိ၊ နား၊ စိတ်နှလုံးရှိပြီးသား ပညာပါရမီရှင်ဖြစ်နေမှသာ ရွေးချယ်ရေးစာမေးပွဲကြီး၌ (၁၂)ဆင့်မြောက်အောင်ပန်းဆွတ်ခူးနိုင်ပါမည်။

ထို့ကြောင့် ဤရွေးချယ်ရေးစာမေးပွဲကြီး၌ ပထမအဆင့် 'ဝိနည်း'၊ ပထမပိုင်း 'အာဂုံဖြေဆိုနိုင်မှု'မှစပြီး သဒ္ဓါဗလ (ယုံကြည်ချက်အင်အား)၊ ဝီရိယဗလ(ဇွဲလုံ့လအင်အား)၊ သတိဗလ(စူးစိုက်မှုအင်အား)၊ သမာဓိဗလ (စိတ်ခါတ်တည်ငြိမ်မှုအင်အား)၊ ပညာဗလ(ဉာဏ်ထက်မြက် ထိုးထွင်းနိုင်မှုအင်အား) ဟူသော ဗလငါးပါး၊ အင်အား ငါးတန် ထက်သန်ပြည့်ဝကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များသာ ရရှိပိုင်ဆိုင်ကြလေရာ ထိုသာသနာ့အာဇာနည် အရှင်မြတ်များ၏ ဆရာ့ဆရာ ဆရာတော်ကြီးများ၊ ထိုသာသနာ့ အာဇာနည် အရှင်မြတ်များ၏ တပည့်တပန်း ရဟန်းသာမဏေများ စဉ်ဆက်မပြတ် ဖြစ်ထွန်းလျက်ရှိပါသော မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာ ပထမမြန်မာ ဖြစ်လျက်ရှိပါတော့၏။

ယခု အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး၌ အာဂုံပြန်သံဃာ အပါး ၂၁၀၊ အဓိပ္ပာယ်ရေးဖြေသံဃာ အပါး ၁၇၀ တို့ ဖြေဆိုကြမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၁၇ ပါး၊ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး ၊ ပုစ္ဆကဆရာတော်ကြီး သုံးပါး၊ စာထောက်စာမဆရာတော် ၁၂၄ ပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါးတို့က စာမေးပွဲရက် ၃၃ ရက်တိုင်တိုင် ချောချောမွေ့မွေ့ဖြေဆိုနိုင်ကြရေး ထိန်းကျောင်းပေးနေမည်ဖြစ်သဖြင့် ထိုပညာပါရမီရှင် ဆရာတော်ကြီးတို့အား ဆွမ်း၊ ဘောဇဉ်၊ လှူဖွယ်ဝတ္ထု၊ နဝကမ္မစသည်လှူဒါန်းကြ၊ ထောက်ပံ့ကြရန်မှာ သာသနာတော်ကို ကြည်ညိုလေးမြတ်ကြသည့် ကလျာဏနွယ်ဝင် ဗုဒ္ဓဘာသာပါရမီရှင်များ၏ တာဝန်နှင့်ဝတ္တရား ဖြစ်သည့်အတိုင်း သာသနာချစ်စိတ် နိုင်ငံချစ်စိတ် ဖိတ်ဖိတ်တောက်ပ မြတ်ဒါနကို တက်ကြွစွာပြုကြရင်း နိုင်ငံ့ဂုဏ်ရိပ် သာသနာ့ဂုဏ်ရိပ် ဖိတ်ဖိတ်တောက်လင်းလက်အောင် မယွင်းမပျက် ကြိုးစားကြရမည်ဖြစ်ပါသတည်း ။ ။

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြပွဲပြိုင်ပွဲများကျင်းပ

**ကျိုက်ထို ဇန်နဝါရီ ၅**

နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖက္ကလိပ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဆေးရောင်ခြယ် ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်က ကျင်းပပေးခဲ့ကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းသန်းမော်က ကျောင်းသားကျောင်းသူများအား နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ပြပွဲပြိုင်ပွဲများ ကျင်းပပေးသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး သုတရသ စာအုပ်များနှင့် နံရံကပ်စာစောင် ဓာတ်ပုံများကို ခင်းကျင်းပြသကာ စာစောင်နှင့် ဓာတ်ပုံများအကြောင်းကိုလည်း ကျောင်းသားကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကလေးများအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများဖြစ်သည့် စကားပုံဆက်ဂိမ်းကစားနည်းနှင့် စာဖတ်စာမှတ်ပြိုင်ပွဲတို့ကို ကျင်းပပေးကာ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးမှူးက ဆုများချီးမြှင့်ပေးခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**



## စဉ့်ကူးမြို့တွင် တရားဥပဒေစိုးမိုးရေးနှင့် မှူခင်းကျဆင်းရေး အလုပ်ရုံဆွေးနွေး

**စဉ့်ကူး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ မှုခင်းကျဆင်းရေး၊ ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် လှည့်ကင်း၊ ပတ်ကင်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်ဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နီလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်ထွန်း၊ စဉ့်ကူးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စဉ့်ကူးမြို့နယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အတွင်းရေးမှူး ဒေါက်တာမြင့်သန်းနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်ဝင်းမြင့်က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သည်များကို အကြံပြုဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်ထွန်းက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ မှုခင်းကျဆင်းရေး၊ ပြည်သူများ လုံခြုံမှုရှိစေရန် လှည့်ကင်း ပတ်ကင်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးစသည့် လုံခြုံရေး အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးချက်များအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်နှင့် တာဝန်ရှိသူများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

## မိုးအဆက်မပြတ် ရွာသဖြင့် ကုလားပဲခင်းများ ပျက်စီးနိုင်

**မြိုင် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်၌ ဇန်နဝါရီ ၁ ရက်မှစ၍ ဇန်နဝါရီ ၃ ရက်အထိ မိုးများ အဆက်မပြတ် ရွာသွန်းကာ မိုးရေချိန်မှာ ၁ ဒသမ ၃၆ လက်မရှိရာ ထိုမိုးကြောင့် စိုက်ပျိုးထားသော ဆောင်းသီးနှံ ကုလားပဲခင်းများ ပျက်စီးခြင်းနှင့် အထွက်နှုန်းလျော့နည်းခြင်းတို့ ဖြစ်နိုင်ကြောင်း သိရသည်။

ကုလားပဲပင်များမှာ ယခုအခါ အပွင့်များနှင့် အသီးတွဲများ စတင်သီးပွင့်နေပြီဖြစ်၍ ပိုးမွှားအန္တရာယ်ကျရောက်မှု ကင်းစင်မှသာ အထွက်တိုး အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုလတွင် မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ကုလားပဲပင်ရှိ အချဉ်ရည်ဓာတ်များ မိုးရေများဖြင့် ပါသွားခြင်း၊ အပင်မြစ်များတွင် ရေဝပ်၍ အမြစ်ရိကာ ပုပ်သွားပြီး အပင်များသေသွားခြင်း၊ အမြစ်ပိုးများ ဖျက်ဆီးနိုင်ခြင်း၊ အသီးနုချိန်ဖြစ်၍ အပင်အားနည်းပါက သီးလုံးထိုးပိုးများ အလွယ်တကူ ကျရောက်နိုင်ခြင်း၊ အပွင့်များ မိုးရေဒဏ်ကြောင့် ရိုပြီး အသီးမသီးနိုင်ခြင်းတို့ကြောင့် ကုလားပဲစိုက်တောင်သူများအနေဖြင့် ကုန်ကျငွေအရင်းနှင့် လုပ်အားခ ဆုံးရှုံးနိုင်ခြေ များနေကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**အောင်ကျော်မြင့်**

# ခရိုင်လေးခုမှ ကျောင်းသား ကျောင်းသူ ၁၄၀၀၀ နီးပါးကို နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေး

**ရွှေဘို ဇန်နဝါရီ ၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုတို့မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း တက်ရောက်နေသည့် ကျောင်းသူကျောင်းသား ၁၄၀၀၀ နီးပါးကို သစ္စာစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များ ဇန်နဝါရီ ၃ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့ ရွှေပုံရတနာ မင်္ဂလာနန်းတော်၌ ကျင်းပသည့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဝန်ကြီးများ၊ ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကိုလတ်၊ ရွှေဘိုခရိုင် လဝက ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးတင်ဦးနှင့် တာဝန်ရှိသူများ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ဝန်ကြီးချုပ်က ယခုပေးအပ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ဥပဒေအရ မွေးရာပါနိုင်ငံသားဖြစ်သူများကိုသာ ထုတ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဖြစ်သည့်အတွက် အဖိုးမဖြတ်နိုင်ကြောင်း၊ နိုင်ငံသားတစ်ယောက် ဖြစ်လာသည်နှင့်အညီ နိုင်ငံသား၏ အခွင့်အရေးများ ရရှိခံစားရမည်ဖြစ်သကဲ့သို့ တာဝန်ဝတ္တရားများကိုလည်း လိုက်နာကြရမည်ဖြစ်ကြောင်း၊ အမိနိုင်ငံတော်၏ နိုင်ငံသားဖြစ်သွားပြီဖြစ်၍ ကျောင်းသားကျောင်းသူများအနေဖြင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးသောစိတ်၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိလိုသော စိတ်တို့ကို မွေးမြူသွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသူ ကျောင်းသားများလက်ဝယ်သို့ လွယ်ကူချောမွေ့စွာ ရောက်ရှိစေရန် ဆောင်ရွက်ပေးကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဦးမြင့်ကြည်က နိုင်ငံသားဥပဒေနှင့် နိုင်ငံသားစိစစ်ရေးကတ်အကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ အဆင်ပြေစေရန်အတွက် ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရန် ဆောင်ရွက်ပေးနေပုံများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးယဉ်ထွေးက နိုင်ငံသားဥပဒေဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အဓိကတာဝန်ကြီး(၃)ရပ်ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသား မှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အား စာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်းတို့အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုတို့မှ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ရာ ရွှေဘိုခရိုင်အတွင်းရှိ ခြောက်မြို့နယ်သို့ ကတ်ပြား ၅၁၄၀၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်သို့ ကတ်ပြား ၄၁၀၄ ခု၊ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်သို့ ကတ်ပြား ၃၀၅၁ ခု၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် နှစ်မြို့နယ်သို့ ကတ်ပြား ၁၅၉၉ ခု စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၈၉၄ ခုကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ လက်ရှိအစိုးရ၏ နှစ်နှစ်တာသက်တမ်းအတွင်း သစ္စာစီမံချက်ဖြင့်



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၃၄၁၈၄၄ ခုကို ပြည်သူများလက်ဝယ်သို့ ထုတ်ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇော(ရွှေဘို)**

# ချင်းပြည်နယ် ပညာရေးစုံညီပွဲတော်ကျင်းပ



**ဟားခါး ဇန်နဝါရီ ၅**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ချင်းပြည်နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွယ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် ကြသည်။

ပညာရေးစုံညီပွဲတော်တွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ခေတ်သည် နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံကို စစ်ရေးနည်းဖြင့် အနိုင်ယူသိမ်းပိုက်သည့်ခေတ်ကာလ မဟုတ်တော့ကြောင်း၊ နည်းပညာသစ်များ ရှာဖွေတီထွင်ပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့် ခေတ်ဖြစ်သလို နည်းပညာပိုင်းတွင် နိမ့်ကျသည့်နိုင်ငံသည် နည်းပညာမြင့်မားသည့်နိုင်ငံ၏ စီးပွားရေးအရ ဗိုလ်ကျစိုးမိုးခြင်းခံနေရသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းသည် လူ့အရင်းအမြစ် လူသားစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်အောင် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ပညာရေးကဏ္ဍသည် လွန်စွာအရေးကြီးသည့်နေရာမှ ပါဝင်နေသည့်အတွက် အရည်အသွေးပြည့်ဝပြီး စံချိန်မီသည့် စနစ်သစ်ပညာရေးမျိုးဖြစ်အောင် ပြုပြင်ပြောင်းလဲသွားရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဖြူစင်သန့်ရှင်းသည့် မေတ္တာစေတနာကို အရင်းတည်ပြီး မိမိတို့၏တပည့်များအား အသစ်သစ်သော ပညာဗဟုသုတများ ပေးနိုင်ရန်အတွက် မိမိကိုယ်မိမိ အမြဲမပြတ် ဆည်းပူးလေ့ကျင့်နေရန် လိုအပ်ကြောင်း၊ မိဘပြည်သူများကလည်း မိမိတို့ဒေသတွင်းရှိ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အမြဲမပြတ် စောင့်ကြပ်ဖြည့်ဆည်းပေးကြပြီး အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးဒေါ်နှင်းကြည်က ပညာရေးစုံညီပွဲတော်ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ပြည်နယ်အဆင့် စာပေပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်တို့က ပညာရေးစုံညီပွဲတော် မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကာ စုံညီပွဲတော်တွင် ဖွင့်လှစ်ထားသည့် ပြခန်းများနှင့် အားကစားပွဲများကို ကြည့်ရှုအားပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲစင်းငုံစိုက်ခင်းများ သိမ်းဆည်းချိန်တွင် အခါမဟုတ်မိုးရွာသဖြင့် အခက်ကြုံနေ

**ငါ့သရောက် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့နှင့် ပတ်ဝန်းကျင် ကျေးလက်ဒေသများတွင် ယခုအချိန်သည် တောင်သူများစိုက်ပျိုးထားသည့် ပဲစင်းငုံသီးနှံစိုက်ခင်းများကို သိမ်းဆည်းနေသည့်အချိန်ဖြစ်ရာ ဇန်နဝါရီ ၁ ရက်မှစ၍ ဇန်နဝါရီ ၃ ရက်အထိ မြို့နယ်အတွင်း အခါမဟုတ် မိုးရွာသွန်းနေမှုကြောင့် ပဲစင်းငုံသီးနှံစိုက်ပျိုးထားသည့် တောင်သူများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ဒေသခံ ပဲစင်းငုံသီးနှံစိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့ အညာကျေးလက်ဒေသတွေမှာ ယခုအချိန်က တောင်သူတွေ မိုးဦးမိုးနဲ့ စိုက်ပျိုးထားတဲ့ ပဲစင်းငုံသီးနှံစိုက်ခင်းတွေကို သိမ်းဆည်းနေကြတဲ့အချိန် ဖြစ်ပါတယ်၊ အခုလို ပဲစင်းငုံသီးနှံစိုက်ခင်းတွေ သိမ်းဆည်းနေတဲ့အချိန်မှာပဲ ဇန်နဝါရီ ၁ ရက်ကစပြီး ယနေ့အထိ မိုးရွာသွန်းနေတဲ့အတွက် တောင်သူတွေအနေနဲ့ ပဲစင်းငုံသီးနှံစိုက်ခင်းတွေ သိမ်းဆည်းဖို့ အခက်အခဲများနဲ့ ကြုံတွေ့ရတဲ့အပြင် တစ်ချို့ ပဲစင်းငုံသီးနှံစိုက်ခင်းတွေ ခုတ်သိမ်းပြီးတဲ့ တောင်သူတွေမှာလည်း ပဲစင်းငုံအစေ့ထုတ်ဖို့ လုပ်ကိုင်မရ ဖြစ်ကုန်ကြပါတယ်၊ နောက်ပြီး ပဲစင်းငုံသီးနှံဟာ နေပူလှန်းအခြောက်ခံပြီး ပုတ်ယူရတဲ့ သီးနှံမျိုးဖြစ်တာကြောင့် အခုလို မိုးဆက်တိုက်ရွာသွန်းနေရင် တောင်သူတွေ ဘာမှလုပ်လို့မရပါဘူး"ဟု ငါ့သရောက်မြို့ ဖြူကြီးကျေးရွာမှ ပဲစင်းငုံစိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်အထိ မိုးဆက်တိုက်ရွာသွန်းနေသည့်အတွက် ပဲစင်းငုံသီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးကုန်မည်ကို တောင်သူများက စိုးရိမ်နေကြကြောင်း၊ လက်ရှိအချိန်တွင် ပဲစင်းငုံသီးနှံဈေးနှုန်းမှာလည်း တစ်တင်းလျှင် ကျပ်တစ်သောင်းကျော်ခန့်သာရှိပြီး ဈေးကျနေသဖြင့် ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ယခုနှစ်တွင် အရှုံးနှင့်ရင်ဆိုင်ကြရမည့် အခြေအနေများရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြော

**ကျောက်တလုံးကြီး ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ဌာနဆိုင်ရာများပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို နောင်ကားကျေးရွာအုပ်စု နောင်ကားကျေးရွာ လုံကားအခြေခံပညာထက်တန်းကျောင်း၌ ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် ကျောက်တလုံးကြီးမြို့နယ်မြေရဲစခန်းမှ ရဲအုပ်အောင်မျိုးလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကြီးဒဲရယ်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်း၊ မီးသတ်ဦးစီးဌာနမှူး ဦးဟိန်းဇော်က မီးဘေးလုံခြုံရေးနှင့် မီးသတ်ဆေးဘူး အသုံးပြုနည်းအကြောင်းတို့ကို ကျောင်းသား ကျောင်းသူများအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ဟောပြောကြပြီး ကျောင်းသား ကျောင်းသူများက သိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တီးတိန်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများအား EXIM Bank ချေးငွေများပေးအပ်

**တီးတိန် ဇန်နဝါရီ ၅**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော သမဝါယမအသင်းများအား နဝမအကြိမ်မြောက် EXIM Bank ချေးငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃ ရက်က တီးတိန်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချေးငွေပေးအပ်ပွဲတွင် ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုဆွင်းခိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျိန်ခေါ်လ်ဝုန်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် China EXIM ဘဏ်မှ ချေးငွေရယူခဲ့ပုံ၊ အသင်းများ အဆင့်မြှင့်တင်ရေး၊ သမဝါယမ အနာဂတ်မျှော်မှန်းချက်လုပ်ငန်းများ မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးနှင့် စည်းမျဉ်းစည်းကမ်းများ စသည်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော သမဝါယမအသင်းများဖြစ်သည့် ယုန်ပန်းရာ လယ်ယာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသို့ ငွေကျပ် ၂၁၆ သိန်းကျော်၊ လမ်ဇန်ကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသို့ ငွေကျပ် ၂၉၇ သိန်းကျော်၊ လွယ်ဘွားလ်ရပ်ကွက် မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းသို့ ငွေကျပ် ၁၁၅ သိန်းကျော်တို့ကို EXIM Bank ချေးငွေများ ပေးအပ်ခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် သမဝါယမအသင်း ၄၀ မှ အသင်းသား ၁၇၇၆ ဦးတို့အတွက် အစုငွေကျပ် ၈ ဒသမ ၈၈ သန်း၊ စုဆောင်းငွေကျပ် ၁၆၁ ဒသမ ၅၃၉ သန်းနှင့် ပံ့ပိုးချေးငွေကျပ် ၂၂၆ ဒသမ ၃၃၈ သန်း စုစုပေါင်း ကျပ် ၃၉၆ ဒသမ ၇၅၇ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း တီးတိန်မြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။

**နေစု(ချင်းရိုးမ)**

# နန့်ဟူးကျေးရွာ ကျိုက်ထီးရိုးစေတီတော် ထီးတော်တင်ပွဲကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၅**

ကယားပြည်နယ် မယ်စဲ့မြို့နယ် မယ်ဆည်နမ်ကျေးရွာအုပ်စု နန့်ဟူးကျေးရွာရှိ ကျိုက်ထီးရိုးစေတီတော် ထီးတော်တင်လှူပူဇော်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့သည်။ ထီးတင်ပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဧည့်ပရိသတ်များက ဆရာတော်များထံမှ သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ရွှေထီးတော်နှင့် ငှက်မြတ်နားတော်များ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာနှင့် ထီးတော်များကို စေတီတော်ပေါ်သို့ တင်လှူပူဇော်ပြီး ဆရာတော်များက ဗုဒ္ဓဘိသေက အနေကဇာတင်ပေးကြကာ ဆက်လက်၍ ထီးတော်တင်လှူပူဇော်ပွဲ ရေစက်ချမင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

# မြန်မာဟက်ကာများ ဦးဆောင်စီစဉ်၍ ပထမဆုံးထုတ်ဝေမည့် နည်းပညာလုံခြုံရေးဆိုင်ရာမဂ္ဂဇင်း မကြာမီထွက်ရှိမည်

**ရန်ကုန် ဇန်နဝါရီ ၅**

ပြီးခဲ့သည့်နှစ်အတွင်းက ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် နောက်ဆက်တွဲအဖြစ် တူရကီနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့မှ ဟက်ကာအဖွဲ့များက မြန်မာနိုင်ငံမှ ဝက်ဘ်ဆိုက်များကို ဆိုက်ဘာတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံဘက်မှလည်း မြန်မာဟက်ကာအဖွဲ့များ စုပေါင်းထားသည့် UGMH အဖွဲ့က ထိထိရောက်ရောက် ပြန်လည်တုန့်ပြန်နိုင်ခဲ့သည်။

အဆိုပါ UGMH တွင်ပါဝင်သည့် မြန်မာဟက်ကာအဖွဲ့တစ်ခုဖြစ်သော Myanmar Black Hacking(MBH)က ဦးဆောင်၍ UGMH မှ အဖွဲ့ဝင်ဟက်ကာများနှင့် အခြား ပြင်ပမှ နည်းပညာရှင်များပါ ပါဝင်ရေးသားထားသည့် နည်းပညာလုံခြုံရေးဆိုင်ရာ မဂ္ဂဇင်းတစ်အုပ်ကို ယခုအချိန်တွင် စတင်ထုတ်ဝေရန် ပြင်ဆင်နေပြီး ယခုအချိန်တွင် စာမူစုစည်းမှုများ ပြီးစီးနေပြီဖြစ်ကာ ဇန်နဝါရီလကုန်ပိုင်းတွင် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ “အနီးစပ်ဆုံး ကတော့ ဇန်နဝါရီလကုန်လို့ မှန်းထားပါတယ်၊ ဒီကြားထဲ အခက်အခဲ တစ်စုံတရာမရှိရင်တော့ ဇန်နဝါရီလမကုန်ခင် ထွက်လာမှာပါ”ဟု MBH မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

မဂ္ဂဇင်းတွင် သာမန် အင်တာနက်အသုံးပြုသူများ သိရှိထားသင့်သည့် Social Engineering၊ BitCoin(BTC) ဂယက်၊ Facebook account တစ်ခုကို မခိုးဘဲ ဘယ်လိုရယူနိုင်မလဲ၊ Do/Don’t & လက်တွေ့မြန်မာပြည်နှင့် Security ပိုင်းဆိုင်ရာ အတွေ့အကြုံများ၊ Facebook Security အခြေခံအကြောင်း သိကောင်းစရာများ စသည့် ခေါင်းစဉ်ဖြင့် ဆောင်းပါးများအပြင် Hacking နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာများကို စိတ်ဝင်စားသူများအတွက် သိကောင်းစရာ လေ့လာစရာ ဆောင်းပါးနှင့် အင်တာဗျူးပေါင်း ၃၄ ပုဒ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ “တချို့စာမူတွေကို မထည့်ပေးရတာတွေလည်း ရှိပါတယ်၊ အဓိက အခက်အခဲကတော့ စာမျက်နှာကြောင့်ပါ၊ စာအုပ်မှာ စာမျက်နှာ ၂၀၀ လောက် ပါပါတယ်၊ အများကြီးထည့်ပေးချင်ပါတယ်၊ ဒါပေမယ့် ရှိတဲ့ဘတ်ဂျက်နဲ့ ဖြစ်အောင် လုပ်ရတဲ့ အနေအထားမို့ပါ”ဟု ၎င်းက ဆက်ပြောသည်။

စာအုပ်တွင်ပါဝင်မည့် အကြောင်းအရာများနှင့် ပတ်သက်၍လည်း “သတင်းဆောင်းပါးတွေဆို သာမန်သုံးသူတွေအတွက် အကျိုးရှိနိုင်ပါတယ်၊ Cyber warfare လို cyber war အကြောင်းအရာတွေလိုမျိုး ၊ Social Engineering လို အကြောင်းအရာတွေက Cyber security အတွက်သာမကဘဲ လူမှုရေး စီးပွားရေး ကိစ္စတွေမှာပါ သိထားသင့်တဲ့ အကြောင်းအရာတွေပါ၊ နောက် Deep Web Dark Web အပြင် Red Room ဆိုတဲ့ သာမန်လူတွေမသိနိုင်တဲ့ ဥပဒေပြင်ပ Cyber space ပေါ်ကနေရာတွေ၊ UGMH နဲ့ အင်တာဗျူးတွေ၊ ဒါ့အပြင် အကျိုးရှိမယ့်ခေါင်းစဉ်တွေ ရှိပါသေးတယ်၊ ဒီစာအုပ်က Security နဲ့ Hacking ပိုင်း ဝါသနာပါတဲ့ လူငယ်တွေအတွက် အတိုင်းအတာတစ်ခုအထိတော့ အထောက်အကူပေးပါလိမ့်မယ်၊ ဥပမာပေါ့ အတွေ့အကြုံများခဲ့တဲ့ ဟက်ကာကြီးတွေ အခက်အခဲအပေါ် စဉ်းစားပုံ ၊ Error လေးတစ်ခုကနေ အများကြီး ဆက်လုပ်သွားနိုင်တဲ့ပုံစံတွေ၊ ဒါတွေက တန်ဖိုးရှိပါတယ်၊ ယူတတ်ရင် အတော်လေး အထောက်အကူပေးမှာပါ၊ နှစ်ပေါင်းများစွာ လေ့လာထားတဲ့သူတွေဆီက အတွေ့အကြုံတွေကို ဒီစာအုပ်ထဲမှာမြင်ရမှာပါ၊ security ပိုင်းအတွက်လည်း အထောက်အကူပြုမယ့် အကြောင်းအရာတွေ ပါပါတယ်၊ ဘယ်လိုကာကွယ်မလဲ ဆိုတာတွေကအစ ပါပါတယ်”ဟု ၎င်းက ပြောသည်။

စာအုပ်ကို အုပ်ရေငါးရာသာ စတင်ထုတ်ဝေမည်ဖြစ်ပြီး ရောင်းဈေးမှာ တစ်အုပ်လျှင် ကျပ် ၆၀၀၀ ဖြစ်ကာ လက်ရှိအချိန်တွင် ကြိုတင်မှာယူမှုများကို လက်ခံနေပြီဖြစ်ကြောင်း သိရသည်။ ယခု ပုံနှိပ်စာအုပ်ကို ရောင်းချပြီး နောက်ပိုင်းတွင် PDF ဖြင့်လည်း ထုတ်ပေးသွားရန်ရှိကြောင်း သိရသည်။ “PDF ထုတ်ပေးဖို့လည်း အစီအစဉ်ရှိပါတယ်၊ ကျွန်တော်တို့က အကျိုးအမြတ်ထက် အသိပညာ ပြန်လည်မျှဝေချင်တာပါ၊ စာအုပ်ကသာ စရိတ်နည်းနည်းများသွားလို့ ၆၀၀၀ လောက်ဖြစ်သွားရတာပါ၊ PDF ကို စာအုပ်ထွက်ပြီး နောက်သုံးလ ဒါမှမဟုတ် လေးလလောက်နေရင် ထုတ်ပေးသွားမှာပါ”ဟု ပြောသည်။ စာအုပ်ကို ကြိုတင်မှာယူလိုပါက Myanmar Black Hacking ဖေ့စ်ဘုတ်စာမျက်နှာတွင် မှာယူနိုင်မည်ဖြစ်သည်။

မြန်မာဟက်ကာအဖွဲ့များဖြစ်သော MBH နှင့် UGMH တို့အနေဖြင့် Hacking နှင့် လုံခြုံရေးဆိုင်ရာ နည်းပညာမဂ္ဂဇင်းတစ်ခုကို ယခင်က PDF အနေဖြင့် တစ်ကြိမ်ထုတ်ဝေခဲ့ဖူးကာ ထိုမဂ္ဂဇင်းတွင် စာမျက်နှာ ၇၅ မျက်နှာခန့်ဖြင့် ဆောင်းပါး ၁၂ ခုသာ ပါဝင်နိုင်ခဲ့ကြောင်း၊ ယခု ဒုတိယအကြိမ်ထုတ်ဝေသည့် စာအုပ်ကိုလည်း PDF ဖိုင်အဖြစ်သာ ထုတ်ဝေရန် စီစဉ်ခြင်းဖြစ်သော်လည်း UGMH အဖွဲ့အတွက် ရန်ပုံငွေ ရှာဖွေပေးနိုင်ရန်နှင့် ပုံနှိပ်စာအုပ်အဖြစ်ထုတ်ဝေရန် စိတ်ဝင်စားသူများ၏ တောင်းဆိုမှုများကြောင့် ပုံနှိပ်စာအုပ်အဖြစ် ထုတ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

“အခုစာအုပ်ကို ပိုအားရပါတယ်၊ ရေးတဲ့သူတွေကလည်း ပိုများလာတယ်၊ အကြောင်းအရာတွေကလည်း ပိုစုံလာပါတယ်၊ ဒီစာအုပ်မှာက တွေ့မြင်နေကျ အခြေခံပိုင်းစာအုပ်တွေနဲ့မတူတဲ့ ကွဲပြားတဲ့ အရသာကိုပေးနိုင်မှာပါ၊ အခြေခံတွေပဲ သီးသန့်မဟုတ်ပါဘူး၊ ပထမစာအုပ်ကို အခြေခံတွေနဲ့ ထုတ်ထားပြီး ဒီစာအုပ်မှာတော့ အဲ့ထက်နည်းနည်းလေးပိုတဲ့ အနေအထားနဲ့ လုပ်ထားတာပါ၊ နောက်တစ်အုပ်လုပ်ဖြစ်ခဲ့ရင် ဒီထက်ပိုကောင်းမှာပါ၊ တစ်ခါထက်တစ်ခါ ပိုကောင်းအောင်လုပ်နိုင်ဖို့ မျှော်လင့်ပါတယ်”ဟု MBH အဖွဲ့ဝင်က ပြောသည်။

လူငယ်များအနေဖြင့် Cyber Security နည်းပညာများကိုလေ့လာရန် အရေးကြီးကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း၊ ပြည်တွင်းဝက်ဘ်ဆိုက်များ၏ လုံခြုံရေးအခြေအနေတို့နှင့် ပတ်သက်၍လည်း ၎င်းက အကြံပြုပြောကြားသည်။ “ကမ္ဘာကြီးက IT အပေါ်အများကြီး မှီခိုလာနေပါပြီ၊ အဲဒါကပဲ လူငယ်တွေ Cyber security အပေါ် လေ့လာသင့်တဲ့ အကြောင်းပါပဲ၊ အရာရာဟာ Digital စနစ်အပေါ် မှီခိုလာမယ်ဆိုရင် အသုံးပြုသူတွေလုံခြုံရေးဆိုတဲ့ ဈေးကွက်က ပေါ်လာမှာပါ၊ ဥပမာ ဈေးဝယ်တာကအစ online ပေါ်ကနေပဲ လုပ်ကြတယ်၊ ဒါကို ပစ်မှတ်ထားတိုက်ခိုက်သူတွေရှိတယ်၊ Cyber security အကြောင်း နည်းနည်းလောက်တီးမိခေါက်မိ ရှိတဲ့သူဆိုရင်တော့ တိုက်ခိုက်ခံရဖို့ အခွင့်အရေးနည်းတာပေါ့၊ ကိုယ်က ပညာရှင်ဖြစ်လာရင် အလုပ်အကိုင် အခွင့်အလမ်းဆိုတာ ပေါ်လာမှာပါ၊ ကိုယ့်ဘက်က ပညာပြည့်နေဖို့ပဲ လိုပါတယ်၊ ပြည်တွင်းဝက်ဘ်ဆိုက်တွေရဲ့လုံခြုံရေးပိုင်းကတော့ အားနည်းနေဆဲပါပဲ၊ တကယ်တတ်သိနားလည်တဲ့ ပညာရှင်တွေကို လုပ်ခိုင်းသင့်ပါတယ်၊ government website တစ်ခုကို သိန်းရာချီကုန်တယ်လို့ သိရပါတယ်၊ ဒါပေမယ့် အဲဒါနဲ့တန်တဲ့ဝန်ဆောင်မှု ပြန်ရရဲ့လားဆိုတာကတော့ မေးခွန်းထုတ်ဖို့ကောင်းပါတယ်”ဟု ပြောသည်။




ယခုထုတ်ဝေမည့်စာအုပ်သည် မြန်မာနိုင်ငံ၏ နာမည်ကျော်ဟက်ကာအဖွဲ့များမှ အဖွဲ့ဝင်များနှင့် ပြင်ပပညာရှင်များ စုစည်းပါဝင်ရေးသားသည့် ဆိုက်ဘာလုံခြုံရေးနည်းပညာဆိုင်ရာ ပထမဆုံး ပုံနှိပ်မဂ္ဂဇင်း ဖြစ်လာမည်ဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာများကို လေ့လာနေသူများအတွက် အထောက်အကူပြုရန်သာမက သာမန်အင်တာနက်အသုံးပြုသူများ သိရှိနားလည်ထားသင့်သည့် လုံခြုံရေးဆိုင်ရာ အချက်များကို သိရှိပြီး အသိပညာတိုးစေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။ ။

**သတင်းဆောင်းပါး-သူရဖြိုး**

## ဗဟိုပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကျောင်းသို့ ဟွာဝေးက Networking Lab လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၅**

Huawei ၏ ICT talent development စီမံချက်အရ အစိုးရအရာထမ်းများနှင့် ဝန်ထမ်းများအား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များကို ဖြန့်ဖြူးပေးနိုင်ရန်အတွက် မိတ္ထီလာရှိ ဗဟိုပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကျောင်း၌ ဟာ့ဒ်ဝဲနှင် ဆော့ဖ်ဝဲများ အပြည့်အစုံတပ်ဆင်ထားသည့် Huawei IP Networking Lab တစ်ခုကို ဒီဇင်ဘာ ၂၇ ရက်က လှူဒါန်းခဲ့ပြီး ရှစ်ရက်ကြာ IP technology သင်တန်းကိုလည်း ပို့ချခဲ့ကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဗဟိုပို့ဆက်သင်တန်းကျောင်းသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန ၁၈ ခုထဲမှ တစ်ခုဖြစ်ပြီး ဝန်ထမ်းများကို စွမ်းရည်တိုးတက်အောင် လေ့ကျင့်သင်ကြားပေးသည့်ကျောင်းဖြစ်ကြောင်း၊ ယခု ဟွာဝေးက ကွန်ပျူတာ၊ စားပွဲ၊ ကုလားထိုင်၊ လေအေးပေးစက်နှင့် ပရိဂျက်တာများ အပြည့်အစုံပါဝင်သည့် Networking Lab ကို လှူဒါန်းသဖြင့် သင်ကြားရေးကို ပို၍အကျိုးရှိရှိ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ဗဟိုပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကျောင်း၏ ကျောင်းအုပ်ကြီး ဦးချစ်မင်းဦးက ပြောသည်။

ICT လုပ်ငန်းကဏ္ဍ အလွန်လျင်မြန်စွာ တိုးတက်လာနေသော မြန်မာနိုင်ငံသည် ICT talent များ လိုအပ်နေသည့် ပြဿနာနှင့် ရင်ဆိုင်နေရသောကြောင့် ဟွာဝေးအနေဖြင့် ICT talent များကို နည်းလမ်းအမျိုးမျိုးဖြင့် ပြုစုပျိုးထောင်ပြီး မြန်မာနိုင်ငံကို ပံ့ပိုးကူညီပေးရန် ၂၀၁၄ ခုနှစ်ကတည်းကစ၍ အထူးဦးစားပေး ဆောင်ရွက်လျက်ရှိကာ ယခု ဗဟိုပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကျောင်းသို့ IP networking laboratory လှူဒါန်းခြင်းမှာ အစိုးရအရာထမ်းများအား ICT နည်းပညာများကို လွှဲပြောင်းပေးနိုင်သည့် ချဉ်းကပ်မှုနည်းလမ်းတစ်ခုဖြစ်သလို ထို IP Networking laboratory အနေဖြင့် အစိုးရအရာထမ်းနှင့် ဝန်ထမ်း ၂၀၀ ကျော်အား IP အသိပညာများ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## သထုံမြို့နယ်အား လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ဈေးများ အဆင့်မြှင့်တင်ဆောင်ရွက်မည်




**သထုံ ဇန်နဝါရီ ၅**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ပြည်သူများအနေဖြင့် လွတ်လပ်စွာ ပြောဆိုတင်ပြပြီး ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက်က သထုံမြို့ သုဝဏ္ဏခန်းမ၌ ပြုလုပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက သထုံမြို့နယ်အား လက်ရှိကာလမှစတင်ကာ သုံးနှစ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ဈေးများအဆင့်မြှင့်တင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့တွင်းလမ်းများကို နိုင်လွန်ကတ္တရာခင်းရန် စီစဉ်ပြီးဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ရော်ဘာကို အများဆုံးစိုက်ပျိုးပြီး ဧက ငါးသိန်းခန့်ရှိကြောင်း၊ ရော်ဘာလုပ်ငန်းကို အဆင့်မြှင့်တင်နိုင်ရန် နောက်ဆုံးထုတ်ကုန်အထိ ထုတ်လုပ်နိုင်မည့် စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့ဆောင်ရွက်ပေးမည်ဖြစ်ပြီး အမှန်တကယ် အလုပ်လုပ်သည့် စက်ရုံများကို SME ချေးငွေများ ထုတ်ပေးရန် ဆောင်ရွက်နေကြောင်း၊ ပြည်နယ်အတွင်း နှစ်စဉ်ခရီးသွားဦးရေ လေးသန်းနှင့် ငါးသန်းကြားတွင်ရှိကြောင်း၊ သုံးနှစ်အတွင်း ကျိုက်ထိုမြို့နယ် စစ်တောင်းတံတားထိပ်မှ ရေးမြို့နယ်အထိ လေးလမ်းသွားတည်ဆောက်မည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့က သထုံမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများက တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ၊ မြေယာပြဿနာများ၊ မြို့သာယာလှပရေးကိစ္စရပ်များ၊ လျှပ်စစ်မီးရရှိရေး၊ မူခင်းကျဆင်းရေးစသည့် သိလိုသည်များနှင့် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေး မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

**သက်ဦး (သထုံ)**

## မူခင်းပညာပေးပြခန်းယာဉ်ဖြင့် သဲကုန်းမြို့နယ်၌ လှည့်လည်ပညာပေး

**သဲကုန်း ဇန်နဝါရီ ၅**

သဲကုန်းမြို့နယ်အတွင်း မူခင်းကျဆင်းရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာရရှိစေရန် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုရဲအုပ်အောင်ဇင်မင်းဦး ဦးစီးသော မူခင်းပြခန်းယာဉ်သည် ဇန်နဝါရီ ၂ ရက်က သဲကုန်းမြို့နယ် အင်းမမြို့ အထက်တန်းကျောင်းရှေ့၌ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိုးမိုးဦး၊ စခန်းမှူး ရဲအုပ်စိုးမင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့ပြည်မှ ရဲအုပ်ရဲဝင်းနိုင်တို့က မူခင်းပညာပေးဟောပြောကြရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၆၀ ခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**Fostering of the Agriculture Revitalization in Myanmar Project (FARM)**
**Ministry of Agriculture Livestock and Irrigation**
**AMENDMENT OF CLOSING DATE FOR INVITATION TO QUOTATION (ITQ)**
**Construction of 14 Knowledge Centers**

**Date;3-1-2018**

The eligible contractors are invited to submit Quotations for the construction the Knowledge centers. Each knowledge center constitutes one story brick building of 2448 square foot including water tower,wiring and water closet flush toilets.

The locations of the Knowledge centers are in the Naypyitaw territory Five townships,Pyinmana, Lewe,Tatkone,Zeyatiri and Ottrathiri. There are 14 oids for 14 knowledge centers.

The datail instruction for Invitation to Quotation(ITQ) can be obtained by contacting the office address stated below personally or by email.

**U Thet Naing Oo**
**Tel:067-410227**
**Emails : farmmoai@gmail.com**
**kothetnaingooagri@gmail.com**
**First Floor Extension Building,Office 43, Ministry of Agriculture, Livestock and lrrigation, Nay Pyi Taw**
**Deadline for the submission of the quotation:15 January 2018**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (ကာလတို)တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သည့် ကျောက်ရှယ်စုံ၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို (လုပ်ငန်းခွင်အရောက်) မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** | - | ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့)ရုံးချိန်အတွင်း |
| **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မိတ္ထီလာခရိုင် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - | ၅-၂-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀နာရီ |
| **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်/အချိန်/နေရာ** | - | ၅-၂-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁း၀၀နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မိတ္ထီလာခရိုင် |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက် ပစ္စည်းလိုအပ်ချက်နှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၉-၄၄၈၅၃၃၀၆၄၊**
**၀၉-၃၃၀၀၃၇၁၂**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး မင်းဘူးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန ခုတင် (၂၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး မင်းဘူးမြို့၏ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်အတွက် လူနာများအား ကုသရေးပေးရန် လိုအပ်သော (FDA) အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဆိုင်ရာ ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁-၂၀၁၈ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ မင်းဘူးမြို့၊ ဖုန်း-၀၆၅-၂၁၀၃၇**

---

**ကလေးတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးတက္ကသိုလ်၊ ဇကာဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင် ဓာတ်ပုံရိုက်ကူးရေး လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံနှင့်စည်းကမ်းကို သင်တန်းရေးရာဌာနတွင် ရယူပြီး ၁၁-၁-၂၀၁၈ရက် မွန်းလွဲ ၁း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဓာတ်ပုံတင်ဒါဖွင့်ဖောက်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖုန်း-၀၉-၇၈၂၅၆၂၆၀၆ ထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ကလေးတက္ကသိုလ်**

---

**THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF ELECTRICITY AND ENERGY**
**ELECTRIC POWER GENERATION ENTERPRISE**

**Date: 6th January, 2018**

**Invitation to Bid**
**for**
**Rental Power Generation Plant in Myingyan Region**
**(EPGE G-01/2017-2018)**

1. Electric Power Generation Enterprise (EPGE) seeks to invite tender for the purchasing of electricity on Rental basis in Myingyan Region.
2. The concession period for the power plant shall be 5 (five) years from commercial operation date (COD).
3. The Tender Form fees is Myanmar Kyats 300000/-(Myanmar Kyats three hundred thousand only) and can be purchased at Procurement Department, Electric Power Generation Enterprise, Building 27, Nay Pyi Taw, the Republic of the Union of Myanmar.
4. The bidders shall send the technical and commercial proposal addressed to
   Tender Evaluation Committee
   Electric Power Generation Enterprise,
   Ministry of Electricity and Energy
   Building 27, Nay Pyi Taw
   The Republic of the Union of Myanmar.
5. The bid submission date is 20th February, 2018 at 14:00hr. Myanmar Standard Time.
6. Bidding Proposal must be submitted at the address on time. Any late proposal shall be rejected.
7. The bidders shall make the proposals in accordance with the Invitation for Bid and Supplemental Reauest for Proposal (SRFP).
8. The necessary information of this project tender can be inquired within office hour.

**Attention to**

**Tender Evaluation Committee,**
**Electric Power Generation Enterprise**
**Ph+9598601033, +95678104281, +95968104282**
**Fax +95678104280**
**thermalepge@gmail.com**

---

**THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF ELECTRICITY AND ENERGY**
**ELECTRIC POWER GENERATION ENTERPRISE**

**Date 6th January, 2018**

**Invitation to Bid**
**for**
**Rental Power Generation Plant in Kyaukse Region**
**(EPGE G-02/2017-2018)**

1. Electric Power Generation Enterprise (EPGE) seeks to invite tender for the purchasing of electricity on Rental basis in kyaukse Region.
2. The concession period for the power plant shall be 5(five)years from commercial operation date(COD)
3. The Tender form fees is Myanmar Kyats 400,000/-(Myanmar Kyats four hundred thousand only) and can be purchased at Procurement Department, Electric Power Generation Enterprise, Building 27, Nay Pyi Taw, The Republic of th Union of Myanmar
4. The bidders shall send the technical and commercial proposal address ed to
   Tender Evalutaion Committee
   Electric Power Generation Enterprise,
   Ministry of Electricity and Energy
   Building 27, Nay Pyi Taw
   The Republic of the Union of Myanmar
5. The bid submission date is **20th February, 2018 at 14:00hr.** Myanmar Standard Time.
6. Bidding Proposal must be submitted at the address on time. Any late Proposal shall be rejected.
7. The bidders shall make the proposals in accordance with the Invitation for Bid and Supplemental Request for Proposal (SRFP)
8. The necessary information of this project tender can be inquired within office hour.

**Attention to**

**Tender Evaluaion Committee,**
**Electric Power Generation Enterprise**
**Ph+9598601033, +95678104281, +95968104282**
**Fax +95678104280**
**thermalepge@gmail.com**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း(၈)မြို့နယ်၌ ၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ်၊ တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၁၈)လုံး၊ အခန်းပေါင်း(၂၄၈) ခန်း တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်အတူ စည်းကမ်းချက်များကို ၁၅-၁-၂၀၁၈ရက်မှ ၂-၂-၂၀၁၈ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၅-၂-၂၀၁၈ရက် တစ်ရက်တည်းသာ ရုံးချိန်အတွင်း ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ ၆၆လမ်း(အရှေ့ကျုံးလမ်း)၊ ၁၆×၁၉လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့တွင်ဝယ်ယူ တင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း- ၀၂-၇၅၃၅၀၊ ၀၂-၇၅၁၉၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရမည်းသင်းခရိုင် မြို့နယ်များမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (ကာလတို)တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သည့်ကျောက်အရွယ်စုံ၊ ဘိလပ်မြေ၊ သံချောင်းအရွယ်စုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (လုပ်ငန်းခွင်အရောက်) မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** | - | ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ၊ ရမည်းသင်းခရိုင် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - | ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ |
| **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်/အချိန်/နေရာ** | - | ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ရမည်းသင်းခရိုင် |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၉-၄၀၂၅၀၁၆၂၂**

---

**ပျောက်ဆုံး**

ဒေါ်တီလ်သန်း ၄/ဟခန(နိုင်)၀၃၃၉၇၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၁၅၄၉၁**

---

**ဖခင်အမည်မှန်**

ကျောက်ပန်းတောင်းမြို့ အမှတ်(၁)အထက နဝမတန်း(J)မှ မအိသူဇာ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအီ ၉/ကပတ(နိုင်)၁၅၅၂၆၅ ဖြစ်ပါကြောင်း။ **ဦးအီ**

---

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/8109 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/8109 Zoom-Lion Goncoete Pump(4) L ယာဉ်လက်ဝယ်ရှိသူ မင်းအောင်ကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မမ

**အသက်(၉၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ(ဦးဖေကြီး)၏ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦး-ဒေါ်ခင်မာဝင်း**

**အကျဉ်းဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်အေး(ဝဲလောင်) အသက်(၉၁)နှစ်

ဦးမျိုးတင့် (ကော်မတီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)(ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်)-ဒေါ်ချိုချိုမြင့်တို့၏ မိခင်ဖြစ်သူ ရဟန်း၊ ကျောင်းဒါယိကာမကြီး ဒေါ်တင်အေး အသက်(၉၁)နှစ်သည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၀၀း၂၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဘဏ်ဝန်ထမ်းမိသားစုများ**

**နေပြည်တော်စည်ပင်ဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်တင်အေး (ဝဲလောင်)

**အသက်(၉၁)နှစ်**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ဦးမျိုးတင့်-ဒေါ်ချိုချိုမြင့်တို့၏မွေးသမိခင် ဒေါ်တင်အေးသည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနကြီးမှူး(ထုတ်လုပ်ရေး)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ထုတ်လုပ်ရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**နေပြည်တော်ဘိလပ်မြေစက်ရုံ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**နေပြည်တော်အုတ်စက်ရုံ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်အေး (ဝဲလောင်)

**အသက်(၉၁)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ (ဗိုလ်ကြီးအောင်မြင့်)၏ ချစ်လှစွာသောဇနီး၊ ဦးမျိုးတင့် (ကော်မတီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ချိုချိုမြင့်တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသစ္စာနှင့်ဒေါ်ခင်ခင်လေး**

**Art Wave Group မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်အေး (ဝဲလောင်)

**အသက်(၉၁)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ (ဗိုလ်ကြီးအောင်မြင့်)၏ ချစ်လှစွာသောဇနီး၊ ဦးမျိုးတင့် (ကော်မတီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ချိုချိုမြင့်တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသစ္စာ(ခ)လီဘိုဘို**

**ဥက္ကဋ္ဌ**

**မြန်မာနိုင်ငံဂူရှုံးအဖွဲ့ချုပ်**

**ရဟန်း၊ သိမ်၊ ကျောင်း၊ အလှူဒါယိကာမကြီး**

### ဒေါ်စိန်လှိုင်

**အသက်(၇၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နေ (ဦးကျင်ဟုတ်-ဒေါ်ကျင်မွေး)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးအေးဖေ-ဒေါ်သန်းကြည်)တို့၏သမီး၊ [ဦးကြိုင်လွင်(ခ)ဦးမောင်မောင်]၏ဇနီး၊ ဦးခင်မောင်အေး-(ဒေါ်ခင်မာရီ)၊ ဦးသန်းဇော်-ဒေါ်ခင်မာလွင်၊ ဦးမောင်ကြီး-ဒေါ်ခင်မာစိုး၊ သူရမောင်မောင်-မလှဲ့ဝတ်ရည်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၃-၁-၂၀၁၈ရက် ည ၁၁း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ လမ်းမတော်မြို့နယ်၊ လမ်းမတော်အောက်လမ်း၊ အမှတ် ၈၁၊ ညောင်ပင်လေးဈေးအနီးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စောရွှေ

**အသက်(၅၉)နှစ်**

75-81 RIT Welfare Group မှ 81 Batch Petroleum ဦးစိုးဝင်း(MOGE-ငြိမ်း)၏ဇနီး ဒေါ်စောရွှေသည် ၃၀-၁၂-၂၀၁၇ရက်(စနေနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75-81 RIT Welfare Group, All Major မှ သူငယ်ချင်းများ**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

### ဦးမျိုးမင်း

**အသက်(၉၄)နှစ်**

ဦးဇော်(ခ)ဦးခင်ဇော် (General Manager, Shwe Pyi Nann Thanakha Museum, Hotel and Plantation)၏ ကျေးဇူးရှင်မွေးသဖခင်ကြီး ဦးမျိုးမင်း အသက်(၉၄)နှစ်သည် ၇-၁-၂၀၁၈ရက်တွင် တစ်လပြည့်ခဲ့ပြီ ဖြစ်သော်လည်း ကျန်ရစ်သူမိသားစုနှင့်ထပ်တူလွမ်းဆွတ်သတိရပါကြောင်း။

**ရန်ကုန်ရွှေပြည်နန်းတပည့်များ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သောင်းသောင်းမြင့် အသက်(၈၇)နှစ်

**(ကြည့်မြင်တိုင်-မော်ဘီမြို့)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်နေ (ဘိအိုင်ဦးထွန်းဖေ-ဒေါ်နွယ်)တို့၏သမီး၊ (သတင်းစာဆရာကြီး သံတော်ဆင့် ဦးသိမ်းမောင်-ဒေါ်အုန်းသင်)တို့၏သမီးချွေးမ၊မော်ဘီမြို့၊ တပ်ကြီးကုန်းကျေးရွာ၊ စာဖြူစုရပ်ကွက်၊ ဘောဂဗလလမ်း၊ အမှတ် ခ/၁၀၉နေ[ဗိုလ်မှူးကြီးအောင်မြင့်(လေထီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးဇော်ဟိန်းမြင့်-ဒေါ်ငွေးယဉ်၊ ဦးထိန်လင်းမြင့်-ဒေါ်မြင့်မြင့်ဦး၊ ဗိုလ်မှူးချုပ်ခင်ဇော်ဝင်း(ငြိမ်း)-ဒေါ်သွယ်သွယ်မြင့်၊ ဦးအောင်ဇေမြင့်-ဒေါ်ခင်မာမာ၊ (ဦးသန့်ဇင်မြင့်)-ဒေါ်ခင်မိမိချို၊ ဦးကျော်အောင်မော်-ဒေါ်နွယ်နွယ်မြင့်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၄-၁-၂၀၁၈ရက်(စနေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၈ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ မော်ဘီမြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးတင်မောင်ဝင်း အသက်(၈၄)နှစ်

**လဝက ခရိုင်ဦးစီးမှူး(ငြိမ်း)**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ သီဂီလမ်း၊ အမှတ် ခ-၄၃နေ (ဦးခင်စီ-ဒေါ်တင်)တို့၏သား၊ (ဒေါ်ကျင်ကီး)၊ (ဒေါ်လှလှမြိုင်)တို့၏ချစ်လှစွာသောခင်ပွန်း၊ နေပြည်တော်နေ ဗိုလ်မှူးချုပ်ဝင်းမောင်-ဒေါ်နန်းလိတ်လိတ်၊ ဒေါ်ခင်အေးဝင်း (လက်ထောက်၊ လဝကမှူး)၊ ဦးဇော်ဝင်းထိုက်-ဒေါ်တင်တင်ဝင်း၊ ဦးစိုးမြင့်(S.A.E)(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာဌာန)-ဒေါ်သီဂီဝင်း၊ ဦးကြည်ငွေး-ဒေါ်ခင်လေးဝင်း၊ ဦးအာကာအောင်(တပ်မတော်-ရေ)-ဒေါ်ခင်သန့်ဝင်း၊ ဦးရဲမင်းဝင်း-ဒေါက်တာယုစန္ဒာစိုးအောင်(မြင်းခြံ စက်မှုလက်မှုအထက်တန်းကျောင်း)၊ (ဦးထွန်းမင်းဝင်း)-ဒေါ်ကြူကြူဝင်း(သံမဏိစက်ရုံ)၊ ဦးကျော်ခိုင်မင်း-ဒေါ်ဇင်မင်းဝင်းတို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၀၅နာရီ ကွယ်လွန်သွားပါ၍ ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ပြင်ဦးလွင်ရှစ်မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးတင်မောင်ဝင်း

**လ.ဝ.က ခရိုင်ဦးစီးဌာနမှူး(ငြိမ်း)**

**အသက်(၈၄)နှစ်**

သူငယ်ချင်း ဗိုလ်မှူးချုပ်ဝင်းမောင်၏ ချစ်လှစွာသောဖခင်ကြီး ဦးတင်မောင် အသက်(၈၄)နှစ်သည် ၃-၁-၂၀၁၈ရက် နံနက် ၂း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ရှုထိန် (မြိတ်မြို့)

**အသက်(၈၀)**

မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၆၅နေ ဦးအစင်း-ဒေါ်ရွှေမြို့တို့၏သမီး၊ ဒေါ်ရှုလွမ်၊ ဦးနောင်နီ-ဒေါ်ရှုပို၊ ဒေါ်ရှုကြူ၊ ဒေါ်ရှုတင်၊ ဦးချွေးဖြူ-ဒေါ်တင်တင်ထွေး၊ ဒေါ်ခင်မြမူ၊ ဦးချွေးနီ-ဒေါ်သင်းသင်းလှိုင်၊ ဦးစိုးအောင်-ဒေါ်ခင်မြဝင်း၊ ဒေါ်အေးအေးသိန်း၊ ဦးသောင်းထိုက်-ဒေါ်စီစီထွေးတို့၏အစ်မ၊ တူ၊ တူမ ၁၁ယောက်တို့၏ကြီးကြီးသည် ၅-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၁း၁၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ရှုထိန် (မြိတ်မြို့)

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၆၂-ဘီနေ(ဦးသာအိမ်-ဒေါ်သာမယ်)တို့၏သမီးချွေးမ၊ (ဦးအစင်းသ-ဒေါ်ရွှေမြို့)တို့၏သမီး၊ (ဦးစိုးတင့်)၏ချစ်လှစွာသောဇနီး၊ ဦးတင်မောင်ထွဋ်-ဒေါ်သင်းသင်းစိုးတို့၏မိခင်၊ ကိုသန့်ဇင်၊ မမဒီမြတ်ပန်းတို့၏အဘွားသည် ၅-၁-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁း၁၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်မြစန်း

**(တောင်ကုတ်)**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၄ လမ်း၊ ပထမထပ်နေ(ဦးညီတင်)၏ဇနီး၊ (ဦးသန်းရွှေ)-ဒေါ်မိမိခိုင်၊ဒေါ်နီလာခိုင်၊ ဒေါ်သန္တာခိုင်၊ ဦးသျှားကိုကို-ဒေါ်ခိုင်ယဉ်မွန်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၅-၁-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### မောင်မင်းသူဟိန်း

**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၀၈နေ (ဦးသီဟကျော်သူ)-ဒေါ်ဇင်မေထွန်း(ရုံးအုပ်၊ထုတ်လုပ်ရေးဌာန၊ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ) တို့၏သားသည် ၄-၁-၂၀၁၈ရက် ည ၁၀း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းတင်

**Katherine Teoh**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၈၂/၈၄နှင့်လမ်းမတော်မြို့နယ်၊ဘုန်းကြီးလမ်း၊ အမှတ် ၉၄/၉၆ (ဒုတိယထပ်)နေ [ဦးမောင်မောင် - ဒေါ်စန်းရင် (ခ) ဒေါ်ဘီး]တို့၏သမီး၊ (ဦးဟုတ်စိန်-ဒေါ်မြမေ)တို့၏သမီးချွေးမ၊ (ဦးအုန်းဖေ)၏ဇနီး၊ ဒေါ်ခင်မော်မော်၊ ဦးတင်ထွန်းနိုင်တို့၏ မိခင်သည် ၅-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၄း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဘုန်းကြီးလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးနေဝင်း

**အသက်(၅၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ အနောက်ပိုင်းကျပ်ပြင်ဈေးရပ်နေ(ဦးမောင်လွန်း-ဒေါ်သိန်းရှင်)တို့၏သား၊ ကျပ်ပြင်မြို့မရပ်နေ(ဦးရွှေရိုး-ဒေါ်အုံးခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက်အမှတ် ၅/၅၀၂နေ ဒေါ်နှင်းရီ၏ခင်ပွန်း၊ မောင်ကျော်စွာလင်း-မသင်ဇာငြိမ်း၊ မောင်ဟိန်းသူ-မခိုင်ဟန်နီ၊မောင်ရဲထွဋ်ဝင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်တေဇဟန်သူ၊မမီမီဟန်သူ၊ မောင်အောင်သူရိန်ဗိုလ်တို့၏အဘိုးသည် ၅-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးဝင်းကိုလှိုင်

**အသက်(၄၂)နှစ်**

တာချီလိတ်မြို့နေ ဦးမြင့်ဆွေ-ရန်ကုန်မြို့နေ ဒေါ်စိုးစိုးဝင်းတို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာ ၁၉လမ်း၊အမှတ်(၉၀၀/က)နေ ဦးခင်မောင်စီ၊ ဒေါ်နွယ်နွယ်တို့၏ သားသမက်၊ ဒေါ်ဝေဝေသော်၏ခင်ပွန်း၊ မထက်ထက်မြတ်၊ မောင်အောင်ကျော်ကျော်ခန့်တို့၏ဖခင်၊ ဦးနေလင်း(USA)၊ ဦးကျော်စိုး(ခ)ဦးကောင်းမြတ် (USA)တို့၏အစ်ကိုသည် ၅-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။]

ကျန်ရစ်သူမိသားစု

### မောင်တိုးအောင်ရှီ

**B.Tech (Mechanical)**

**Aung Gyi Group of Company**

**အသက်(၂၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သစ်ယာလမ်း၊ အမှတ် ၂၀နေ (ဦးသြသောင်း) - ဒေါ်ညိုညိုငွေးတို့၏သား၊ ဗိုလ်ကြီးထက်ထွန်းဝေ (D.S.M.A)-ဒေါ်သဥ္ဇာနွယ်(ဧရာဝတီဘဏ်)၊ကိုသူရအောင်၊ကိုထူးရာဇာကျော်-မပွင့်ဇာအေးတို့၏ညီ၊ မောင်ဟိန်းသင်္ဂါအောင်၏ လေးလေးသည် ၅-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၃း၃၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်

**သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ကျီကျေးရွာအုပ်စု၊ ချောင်းနားကျေးရွာ၊ ချောင်းနားအလယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတသည်(၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်) (ကြာသပတေးနေ့)ညနေ ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) ၆-၁-၂၀၁၈ရက်(စနေနေ့)တွင် မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပြီး (ပြာသိုလပြည့်ကျော် ၉ရက်) ၁၀-၁-၂၀၁၈ရက်(အင်္ဂါနေ့)တွင် အဋ္ဌိမအင်္ဂါရုပ်ပနအခမ်းအနား ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ချောင်းနားအလယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးသောင်း အသက်(၈၆)နှစ်

**B.S.Cer.Engg (U.S.A), KERAMOS (Missouri Chapter,57)**

**(ဒု-ညွှန်မှူး၊ စက်မှု ကြွေ/မြေ)(အငြိမ်းစား)**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးဆင်-ဒေါ်ကျင်မယ်)တို့၏သား၊ ရွှေလောင်းမြို့နေ ဒေါ်မြကြည်၏မောင်၊ ရန်ကုန်မြို့နေ (ဒေါ်တင်တင်လွင်)၊ ဒေါ်ငွေးငွေးဦး(Ex-ဌာနခွဲမှူး၊ စက်မှုကြွေ/မြေ)တို့၏ခင်ပွန်း၊ ဦးစိုးမြတ်(B.E, Mechanical)-ဒေါ်သီသီဆွေ(စင်ကာပူ)၊ဒေါ်ချိုချိုသောင်း(B.E, Mechanical)-ဦးမေအောင်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်သီတာသောင်း(B.Sc,Botany Q)၊ ဦးကျော်ကျော်စိုး(B.E,Mechanical)(Zeya & Associates Co.,Ltd)-ဒေါ်ခိုင်ဟေမာန်လွင်၊ ဦးဇော်ဇော်ထွန်း(B.E, Mechanical)-ဒေါ်ခိုင်သဥ္ဇာဝင်း(စင်ကာပူ)တို့၏ဖခင်၊ မစိုးသီရိဆွေ(စင်ကာပူ)၊ မောင်ကျော်ဇေယျာဝင်း(စင်ကာပူ)၊ မသီရိမေဇင်(ရန်ကင်း TTC)၊ မောင်ဝေယံကျော်စိုး(ရန်ကင်း TTC)တို့၏အဘိုးသည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ မြေနုလမ်း၊ အမှတ် ၃၃၊ အခန်း C-2၊ ပထမထပ်နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးသောင်း (ဝါးခယ်မ)

**(ဒု/ညွှန်ကြားရေးမှူး၊ စက်မှု-ကြွေ/မြေ)(ငြိမ်း)**

**B.Sc. Cer.Engg. (U.S.A),**

**KERAMOS (Missouri Chatpter, 57)**

**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးဆင်-ဒေါ်ကျင်မယ်)တို့၏သား၊(ဦးလှကြည်)၊(ဦးသိန်းမြင့်)၊ ရွှေလောင်းမြို့နေ ဒေါ်မြကြည်၊ (ဦးစိန်ကြည်)၊ (ဒေါ်အေးရင်)တို့၏ညီ/မောင်၊ (ဦးစိန်ရှန်)၏အစ်ကို၊ ရန်ကုန်မြို့နေ (ဒေါ်တင်တင်လွင်)၊ ဒေါ်ငွေးငွေးဦး(Exဌာနခွဲမှူး၊ စက်မှု-ကြွေ/မြေ)တို့၏ခင်ပွန်း၊ ဦးစိုးမြတ်(B.E. Mechanical) (Hitachi Aqua Tech Engrg-Pte Ltd)-ဒေါ်သီသီဆွေ(စင်ကာပူ)၊ ဒေါ်ချိုချိုသောင်း(B.E-Mechanical) - ဦးမေအောင်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်သီတာသောင်း(B.Sc Botany Q)၊ ဦးကျော်ကျော်စိုး(B.E-Mechanical)(Zeya & Associates Co.,Ltd.)-ဒေါ်ခိုင်ဟေမာန်လွင်(စာပေဗိမာန်၊ ငြိမ်း)၊ ဦးဇော်ဇော်ထွန်း(B.E-Mechanical)( ESCO Micro Pte Ltd)-ဒေါ်ခိုင်သဥ္ဇာဝင်း(စင်ကာပူ)တို့၏ဖခင်၊ မစိုးသီရိဆွေ(စင်ကာပူ)၊ မောင်ကျော်ဇေယျာဝင်း(စင်ကာပူ)၊ မသီရိမေဇင်(ရန်ကင်း TTC)၊ မောင်ဝေယံကျော်စိုး(ရန်ကင်း TTC)တို့၏အဘိုးသည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၈ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန် မြေနုလမ်း၊ တိုက် ၃၃၊ အခန်း 02၊ ပထမထပ်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဦးမင်းအောင်(ခ)ဦးအောင်နီ

**(မူအုပ်-ငြိမ်း)**

**အသက်(၆၉)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားလွင်ကျေးရွာနေ (ဦးထွန်းမြစ်)-ဒေါ်လေးရှင်တို့၏သား၊ ပုပ္ပားမြို့၊ အလယ်ရပ်နေ (ဦးမိုးယံကောင်း-ဒေါ်မြခင်)တို့၏သားသမက်၊ ဒေါ်မြင့်တင်၏ခင်ပွန်း၊ ဒေါ်ထူးထူးအောင်(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ မိုးထွန်းအောင်(တကကက/စရ)-မနှင်းယုယုလှိုင်(MFTB)၊ ကိုလင်းထိန်(MFTB)-မချောစုအောင်(MFTB)၊ ဗိုလ်မှူးထင်အောင်ခန့်-မမေသူဇာမိုးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ပုပ္ပားမြို့ မယ်စီအိုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးယဉ်ဆန်း

**B.A (History), 2nd MATE (F.G)**

**CDC-23248**

**အသက်(၅၇)နှစ်**

(ဦးအုန်းကျော်-ဒေါ်ကြည်ညွန့်)တို့၏သား၊ ဦးပန်းစိန်-(ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၄)ရပ်ကွက်၊ ဘိုးရာဇာ(၁)လမ်း၊ အမှတ် ၈၃၆နေ ဒေါ်စိုးစိုးဝါ(အထက-၆၊ မြောက်ဥက္ကလာပ ရွှေပေါက်ကံ)၏ခင်ပွန်း၊ မန္တလေးမြို့နေ ဦးမျိုးမြင့်-ဒေါ်ဇင်မာဖြူ၊ ဦးသန်းအောင်(မထသဥက္ကဋ္ဌ)-ဒေါ်ယဉ်မာညိုတို့၏ညီ/မောင်၊ ဒေါ်စိုးစိုးမာ(ကထိက၊တောင်ဂူပညာရေးကောလိပ်)၊ ဒေါ်စိုးမြတ်ထွေး၊ ဦးနေလင်းစိုး (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်)-ဒေါ်ဝင်းဝင်းထွေးတို့၏အစ်ကို၊ ဒေါ်သက်ဖြူဖွေးခိုင်(အထက-ခွဲ၊ ရဲမွန်)၊ မနှင်းပွင့်သီရိ(2nd Yr B.com)တို့၏ဖခင်၊ ကိုအောင်ကျော်ကျော်-မစိုးမိုးခိုင်၊ ဒုရဲအုပ်အောင်ကိုကျော်ကျော်၊ ကိုထွန်းထွန်းဦး-မမိုးမြင့်မြင့်စိုး၊ မသန့်ဖြူဝင်းလဲ့တို့၏ဦးလေး၊ မောင်ကောင်းဝေလျှံထွန်း၏အဘိုးသည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၈း၁၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၈ရက်(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုတရားသူကြီးချုပ် စင်ကာပူနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Ms. Vanessa Chan Yuen Ying အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေနယ်ပယ်နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သံအမတ်ကြီးနှင့်အတူ Deputy Chief of Mission & Counsellor Mr. KOH Chee Chian တက်ရောက်ပြီး ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးသာဌေး၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊ ဦးမျိုးတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# MFF Charity Cup ပြိုင်ပွဲအဖြစ် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

၂၀၁၈ ရာသီကြိုပြိုင်ပွဲဖြစ်သည့် MFF Charity Cup ပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရန်ပုံငွေအဖြစ် ကျင်းပမည်ဖြစ်သောကြောင့် ပရိသတ်အများအပြား လာရောက်အားပေးရန် ဖျော်ဖြေရေးအစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ်များဖြင့် ခမ်းနားစွာ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲမှာ အမှတ်ပေးချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းတို့ ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး ပြီးခဲ့သည့် ရာသီတွင် *စာမျက်နှာ ၁၀ ကော်လံ ၁* ❍



၂၀၁၇ ရာသီတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်း တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာဖူဆယ်အသင်း ထိုင်းကလပ်အသင်းနှင့် ခြေစမ်းပွဲတွင် အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၅**

ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက ထိုင်းဖူဆယ်ကလပ် Cat အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင် ရခဲ့သည်။ မြန်မာဖူဆယ်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသော်လည်း ဒုတိယပိုင်းတွင် ဂိုးများထပ်မံသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ခင်ဇော်လင်းက မြန်မာအသင်းအတွက် ပထမဂိုးသွင်းယူခဲ့သော်လည်း ချေပဂိုးပြန်ပေးခဲ့ရသလို ပြည့်ဖြိုးမောင်-၃ က နောက်တစ်ကြိမ် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးထပ်ပေးခဲ့ရသည်။ နှစ်ဂိုးစီ သရေကျပြီးနောက်ပိုင်းတွင် နှစ်သင်းစလုံးအနိုင်ရရန် အားထည့်ကစားလာခဲ့ပြီး ခင်ဇော်လင်းက အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

**ခြေစမ်းပွဲသုံးပွဲ ထပ်မံကစားမည်**

မြန်မာဖူဆယ်အသင်းသည် ခြေစမ်းပွဲသုံးပွဲထပ်မံကစားမည်ဖြစ်ပြီး ဇန်နဝါရီ ၇ ရက်တွင် ထိုင်းကလပ် Tha Kham အသင်း၊ ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တွင် ထိုင်းယူ-၂၃ အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

**ဖိုးသော်ဇင်**



သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်း ယှဉ်ပြိုင်ကစားနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# KBZ Bank Women's League ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်းအနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၂) နောက်ဆုံးနေ့အဖြစ် သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်းသည် ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းက ငါးဂိုးပြတ် အနိုင်ရခဲ့သည်။

အဖွင့်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် သရေကျခဲ့သည့် သစ္စာအားမာန်အသင်းသည် ယခုပွဲတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး သုံးမိနစ်တွင် နော်အားလိုဝါးဖောက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် သစ္စာအားမာန်အသင်းက ဆက်တိုက် ဖိကစားခဲ့သော်လည်း ပထမပိုင်းတွင် တစ်ဂိုးသာထပ်ရခဲ့ပြီး ၃၈ မိနစ်တွင် ခင်မိုးဝေက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် သစ္စာအားမာန်အသင်းက ဂိုးထပ်ရရန် အားထည့်လာခဲ့ပြီး ၆၂ မိနစ်တွင် ခင်မိုးဝေ၊ ၆၄၊ ၆၆ မိနစ်တွင် နီလာဝင်းတို့က ဂိုးများ ထပ်မံသွင်းယူပေးခဲ့သည်။

ပွဲစဉ်(၂)အပြီးတွင် အား/ကာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းက ခြောက် မှတ်စီ၊ မြဝတီနှင့် သစ္စာအားမာန်အသင်းတို့က လေးမှတ်စီ၊ အား/ကာသိပ္ပံနှင့် YREO အသင်းတို့က တစ်မှတ်စီ၊ ဂန္ဓမာနှင့် တက္ကသိုလ်အသင်းတို့က အမှတ်မရသေးပေ။

**ရဲရင့်ရှိုင်း**




